
တက္ကသိုလ်

# ယခုယခုလဲ

## ကျိုးပဲ့သွားသောမာယာများ



စာမူခွင့်ပြုချက်အမှတ် ♦ ၁၂၉၀/ ၂၀၀၁(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ♦ ၁၀၁၄/ ၂၀၀၁(၁၂)

၂၀၀၂ခုနှစ်၊
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၀/-

**ပုံနှိပ်သူ**
ဦးမြင့်သန်း(မြ-၀၄၉၀၂)
စံပယ်အော့ဖ်စက်
၁၃၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်။

**ထုတ်ဝေသူ**
ဦးတင့်လွင်(ခ)သော်က၊ ဆော်ကာစာပေ
အမှတ်(၆၀၅)၊ သုမင်္ဂလာလမ်း၊ မြောက်ဥက္ကလာပ
ရန်ကုန်မြို့။

# တက္ကသိုလ်ယဉ်ယဉ်လဲ့

၏

# ကျိုးပဲ့သွားသောမာယာများ



BURMESE CLASSIC

☼ ကျွန်မဘဝမှာ လိမ်ညာလှည့်စားမှုများကို ခံစားလိုက်ရတာ ဘယ်လောက်များ ဝမ်းနည်းရက်ရွှဖို့ ကောင်းလိုက်ပါသလဲ။

☼ ကျွန်မ၏ ချစ်ခြင်းမေတ္တာ၊ ကျွန်မ၏ သံယောဇဉ် နှောင်တွယ်မှုတွေကိုပါ အခေါ်ကားခံလိုက်ရတာလေ။

☼ နှစ်ရှည်စွာ မျိုးသိပ် လွှမ်းဆွတ်ခဲ့ရသော ချစ်ခြင်း မေတ္တာသည် မုန်းတီးဖွယ်ရာများသာ ဖြစ်ခဲ့ရတော့သည်။

☼ ကျွန်မကို ရက်စက်စွာ စွန့်ပစ်ခဲ့သူ၏ နှလုံးသားကို အပြစ်ဒဏ်တစ်ခုခုတော့ ပေးခဲ့ချင်ပါသည်။

# ၁။

"ကျွတ် . . . ဖိနပ်များ ပြတ်မလားကွာ၊ ဖြည်းဖြည်းလျှောက်မှ"

သူ့ရင်ထဲမှ ပြောနေခြင်းဖြစ်သည်။ ဟောင်းနွမ်းစုတ်ပြတ်နေသော သူ့ကတ္တီပါဖိနပ်ပါးလေးကို ကြည့်ရင်း ကျောင်းလခပင် မှန်မှန်ပေးရန် အခက်အခဲ ဖြစ်နေချိန်မှာ သည်ဖိနပ်လေး ပြတ်သွားလို့ မဖြစ်သေးဟု

စဉ်းစားကာ၊ ဖြည်းဖြည်းချင်း လျှောက်နေသည်။

ထိုစဉ်ပင် သူ့အနီးသို့ ကားတစ်စီး ထိုးရပ်လိုက်သည်ကို သတိပြုမိ၏။

"မောင်"

သည်အသံကို သူသိ၏။

ကြားနေကျ သူ့အချစ်မွန်လေး၏ အသံမှန်းသိတော့ သမင်လည်ပြန် ကြည့်ဖြစ်သည်။

"မောင် ကားပေါ်တက်"

မွန်၏ မျက်နှာပြုံးရွှင်နေပါသော်လည်း သူ၏မျက်နှာကား မှုန်တေတေဖြစ်နေမည်ကို သိသည်။

"မောင် တက်လေကွာ"

"မောင်မလိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ မောင်"

"မလိုက်ချင်လို့ မလိုက်တာ"

ခပ်ဆတ်ဆတ်ပြောလိုက်သံသည် မွန့်အတွက်



တစ်စုံတစ်ခု ခံစားဖြစ်လေမည်လား။

မောင့်မျက်နှာ မှုန်တေတေကို ကြည့်ရင်း မွန်ဘာမှ ပြောမနေပါလေ။

မွန်စိတ်ဆိုးသွားတာ နေသည်လေ။

"ငါ ဘယ်လိုမှ နားမလည်နိုင်ဘူးဟာ၊ မောင်ဘာကြောင့် ငါ့ကားကို မစီးတာလဲ"

"ရှင်မှမသိရင်၊ ကျွန်မတို့ ဘယ်လိုသိမှာလဲ၊ တွေ့ပြီးမေးကြည့်ပေါ့"

ဝေဝေကပြောသည်။

"မင်းမောင်က အဲဒီလိုပါပဲ၊ တစ်ခါတလေ နားလည်ရခက်တယ်"

သင်းသင်းက မောင့်အကြောင်း ဝေဖန်သည်။

"မင်းမောင်ကို လိုက်ရှာရအောင်"

"မရှာနဲ့တော့၊ ဝင်းသိန်းတို့နဲ့ တွေ့ပြီးပြီ သည်နေ့ အတန်းမတက်ဘူးဆိုပြီး ထွက်သွားတယ်တဲ့၊

သူတို့ မေးတော့လည်း အဖြေက ဝေ့လည် ကြောင်ပတ်တဲ့''

''သူ့အိမ်နဲ့ အဆင်မပြေ ဖြစ်လာသလားမှ မသိတာ''

မွန်က ဖာဖာထေးထေးလေးပြောသည်။

''အေး ... ဒါလည်း ဖြစ်နိုင်တာပဲ''

သင်းသင်းထောက်ခံသည်။

''မပြောကြနဲ့တော့ဟာ၊ ကြည်လင်နေတဲ့ နေ့လေးကို မုန်တိုင်းထန်အောင် လုပ်လိုက်သလိုပဲ''

ပြောသာပြောလိုက်ရသည်။ မွန့်စိတ်ထဲတွင် ချစ်သူကို တွေ့ချင်နေမိသည်။

မောင် ဘယ်ရောက်နေသလဲ၊ တွေ့လို့ကတော့ ဒေါသစကားလေးတွေကို ဖွင့်အန်ပြီး မောင် ချော့တာကို ခံလိုက်မယ်ဟု စိတ်ထဲ တွေးမိလိုက်တွင် မောင့်ကို တွေ့ချင်စိတ်တို့ ပိုပြီးပြင်းထန်လာသည်။



''လာ ဟာ ရှိတတ်တဲ့ နေရာတွေကို လိုက်ရှာရအောင်''

မွန်ပြေးပြီး စာသင်ခန်းမှ ထွက်သည်။

သင်းသင်းနှင့် ဝေဝေတို့လည်း မနေသာဘဲ မွန့်နောက်သို့လိုက်ကြ၏။

# ၂။

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဓါတ်လှေကားနေရာမှ ဆန့်လျင်ဘက်ဆီသို့ မောင်မျှော်ကြည့်နေမိသည်။

မင်းနန္ဒာနှင့် ရှင်မွေ့နွမ်းတို့၏ ချစ်ဇာတ်လမ်းကို သတိရ၏။

လူချင်းမပေါင်းဆုံရပါဘဲ၊ သန်လျင်ဟိုဘက်

ကမ်းဆီမှ မီးရှို့၍ ထွက်ပေါ်လာသော မီးခိုးနှင့် ရန်ကုန်သည်မှာ ဘက်ကမ်းဆီမှ မီးရှို့၍ ထွက်ပေါ်လာသော မင်းနန္ဒာ၏ ရုပ်အလောင်းမှ မီးလုံးတို့ ကောင်းကင်တွင် တွေ့ဆုံပေါင်းသင်းရသော အဖြစ်သည် ရင်နှင့် ဖွယ် ချစ်ဇာတ်လမ်းလေးအဖြစ် တွင်ကျန်ရစ်၏။

သေလွန်ပြီးမှ မီးခိုးချင်းပေါင်းစုံတွေ့ရတာ ဘယ်လိုများ ထူးတော့မှာလဲ။

မသေလွန်မီ ချစ်ကြင်နာတွယ်တာကြတာ မကောင်းပေဘူးလား ဟု မောင် ပြောင်းလဲတွေးဖြစ်သည်။

အတွေးများ ဟိုတစ်စ သည်တစ်စဖြစ်နေရာမှ မွန်ထံသို့ အတွေးက ဖျတ်ခနဲ ရောက်သည်။

မွန်တစ်ယောက် သူ့ကို စိတ်ဆိုး စိတ်ကောက် ဖြစ်နေမည်မှာ သေချာသည်။

ချစ်သူကို စိတ်ညစ်နွမ်းအောင် ပြောဆိုမိခြင်း



အတွက် စိတ်ထဲ နောင်တရသလိုလိုဖြစ်၏။

တကယ်ဆို ဟိုသည်အကြောင်းပြ၍ အေးဆေးစွာ ငြင်းဆိုစကားပြောလျှင်ရ၏။

သူ့အပြောအဆို မတတ်မှုကြောင့် မွန့်ရင်ကို တမင် နာကျင်အောင် လုပ်လိုက်သည်နှင့် တူသည်။

သူ မှားသွားပြီ။

သူ့တွင် ပစ္စည်းဥစ္စာဓနနှင့်ပတ်သက်၍ ဆတ် ဆတ်ထိမခံနိုင်သော စိတ်ရှိသည်။

ဒါပင် သူ၏ ရှုံးသွပ်ခြင်း တစ်မျိုးပေလား။

၄

သစ်ရွက်ခြောက်လေး တစ်ရွက် စားပွဲပေါ်သို့ ကြွေဆင်းလာသည်ကို စူးစိုက်စွာ ကြည့်မိချိန်မှာပင် ဝင်းသိန်းတို့သုံးယောက် ရောက်လာကြသည်။

ဝင်းသိန်းက စီးကရက်ကို ပါးစပ်ထဲတပ်ပေးမှ စကားအပြောရပ်ကြသည်။

ဝင်းသိန်းက မီးညှိဖွာရင်း မွန်မောင်းလာတဲ့ ကားကို မစီးတာ ဘာကြောင့်လဲဟု မေးဖြစ်အောင်မေးလိုက်သေးသည်။

"ငါကွာ၊ ငါ့အစ်ကိုရဲ့ အဖြစ်ကို ကြည့်ပြီး ပိုက်ဆံရှိတဲ့ မိန်းမကို ကြောက်တယ်"

"ဘာဆိုင်လဲ"

''ပိုက်ဆံရှိတဲ့ မိန်းမနဲ့ရတော့ ငါ့အစ်ကိုက အရမ်းကို အနှိမ်ခံရတာ၊ မင်းတို့က ကြောင်တယ်လို့ ပြောရင် ငါခံရမှာပဲ၊ မွန်မောင်းတဲ့ကားကို လိုက်စီးရင် သူ ဦးဆောင်တဲ့ ခရီးကို လိုက်နေရတယ်လို့ သတ်မှတ်မိလို့ အဲဒါကြောင့်''

''ကြောင်တယ်လို့ မပြောတော့ပါဘူးကွာ၊ မင်းကိုမင်း သိရင်ပြီးတာပဲ''

ဝင်းသိန်းက ပြောဖစ်အောင် ပြောလိုက်သေးသည်။

''ကိုယ့်ချစ်သူ မောင်းတဲ့ကားကို ဘေးကနေ အငြိမ့်သား ထိုင်စီးရင်း မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ပြီး ကြည်နူးဖြစ်လိုက်ရမှာ''

မှားတယ်၊ မှန်တယ်ဆိုတဲ့ စကား သူမဆိုဖြစ်တော့ပါဘဲ၊ အဝေးဆီအကြည့်ကို ပို့လိုက်၏။

ရင်ထဲ နိုစင်နေသော အတိတ်ဆီမှ အစ်ကို



မြတ်ကျော်နှင့် ပတ်သက်ဖူးသည့် အကြောင်းအရာများကို မမေ့ဖြစ်ခဲ့ခြင်းသည် မှားယွင်းသော စွဲလမ်းမှု တစ်ခုဖြစ်နေသလားဟု သံသယအတွေးကို သူတွေးဖြစ်၏။

လက်တွင် ပတ်ထားသော နာရီကို ကြည့်ရင်း ချစ်သ အတန်းမှ တက်ပါ့မလား ဟူသော စိုးရိမ်အတွေးကို့ရင်ထဲ ရောက်၏။

ချစ်သူကျေနပ်အောင် ဘယ်လိုစကားတွေပြောရမည်ကို စဉ်းစားရင်း ချစ်သူအလာကို စောင့်မျှော်နေမိသည်။

စက္ကန့်လေးများကို ပြန်သည်ဟု သူထင်သည်။

ချစ်သူ၏ ကားလေးရပ်လိုက်သည်ကို သူ တွေ့သည်။

ကားတံခါးလေးကို ဖွင့်ပြီး မြေပြင်သို့ နင်းလိုက်သော ခြေဖဝါးနုနုလေးတစ်စုံမှ စ၍ ကားတံခါးကို သော့ဖြင့်ခတ်လိုက်သည်အထိ ချစ်သူ၏ပုံရိပ်များကို မမိုတ်မသုန် ငေးကြည့်နေမိသည်။

ချစ်သူ့မျက်နှာလေး ချောင်နေသည်ဟု ထင်မိသည်။

ပတ်ဝန်းကျင်ကို မေ့လျော့စွာ ချစ်သူထံသို့ သူ

လျှောက်ဖြစ်၏။ ချစ်သူနှင့် မျက်နှာချင်းဆိုင် အတွေ့တွင် ချစ်သူမျက်ဝန်း၌ မျက်ရည်ကြည်တို့ ဝေ့ဝဲ၏။

စကားကို မဆိုဖြစ်သေးဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေမိ၏။

''မောင် တောင်းပန်ပါတယ် မွန်''

အနီးသို့ရောက်ရောက်ချင်း သူ တိုးတိုးလေး ပြောလိုက်သည်။

ချစ်သူထံမှ မကျေမနပ် မျက်ဝန်းတစ်စုံကို တွေ့ရသည်။

''စိတ်ဆိုးနေလား''

''ဆိုးတယ်''

မပွင့်တပွင့်လေး ပြော၏။

မေမျိုးမွန်က ပြောသာပြောရသည်။ မျစ်သူ အပေါ် ကြာကြာစိတ်ဆိုးနိုင်ပါ။

''စိတ်ဆိုးတာ မကောင်းဘူး''



''ကောင်းတယ်''

''အရသာ ဘယ်လိုနေလဲ ဟင်''

''မောင် နော်''

မေမျိုးမွန်၏ စူနေသော နှုတ်ခမ်းလေး ပြုံးသွားလေပြီ။

''ဘာမှန်းလည်းမသိဘူး။ မောင်ဟာ တစ်ခါတလေ အဲဒီလို ကြောင်တယ်၊ မွန့်ကို စိတ်ညစ် အောင် သိပ်လုပ်ချင်တာပဲ''

''မဟုတ်ပါဘူး မွန်၊ မောင့်ခံစားချက်နဲ့ မောင် ဒါ မွန့်ကို အေးအေးဆေးဆေးပြောပြမယ်''

''ဒါဆို ကားပေါ်တက်၊ တစ်ခုခု သွားစား မယ်''

သူ မငြင်းချင်တော့။

ချစ်သူစိတ်ဆိုးအောင် မလုပ်ရက်ဘူးလေ။

စိန်လျှံသို့ သွားကြသည်။

ကြက်သားပလာတာနှင့် လက်ဖက်ရည် မှာ

လိုက်သည်။

"ဖေဖေက မွေးနေ့လက်ဆောင်ဆိုပြီး ကား ဝယ်ပေးတာလေ၊ အဲဒါ မောင်နဲ့ လျှောက်လည်မယ် ဆိုပြီး အပျော်စိတ်ကူးနဲ့ ထွက်လာခဲ့တာ၊ မောင်က ဘာဖြစ်လို့ မစီးချင်ရတာလဲ ပြော"

အစ်ကိုကြီးအား မိန်းမထဘီနား ခိုစားသူ အဖြစ် အနှိမ်ခံရတာကို မပြောဖြစ်တော့ဘဲ သူငယ်ချင်း တွေ နောက်မှာစိုးလို့ဟု လိုးလွှဲ၍ ပြောခဲ့သည်။

အမှန်အတိုင်း ပြောပါက ကြည်နူးစရာ မကောင်းသော စက္ကန့်များ ဖြစ်သွားနိုင်သည်။

တွေ့ခွင့်ရသော အချိန်လေးတွင် ချစ်သူတို့ ဘာ ကြည်နူးမှုအချိန်လေးများကို မညစ်နွမ်းချင်။

အမှန်အတိုင်း ဆိုလျှင် မိန်းမသား မောင်း သော ကားကို စီးခြင်းအတွက် ယောကျ်ားသားတစ် ဦး၏ သိက္ခာကို ထိခိုက်သွားနိုင်သည်ဟု သူထင်သည်။



"မောင် စားလေ၊ ဘာငိုင်နေတာလဲ၊ မွန့် ကို စိတ်ဆိုးအောင်လုပ်၊ ပြီးတော့ ပြန်ချော့ဖို့ စိတ်မကူး ဘူး"

"ချော့ပါတယ်ကွာ၊ ချော့ပါတယ်၊ ကျေနပ် နော်၊ မွန်စိတ်ဆိုးအောင် လုပ်ရတဲ့အတွက်၊ မောင် လည်း စိတ်မကောင်းဘူး"

"ဒါဆို မွန့်ကားကို မောင်စီးရမယ် နော်"

"ခုပဲ မွန့်ကားကို စီးပြီးလိုက်ခဲ့ပြီပဲ"

မွန်ရယ်နေ၏။

ကျေနပ်သွားပြီလေ။

သိပ်ချစ်ရတဲ့ ချစ်သူဆိုတော့လည်း မောင့် အပေါ်မှာ ကြာကြာစိတ်မဆိုးနိုင်။

မောင့်အပေါ် အမြဲခွင့်လွှတ်နိုင်သည်လေ။

စိန်လုံ့မှ စားသောက်ပြီး မွန်နဲ့ လမ်းခွဲအပြန် မှာ မင်းမောင်မောင်၏ ဖိနပ်ပြတ်၏။

မွန်က သူ့ဖခင်ဝယ်ပေးသော ကားသစ်ကြီး ကို

ပိုင်ဆိုင်ရချိန်တွင် သူ့မှာ ဖိနပ်အသစ်ဝယ်ဖို့ စိတ်ပင်မကူးခဲ့။

ဟိုတွက် သည်တွက်နဲ့ ဖိနပ်ဝယ်ရန်အတွက် ဦးစားမပေးဖြစ်ခဲ့။ အားငယ်စိတ်တို့ ရင်ထဲ ဝင်ရောက်၏။

သူ့ဘဝအခြေအနေနှင့် ကွာဝေးလွန်းသော မေမျိုးမွန်ကို သူဘာကြောင့်များ ချစ်မိပါသလဲ။

မေမျိုးမွန်ကရော ကိုယ့်ထက်ပစ္စည်းဥစ္စာ ချို့တဲ့နွမ်းပါးသူအား ဘာကြောင့်ချစ်ရပါသလဲ။

အမှန်တော့ သူတို့နှစ်ဦးအား တွေ့ဆုံခွင့်ပေးသော ကံကြမ္မာကိုပဲ အပြစ်တင်ရမည်လား။

စတင်တွေ့ဆုံ ခဲ့ပုံတွေကို ပြန်လည်တွေးမိတော့ ရင်တွေ အရမ်းခုန်လာသည်။

“သား ... စားလေ၊ ဟင်းမကောင်းလို့လား”

ကြင်နာစွာ မေးလာသော မိခင်မျက်နှာကို စိုက်ကြည့်ရင်း –

“မဟုတ်ဘူး မေမေ၊ လက်ဖက်ရည်သောက်တာ များသွားလို့ပါ”

“ညကျ ကားစောင့်ရင်း ငါ့သားလေး ဆာနေမယ်၊ အဆာပြေစားဖို့ လက်ဖက်သုပ်နဲ့ ထမင်းလေး ထည့်သွား”

"မထည့်နဲ့တော့၊ ဟိုကျမှ တစ်ခုခု ဝယ်စားတော့မယ် မေမေ၊ မုန့်သည်တွေ ပေါပါတယ်"

ခုတလော လက်ဖက်ရည် အသောက်များပြီး ဗိုက် အောင့်နေတာမို့ လက်ဖက်သုပ်လည်း မစားချင်။

ခုဆို ဗိုက်ဆာတာတော့ အမှန်ပင်။

ကားစောင့်ဖို့ တာဝန်ယူရသည့် ရန်ကင်းကို ရောက်တော့ ဦးသန်းအောင် ရောက်နှင့်နေသည်။

"ဟာ . . . ဒီနေ့ ဦးလေးက ကျွန်တော့်ထက် စီရိယဲရှိနေတယ်"

"အေးကွာ၊ ပျင်းပျင်းရှိတာနဲ့ အိမ်က စောစောလေး ထွက်လာခဲ့တာ"

ဦးသန်းအောင်နှင့် မင်းမောင်မောင်က ညဖက် ကားစောင့်သည့် တာဝန်ယူထားသူများဖြစ်၏။

"သူခိုး သူဝှက်တွေ မသောင်းကျန်းလို့ တော်သေးရဲ့၊ ကားပစ္စည်းတွေ ပျောက်ရှလို့ကတော့ ငါတို့



"ဟုတ်တယ် ဦးလေးရဲ့ သောက်တဲ့လူ မပြောနဲ့ ဆေးလိပ်မီးခိုးငွေ့ကို ရှူမိတဲ့ လူတောင် ဖြစ်နိုင်တယ်တဲ့"

"အေး . . . ဆေးလိပ်ဖြတ်မှ"

"ဖြတ် . . . ဦးလေးရာ"

"ချက်ချင်းကြီးတော့ မဟုတ်သေးဘူးလေ"

"ဒါပေါ့၊ ကြိုးစားကြည့်ပေါ့၊ ပြောသာပြောတာ ကျွန်တော်တောင် ဆေးလိပ်ကို သောက်မိသေးတာ"

"အကျင့်မလုပ်နဲ့၊ မင်းက ငယ်ငယ်လေး ရှိသေးတာ၊ ကဲ . . . မင်းကျောင်းစာတွေ လုပ်ချင်လုပ်၊ ငါ နံပြားထောပတ်သုပ်နဲ့ လက်ဖက်ရည်လေး ဝယ်လိုက်ဦးမယ်"

"ကျွန်တော် ဝယ်ပေးရမလား"

"ရပါတယ်၊ မင်းစာလုပ်ပါ ကျောင်းသားရာ၊ ငါ အညောင်းပြေ အညာပြေ လျှောက်ဦးမယ်"

သူ ခေါင်းညိတ်ပြလိုက်၏။

ဦးသန်းအောင် သတ္တုချိုင့်ကလေးဆွဲ၍ ထွက်သွားလေ၏။

မင်းမောင်မောင် ကျောင်းစာအုပ်များ ဖွင့်လိုက်သည်။

သူ့မြင်ကွင်းရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။

"ဒီမှာ"

"ဒီမှာ . . . ဒီမှာ"

သူ ငေးကြည့်နေစဉ် ကားပေါ်မှ အေးငြိမ်းသော ရုပ်သွင်ကို ပိုင်ဆိုင်သည့် အမျိုးသမီးတစ်ဦး ဆင်းလာသည်။

"ကျွန်တော့်ကို ခေါ်တာလား"

"ရှင်ကလွဲလို့ ဘယ်သူရှိသေးလဲ"

အမျိုးသမီးငယ်၏ မကျေမနပ်စကားကို သူ နားမလည်စွာဖြင့် ဖြေသည်။

"ရှိတယ်၊ ဦးသန်းအောင်၊ လက်ဖက်ရည်သွား ဝယ်နေတယ်"

"ရှင် ဘာတွေပြောနေတာလဲ၊ ဒီမှာ ရှင်တစ် ယောက်ပဲ ရှိနေတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အခုတော့ ကျွန် တော်တစ်ယောက်တည်း မြင်တာကိုး"

"ကဲပါ၊ ရှင်းပြမနေနဲ့၊ ရှင်းလေရှုပ်လေ ဖြစ်နေ ပြီ၊ တိုက်နံပါတ် (၁၁၅) ကို သိလား"

သူ ခဏ စဉ်းစားလိုက်ပြီး

"သည့်လမ်းအတိုင်းသွား၊ လမ်းဆုံလမ်းခွကျ ရင် ဘယ်ကိုချိုး၊ တွေ့တွေ့ချင်းတိုက်ပဲ"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ"



ဆံပင်ရှည်ရှည်ကြီးကို ဝဲခနဲ ခါ၍ ချာခနဲ လှည့် ထွက်သွားကာ ကားပေါ်တက်သွားပုံကို သူ မမိုတ်မသုန် ငေးကြည့်နေမိ၏။

ရင်ထဲတွင် တစ်စုံတစ်ခု ထင်ကျန်ရစ်သကဲ့သို့ ခံစားရ၏။

ကင်းတဲလေးပေါ် သူပြန်ထိုင်ပြီး မွေ့နွမ်းရကန် စာအုပ်ကို ဖတ်ဖြစ်သော်လည်း စာထဲ စိတ်မရောက်။

ဆံပင်ရှည်ရှည်ကို ပိုင်ဆိုင်သော မိန်းကလေး ၏ မျက်နှာက သူ့ရင်ထဲ စိုးမိုးဝင်ရောက်ကာ လှောင်ပြုံး လေးဖြင့် သူ့ကို ကြည့်နေသည် ထင်၏။

အာရုံလွင့်ပါးမှုကို ခေါင်းရမ်းခါထုတ်ရင်း စာအုပ် ကို ပိတ်ပြီး ထိုင်ရာမှထ၏။

ရွှေရောင်လက်နေသော အရာဝတ္ထုသည် သူ့ မျက်ဝန်းထဲသို့ ရောက်လာ၏။

ကောက်ယူကြည့်တော့ ရွှေဆွဲကြိုးကုံးလေး တစ်

ကုံးဖြစ်နေ၏။

ပန်ဒါဝက်ဝံပုံ အရုပ်လေးကို ဆွဲကြိုးတွင် သော့ကက်သီးအဖြစ် အသုံးပြုထား၏။

ရွှေအစစ်နှင့် ရွှေဆွဲကြိုးလေးမို့ အနည်းဆုံးသောင်းချီ၍ အဘိုးတန်မည်။

ဆွဲကြိုးပိုင်ရှင် မည်သူနည်း။

သူ စဉ်းစားမိသည်။

ဆံပင်ရှည်ရှည်ကြီးကို ပိုင်ဆိုင်သည့် မိန်းကလေး၏ ဆွဲကြိုးရော မဖြစ်နိုင်ဘူးလား။

ဦးသန်းအောင် ပြန်လာလျှင် ဆံပင်ရှည် မိန်းကလေး မေးသွားသော တိုက်နံပါတ်ဆီသို့ သွားကြည့်မည်ဟု သူဆုံးဖြတ်၏။

ဦးသန်းအောင်ကို စောင့်နေရသည်မှာ ကြာလွန်းသည်ဟု သူထင်သည်။

ဦးသန်းအောင် ပြန်ရောက်လာသောအခါ သူ



မိန်းကလေးမေးသွားသော တိုက်သို့သွားကြည့်၏။

မိန်းကလေး မောင်းလာသည့်ကားကို မတွေ့ရသဖြင့် စိတ်မောလူမောဖြင့် ကင်းတဲလေးသို့ သူပြန်ရောက်၏။

ဦးသန်းအောင်က သူ့ကို အကဲခတ်ကြည့်ရင်း ငါလူ ပျာရိပျာယာနဲ့ တစ်ခုခုတော့ ထူးခြားနေသလိုပဲဟု ပြောသည်။

မင်းမောင်မောင်က အကျိုးအကြောင်းပြောပြသည်။

ဦးသန်းအောင်က သူ့ဟန်အတိုင်း ငွေတောင်ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်းပြော၏။

"ရေအဆုံး ကုန်းတစ်ဝက်ဆိုတဲ့ ဆိုရိုးစကားတော့ ရှိသကွ၊ ပိုင်ရှင်ကို ရှာပြီးပေးရင် ကျေးဇူးတင်ရင်လည်း တင်မယ်၊ ငွေကြေးပေးရင်လည်း ပေးမယ်၊ မပေးရင်လည်း မပေးဘူးပေါ့ကွာ၊ အခု မင်းကောက်

ရထားတာဆိုတော့ ပြန်မပေးရင်လည်း ရတာပဲ၊ ပိုင်ရှင် မသိဘူးလေကွာ၊ တစ်ခုတော့ရှိတယ်၊ အဲဒီဆွဲကြိုးလေး ကို မင်းပစ္စည်းလို သဘောထားကြည့်လိုက်ပေါ့''

''ကျွန်တော့်ပစ္စည်းလို သဘောထားကြည့် ရမယ်၊ ဟုတ်လား''

''အေးလေကွာ၊ မင်းပစ္စည်းလို သဘောထား ကြည့်လိုက်''

မင်းမောင်မောင်သည် ပန်ဒါရုပ်ပါသော ဆွဲ ကြိုးလေးကို အင်္ကျီအိတ်ထဲမှ ထုတ်ယူကြည့်လိုက်၏။

## ၃။

အမေက သူပြသော ဆွဲကြိုးလေးကို ကြည့်ရင်း သည်ဆွဲကြိုးလေးကို သားကောက်ရတာ အမှန်ပဲနော် ဟု ရှုးစမ်းစကားကို ဆိုသည်။

သူက ရယ်မော၍ –

''မေမေက သားစကားကို မယုံသလိုကြီး၊ ကောက်ရတာ အမှန်ပေါ့ မေမေရ၊ ဦးလေး ဦးသန်း

အောင်လည်း သိတယ်၊ သား့ကိုတောင် ကောက်ရတဲ့ ကြိုးလေးကို ကိုယ့်ပစ္စည်းလို သဘောထားကြည့်လိုက်လို့ ပြောသေးတယ် မေမေရ''

''အင်း . . . ဦးသန်းအောင် စကားက ရှင်းရှင်းလေးနဲ့ အဓိပ္ပာယ်ရှိတယ်''

''ဟုတ်တယ် မေမေ၊ ကိုယ့်ပစ္စည်းကိုယ် ပျောက်သွားရင် နှမြောမှာ''

''ဒါပေါ့ သားရဲ့၊ ပစ္စည်းရှင်ကို ရှာပေးလိုက်လေ''

''ဘာ်သူဘယ်ဝါမှန်းမှ သေသေချာချာ မသိသေးတာ''

''သတင်းစာထဲ ကြော်ငြာထည့်ပါလား၊ ပစ္စည်းက အဘိုးတန်တာပဲဟာ''

''ကောင်းသားပဲ မေမေ''

နောက်တစ်နေ့ သူ ကျောင်းသို့ အလာတွင်



လည်း ထိုဆွဲကြိုးကောက်ရကြောင်း ပြောဖြစ်သည်။

''အတော်ပဲ၊ မင်းကျောင်းနောက်ကျတဲ့ အတွက် ဒဏ်ကြေးဆောင်ခိုင်းမလို့ အဲဒီဆွဲကြိုးရောင်း''

''ဟာ . . . ဘာဆိုင်လဲ ကောက်ရတာ၊ ပိုင်ရှင်ကို ပြန်ပေးမလို့''

အရင်က သူက ကျောင်းသို့ စောစီးစွာရောက်တတ်သည် မဟုတ်လား။

ယနေ့မှ နောက်ကျနေတာလေ။

''ရပါတယ်ကွာ၊ လက်ဖက်ရည်ဖိုးလောက် တော့ ချမ်းသာပါတယ်''

အရှည်ကြီး ဝင်းသိန်းက တဟားဟားရယ် ရင်း–

''နောက်တာပါ မောင်မောင်ရာ၊ မင်းကို တို့ သုံးယောက်စလုံးက ဘေးမဲ့ပေးပြီးသား''

''ဟာ . . . လုပ်ပြီ၊ ကြည့်စမ်း''

ဟု သူ အရှည်ကြီး၏ လက်မောင်းကို

သူ့လက်သီးဆုပ်ဖြင့် ခပ်ဖွဖွမနာကျင်အောင် ထိုးလိုက်၏။

''ဟော . . . ကြားလား၊ နားထောင်''

အမွေးထူမျိုးဦး၏ စကားကြောင့် ပတ်ဝန်းကျင်ကို နားစွင့်ရင်း အကဲခတ်၏။

စိတ်မရှည်သဖြင့်

''ဘာလဲကွ၊ အမွေးထူ၊ ဖြုတ် လေလည်တဲ့ အသံကို နားထောင်ခိုင်းတာလား''

''တုံးပ ဂျပုရာ၊ အရှည်ကြီး ဝင်းသိန်းကို မောင်မောင် လက်သီးနဲ့ ထိုးလိုက်တာ အရိုးအက်သွားတဲ့အသံ မင်းမကြားဘူးလား''

''ဟော့ကောင် အမွေးထူ၊ မော်ဒယ်လ်ခေတ်ကွ၊ ငါ့ကို ပိန်တယ်ဆိုပြီး ကပ်မချွတ်နဲ့၊ ကောင်မလေးတွေက တစ်ခါ နှစ်ခါ သုံးလေးခါ သမင်လည်ပြန် ကြည့်သွားရတာ''



''ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်၊ တီရှပ်စွာန်ဥယျာဉ်ထဲက ကုလားအုပ်ကြီး ကျောင်းထဲကို ရောက်လာတယ် ထင်လို့ ဖြစ်မယ်''

အမွေးထူ မျောက်စုတ်ဟု အရှည်ကြီး ဝင်းသိန်းက မျိုးဦးကို ပြောပြီး ခေါင်းကို လိုက်ပုတ်သဖြင့် မျိုးဦးရှေ့က ပြေးပြီး ဝင်းသိန်းက နောက်ကလိုက်၏။

အဓိပတိလမ်းကို ဖြတ်ကူးအပြေးတွင် ကားတစ်စီးက ဘရိတ်အုပ်ပေးရသည်။ မျိုးဦးက ကားကိုဆလံပေးပြီး ဆက်ပြေးသည်။

ထွက်သွားသော ကားကိုလှည့်အကြည့်တွင် ရိပ်ခနဲ တွေ့လိုက်ရသော ပုံရိပ်သည် သူ့ရင်ကို ဖျတ်ခနဲ တုန်ခါစေသည်။

သူ စွဲလမ်းတမ်းတမိပါသော ရုပ်သွင်ကလေး။ ကားအရောင်လည်း တူသားဟု တွေးလိုက်၏။ ဟုတ်ချင်မှ ဟုတ်မှာပါလေဟု ပြောင်းလွဲတွေး

ပစ်လိုက်သေး၏။

ကင်န်တင်းရောက်တော့ ကားပေါ်က အမျိုးသမီးနှင့် ဆွဲကြိုးအကြောင်းပြောပြသည်။

"ဟာ . . . ဟုတ်ပြီ"

အရှည်ကြီး ဝင်းသိန်းက လက်ဖျစ်တစ်ချက် တီးလျက် –

"မဟုတ်မှ လွဲရော၊ အဲသည့် မချောက မင်းကို သနားလို့ ဥပါယ်တမည်နဲ့ ပေးသွားတာ ဖြစ်နိုင်တယ်"

"ဘာဖြစ်လို့ သနားရမှာလဲ၊ ငါက ဘာဖြစ်နေလို့လဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ပိုင်ရှင်မဲ့ ပစ္စည်းဆိုတော့ မင်းပိုင်သင့်တယ်"

ဂျပုအောင်ဆွေက မှတ်ချက်ချသည်။

အရှည်ကြီး ဝင်းသိန်း ဂျပုအောင်ဆွေ၊ အမွေးထူ မျိုးဦးတို့ ဆွဲကြိုးကိစ္စနှင့် ပတ်သက်၍ တစ်ယောက်



တစ်ခွန်းငြင်းခုံနေကြစဉ် သူ့အတွေးက ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးထံ ရောက်၏။

အမျိုးသမီးလေး၏ ခန္ဓာကိုယ် အချိုးအဆက်မှာလည်း ဖယောင်းရုပ်လေးသွန်းထုထားသည့်နှယ် ပြေပြစ်ချောမောလွန်းလှသည်။

ဆင်စွယ်နုစ်ရောင် အသားအရည်ပိုင်ရှင်၏ အထူးခြားဆုံး အလှမှာ ခြေသခေါက်ကွေး အထိရှည်လျားပြီး အားကောင်းသော ဆံပင်ရှည်ရှည်ကြီးသာ ဖြစ်သည်။ ထိုသို့ သတိရခြင်းသည် စွဲလန်းခြင်းတစ်ခု ဖြစ်လေသည်လား။

စွဲလမ်းခြင်း ကြိုးတစ်ချောင်းသည် သူ့ကို ရစ်ပတ်ချည်နှောင်လိုက်ပြီဖြစ်ကြောင်း အသိအမှတ်ပြုဖြစ်သည်။

"ဟာ . . . မင်းမောင်၊ ငေါင်လှချေလားကွာ၊ သူက ကားစောင့်ရတာ အိပ်ရေးမဝဘူးနဲ့တူတယ်၊ လာ . . . ကလပ်စ် တက်တော့မယ်၊ သွားကြရအောင်"

ထိုနေ့က သင်ကြားသွားသော သင်ခန်းစာများကို သူ စိတ်မဝင်စားဖြစ်ဘဲ ဆံပင်ရှည်ကြီးနှင့် အမျိုးသမီးကိုသာ မြင်ယောင်နေ၏။

၄။

"မေမေ . . . မေမေ"

"လုံးလုံး . . . လုံးလုံး"

မြတ်သက်မွန်၏ အော်ဟစ်သံများ တစ်တိုက်လုံး ဆူညံသွားသည် ထင်၏။

ဆိတ်ငြိမ်ရပ်ကွက်အတွင်းရှိ ခြံကြီးတစ်ခြံဖြစ်သဖြင့် အပြင်မှကြားနိုင်လိမ့်မည် မဟုတ်သော်လည်း

တိုက်အတွင်း၌ မြတ်သက်မွန်၏ခေါ်သံက ဟိန်းထွက်နေသည်။

လုံးလုံး အပြေးတစ်ပိုင်းဖြင့် ထမင်းစားခန်းမှ မြတ်သက်မွန်အခန်းသို့ လာလေသည်။

ခုတင်ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်နေသော မြတ်သက်မွန်အား နားမလည်စွာကြည့်၏။

"မေမေရော . . . လုံးလုံး"

"ဒေါ်ဒေါ်ဆိုင်ကို သွားပြီလေ မမမွန်ရဲ့"

ဟုတ်သားပဲ။

သည်အချိန်ဆို မေမေက ရွှေဘုံသာလမ်းမှာ ဖွင့်ထားသော စိန်ရွှေရတနာဆိုင်သို့ ရောက်နှင့်ပြီ။

ဖေဖေဦးအောင်ထွန်းက မနေ့ကတည်းက ကုမ္ပဏီမှာ အရေးတကြီးကိစ္စရှိ၍ ညအိပ်နေသည်။

"လုံး ဘာလုပ်ပေးရမလဲ"

"အေးဟယ်၊ တို့ဆွဲကြိုးလေး မတွေ့ဘူးဖြစ်နေ



တယ်၊ ပန်ဒါဝက်ဝံပုံ ဆွဲကြိုးလေးလေ၊ အဲဒါ အထားများသလားဆိုပြီး ရှာနေတာ မတွေ့သေးဘူး။ သင်းသင်းတို့ဆီ သွားတဲ့နေ့က ဝတ်သေးတယ်၊ အထားမှားသလား မသိဘူး"

"လုံးလည်း မတွေ့သေးဘူး"

"ရှာပေးစမ်းပါဦးဟယ်"

"ဟုတ်ကဲ့"

"မေမေ့ကို မေးကြည့်ဦးမယ်"

မြတ်သက်မွန်က မိခင်ဖြစ်သူဆီ ဖုန်းဆက်မေးကြည့်သည်။

"မေမေလား၊ မွန်ပါ"

"သမီး ဘာဖြစ်လို့လဲ"

"မွန့်ဆွဲကြိုးလေး မေမေသိမ်းထားသေးလား"

"ဘယ်ဆွဲကြိုးလဲသမီး"

"ပန်ဒါလော့ကက်သီးနဲ့ ကြိုးလေ မေမေ၊

သမီးကို မွေးနေ့လက်ဆောင်ပေးတဲ့ကြိုး''

''မတွေ့မိဘူးသမီးရယ်''

''သွားပြီထင်ပါတယ်မေမေရယ်၊ သင်းသင်းတို့ ရန်ကင်းဘက်သွားရင်း ပြုတ်ကျပြီထင်ပါရဲ့''

''သမီးကားထဲမှာရော ရှာကြည့်ပါဦးလား''

''ကားထဲမှာ ပြုတ်ကျရင် လေးအုန်းတွေ့မှာ ပေါ့ ကားကိုအမြဲ ရှင်းလင်းနေတဲ့ဥစ္စာ မေမေရာ''

''ရှာကြည့်ပါဦး၊ စိတ်မကောင်းမဖြစ်နဲ့ သမီး လေး၊ မေမေထပ်လုပ်ပေးမယ်''

''မလိုချင်တော့ပါဘူး မေမေရာ၊ အသစ်ဆို တော့ မွေးနေ့လက်ဆောင်အတုကြီး ဖြစ်သွားတော့မှာ ပေါ့''

''အေး အေး၊ အဲဒါ မေ့ထားလိုက်တော့သမီး ကျောင်းမသွားသေးဘူးလား''

''သွားတော့မှာလေ၊ အဲဒါသည်နေ့ဝတ်မလို့



ရှာတာ မတွေ့လို့''

''အထားမှားဆော ဖြစ်ချင်ဖြစ်မှာ၊ ရှာလိုက်ပါဦး၊ ဒါပဲနော်သမီး''

''ဟုတ်''

မြတ်သက်မွန် တယ်လီဖုန်းကို ချလိုက်၏။

ခေါင်းလျှော်ထားသဖြင့် မခြောက်တခြောက် ဖြစ်နေသော သူ၏ဆံပင်ရှည်ဖါးဖါးလျားလျားကြီးကို ခြောက်သွေ့အောင် HAIR DRYER ဖြင့် အလုပ်ရှုပ် ကောင်းတုန်း၊ စိတ်က ကျောင်းတွင် သင်းသင်းတို့ သူ့ကို မျှော်နေလောက်ပြီဟု တွေးနေသည်။

၅။

လှေကားထစ်ပေါ်တွင် ကျနေသော လက်ကိုင်ပဝါပန်းရောင်လေးကို ကောက်ယူပြီး ဟိုသည်အကြည့်တွင် လှေကားများကို တစ်ထစ်ချင်းနင်း၍ တက်သွားနေသော အမျိုးသမီးနှစ်ဦးကို သူတွေ့သည်။

"သည်မှာ ခင်ဗျားတို့ ကျနေတဲ့ လက်ကိုင်ပဝါထင်တယ်"

"ဟုတ်တယ်၊ အောက်ကျသွားလို့ မလိုချင်

တော့လို့''

''ဟင် . . . ခင်ဗျား၊ ဟုတ်ပါတယ် ခင်ဗျား ပါ''

''ရှင့်ကိုကျွန်မ မသိဘူးထင်တယ်''

''ခင်ဗျားမေ့နေလို့ ရန်ကင်းမှာလေ၊ ခင်ဗျားရဲ့ ဆံပင်အရှည်ကြီးက သက်သေခံနေပါတယ်''

''ဆံပင်ရှည်က အမျိုးသမီးတိုင်းမှာရှိတာ''

''ရှိပေမယ့် အဲဒီတစ်ခါတွေ့ရုံနဲ့ မှတ်မိနိုင်လောက်တဲ့ အနေအထားမျိုးရှိတယ်''

''သက်သေမခိုင်လုံပါဘူး၊ ဘာလဲ ရှင်က ကျွန်မတို့ကို ဇာတ်လမ်းစလာတာလား''

''မဟုတ်သေးပါဘူးလေ၊ လွန်ခဲ့တဲ့ လေးရက်လောက်က ရန်ကင်းမှာ ပစ္စည်းတစ်ခု မပျောက်ဘူးလား''

''ဟယ် . . . ဟုတ်ပါရဲ့၊ မွန်ရဲ့ဆွဲကြိုးလေး ပန်ဒါဝက်ဝံရုပ်လေးပါတဲ့ ရွှေဆွဲကြိုး၊ အဲဒါလေး ပျောက်



နေတယ်''

''အသေချာဆုံးပါပဲ၊ ဒီဆွဲကြိုး ကျွန်တော့်ဆီမှာရှိနေတယ်''

''ဒီဆွဲကြိုးလေးက ကျွန်မမေမေ မွေးနေ့လက်ဆောင်ပေးထားတာ''

မြတ်သက်မွန် ဝမ်းသာတုန်ရင်စွာ ပြော၏။

''အဲဒီဆွဲကြိုးလေး အခုတော့မပါဘူးဗျ၊ အိမ်မှာကျန်ခဲ့တယ်''

''ဖြစ်နိုင်ရင် အိမ်ကိုလာပို့ပေးပါနော်၊ ကျွန်မက သင်တန်းတွေနဲ့ ရှုပ်နေလို့''

မြတ်သက်မွန်က လိပ်စာကဒ်လေးကို ပေး၏။

မေ့လျော့စွာ ကိုင်လာသော လက်ကိုင်ပုဝါလေးကို သတိရဖြစ်မိချိန်တွင် ကျောင်းထဲမှ သူထွက်လာပြီးဖြစ်နေသည်။

ဆွဲကြိုးကိစ္စလေးဆီ စကားရောက်သွားတော့

လက်ကိုင်ပုဝါကိုစွ မေ့သွားသည်လေ။

အိမ်ရောက်တော့ မိခင်ဖြစ်သူအား ထိုအကြောင်း ပြောပြ၏။

သူရေချိုးရင်း လက်ကိုင်ပဝါလေးကို လျှော်လိုက်၏။

ထမင်းစားရင်း မိခင်ဖြစ်သူနှင့် ဟိုအကြောင်းသည်အကြောင်း ပြောရာမှ သားကိုကြည့်ရတာ ပင်ပန်းလိုက်တာ၊ ကျောင်းတစ်ဖက် အလုပ်တစ်ဖက်နဲ့ဟု မေမေက အကြင်နာစကားဆို၏။

''သားမပင်ပန်းပါဘူး အမေ၊ အပ်ချုပ်စက်တစ်လုံးနဲ့ အလုပ်များနေတဲ့ အမေ့ကိုသာ သနားရမှာပါ၊ အညောင်းမိမှာစိုးတယ်၊ သားရတဲ့ဝင်ငွေလေးက လောက်ငနေတာ၊ အဲဒီစက်ချုပ်တဲ့အလုပ်ကို မလုပ်စေချင်တော့ဘူး အမေ့ကိုနားစေချင်တာ''

သူပြောတော့ အမေက လက်ခါခါ ခေါင်းခါခါနှင့်



ငြင်း၏။

''မလုပ်ပါနဲ့သားရယ်၊ စက်ချုပ်တဲ့အလုပ်လေးက ဝင်ငွေလည်းရ၊ အပျင်းလည်းပြေလို့ပါ''

''အပျင်းပြေအောင် ဒေါ်လုတို့ကို အဖော်လုပ်ပေါ့အမေရဲ့''

''ဟင် . . . သူတို့စကားဝိုင်းထဲ အမေမပါရဲပါဘူး၊ သက်သာလည်း မရှင်းရဲပါဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်နေတာ ကောင်းပါတယ်၊ သားကိုသာ ကျောင်းတစ်ဖက်နဲ့မို့ နားစေချင်တာ၊ အမေက လုပ်နေကျ၊ လုပ်နိုင်ပါတယ်၊ ကိုယ့်မိတ်နဲ့ကိုယ် ချုပ်နေရတာပဲ မဟုတ်လား''

အမေက ပြောလက်စ စကားကိုရပ်ပြီး ပဲကြီးဟင်းရည်ကို ဖွန်းနှင့်ခပ်သောက်နေ၏။

''ကားစောင့်တဲ့ အလုပ်က သားအတွက် အန္တရာယ်ရှိတယ်၊ သူခိုးသူဝှက်တွေက အန္တရာယ်ပြုလည်း ခံရမယ်၊ ပျောက်နေတဲ့ ကားပစ္စည်း ပြန်လျော်

ပေးရရင်လည်း မသက်သာ၊ ပစ္စည်းတွေက ဈေးကြီးပါ ဘိနဲ့''

''သား မပင်ပန်းပါဘူး၊ မိန်းမသားဖြစ်တဲ့ အမေ့ လုပ်စာ ထိုင်မစားရက်ဘူး အလုပ်မရှိတဲ့ လူတစ်ယောက် ရဲ့ဘဝဟာ သစ်ခြောက်ပင်ကြီးလို ဖြစ်နေမလားပဲ၊ သည့် ပြင်နိုင်ငံတွေမှာဆိုရင် သားတို့ထက် အလုပ်တွေ ပိုလုပ် ကြတယ်၊ အလုပ်လုပ်မှ တိုးတက်မယ်မဟုတ်လား အမေ''

''အင်း . . . ငါ့သား အခုလို အသိတရားလေး တွေ ရှိလာတာ ကောင်းပါတယ်ကွယ်''

ထမင်းစားပြီးနောက် မြတ်သက်မွန်ပေးသော လိပ်စာအတိုင်း ဆွဲကြိုးပြန်ပေးရန် ထွက်လာ၏။

ဆိပ်ငြိမ်ရပ်ကွက်အတွင်းရှိ မြတ်သက်မွန်တို့ အိမ်ကို ဘတ်(စ်)ကားမှတ်တိုင်မှ တော်တော်ကြီး လျှောက် ရဦးမည်။



ဘာကြောင့်မှန်းမသိ၊ ပင့်သက်မောတစ်ခုကို သူချဖြစ်လိုက်သည်။

ခမ်းနားကြီးကျယ်လှပသော ခြံဝင်းနှင့်အိမ်ကြီးကို လှမ်းတွေ့ရသည်။

ထိုခြံနှင့်အိမ်ကြီးသည် မြတ်သက်မွန်တို့၏ ပြည့်စုံမှုအပိုင်းကို ညွှန်ပြသကဲ့သို့ရှိ၏။

ခြံဝင်းတံခါးကို လာဖွင့်ပေးသော တုတ်ခိုင် သန်မာသည့် လူကြီး၏မျက်နှာသည် သံမဏိကဲ့သို့ ဖြစ်နေသည်ဟု သူမှတ်ချက်ချမိသည်။

"မင်းနာမည်"

"မင်းမောင်မောင်"

သံမဏိမျက်နှာပိုင်ရှင် လူကြီးက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မွန်လေးကိုပေးဖို့ ပစ္စည်းပါလားဟုမေးသည်။

"ပါ . . . ပါတယ်ခင်ဗျာ"

ကြိုးရှုံ့အိတ်လေးအတွင်း ထည့်ယူလာသော ဆွဲကြိုးလေးကို ထုတ်ပြသည်။

"အေး . . . ဝင်၊ ဝင်"

ခြံကြီးအတွင်းဝင်လာသော သူ့စိတ်တို့သည် အလိုလိုသိမ်ငယ်နေသည်ဟု ထင်၏။

ခြံတွင်းရှိ ပန်းပေါင်းစုံရန့်စုံ၏ သင်းပျံ့မွှေးကြိုင်မှုကို ခံစားရင်း သံမဏိမျက်နှာပိုင်ရှင် လူကြီး နောက်မှ သူလိုက်လာခဲ့သည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ခွေးဟောင်သံကြောင့် သူ့ခြေအစုံ တုန့်ကနဲ



ရပ်သွားသည်။

"ရန်လုံက လှောင်အိမ်ထဲမှာပါ။ မင်းကို သူဘာမှ မလုပ်နိုင်ပါဘူး"

ဗိုဂံပုံစံ ခေါင်မိုးရှည်ရှည်ဖြင့် ဆောက်ထားသော အိမ်ပုံစံလေးရှိသည့် ပန်းခြံလေးထဲသို့ ချိုးကွေ့ဝင်သွား၏။

ထိုအိမ်လေးထဲဝင်ပြီး သံမဏိမျက်နှာပိုင်ရှင် လူကြီး ဘာလုပ်ပါလိမ့်ဟု လှမ်းကြည့်၏။

"မွန်လေးလား၊ မွန်လေးရဲ့ဧည့်သည် ရောက်နေတယ်"

ဖုန်းမှတစ်ဆင့် ပြောသံကြားလိုက်ရ၏။

"မွန်လေးက ခဏစောင့်တဲ့"

အိမ်မကြီးပေါ်သို့ ခေါ်သွားရင်း ပြောသည်။

ဧည့်ခန်းကျယ်ကြီးထဲသို့ ဆိုဖါအိအိကြီးပေါ်မှာ တစ်ယောက်တည်းထိုင်ရင်း အခန်းပတ်လည်ကို မျက်စေ့

ကစားဖြစ်၏။

ကြေးဖလားကြီးအတွင်း အမျိုးအမည်မခွဲခြားတတ်သော ပန်းများက နေရာယူထားသည်။

အခန်းတစ်ခုလုံး လေအေးစက်ဖွင့်ထားသဖြင့် အေးစိမ့်နေသည်။

တီဗီကြီးကို အနီရောင်ကတ္တီပါစဖြင့် အုပ်ဆိုင်းထား၏။

နံရံပတ်လည်ကို မိုးပြာရောင် ဆေးများသုတ်လိမ်းထားသဖြင့် ကြည့်မြင်ရသည်မှာ အေးချမ်းလှ၏။

သူ့အကြည့်က အလှမွေးထားသည့် ရွှေငါးကန်သို့ ရောက်၏။

ထိုအချိန်တွင် အမျိုးသမီးငယ်တစ်ဦး လင်ပန်းကိုင်၍ ဝင်လာသည်။

လင်ပန်းပေါ်တွင် အအေးဗူးနှင့်ကိတ်မုန့်ကို တွေ့ရ၏။



အမျိုးသမီးငယ်က ဆက်တီစားပွဲပေါ်တွင် လင်ပန်းကိုချပြီး သုံးဆောင်ရန်ပြောလျက် ထွက်သွား၏။

ချိတ်ဆွဲထားသော ပန်းချီကားများကိုကြည့်ရင်း ဒီမြတ်သက်မွန်ဆိုတဲ့ အမျိုးသမီးက ဘာကြောင့်ခုထိ ရောက်မလာသေးတာလဲ ဟန်ကြီးပန်ကြီးနိုင်လှချည်လားဟု တွေးနေဆဲ မြတ်သက်မွန် ပြုံးရွှင်စွာရောက်လာ၏။

''ညှိသည့်ကို ညှိခံထားတဲ့အတွက် ကျေးဇူးပဲလုံးလုံး။ လိုတာရှိမှ ခေါ်လိုက်မယ်''ဆိုသည့် ပြောသံသည် သူနားထဲသို့ ဆွဲဆောင်မှုပြည့်ဝစွာဖြင့် ဝင်ရောက်လာ၏။

မြတ်သက်မွန်က သူနှင့်မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်သည်။

''ကျွန်မအတွက် အချိန်တွေဖြုန်းလိုက်ရတဲ့အတွက် တောင်းပန်ပါတယ်၊ အဲဒီက• ရောက်လာတဲ့

အချိန်မှာ ကျွန်မက ရေချိုးနေလို့''

''ရပါတယ်''

မြတ်သက်မွန်၏ လုပကြော့ရှင်းသော မျက်နှာကို အငေးသားကြည့်ရင်းမှ သူ့ရင်တွေ သိမ့်သိမ့်လှုပ်ရှားလာသည်။

''ဪ. . . . ဒီမှာ''

အိတ်ရုံ့လေးထဲမှ ဆွဲကြိုးကို ထုတ်ပေးသည်။

''ကျွန်မ ဒီဆွဲကြိုးကို ပြန်တွေ့မှာ မဟုတ်ဘူးလို့ထင်ထားတာ၊ ဒီဆွဲကြိုးက မေမေက မွေးနေ့လက်ဆောင်ဝယ်ပေးထားတာမို့လေ''

ဆွဲကြိုးလေးကိုယူရင်း ပြောသည်။

''ကျေးဇူးတင်ပါတယ်၊ ဪ . . . အအေးသောက်ပါဦး၊ မုန့်လည်းစားလေ''

''ရပါတယ်၊ ဒုက္ခမရှာပါနဲ့''

''ဒုက္ခ . . . ဒုက္ခဆိုတာဘာလဲ''



မျက်မှောင်လေး တွန့်၍မေးသည်။

''ဒုက္ခဆိုတာ ပါဠိလို အနက်ပြန်တော့ ဆင်းရဲခြင်းတဲ့''

''ဪ''

မြတ်သက်မွန်ပြောရင်း ခပ်ငေးငေးလေး ဖြစ်သွား၏။

''ကျွန်မ ဒုက္ခကို သဘောပေါက်အောင် သိချင်တယ်''

အရာရာပြည့်စုံနေသော မြတ်သက်မွန်အတွက် ဒုက္ခဆိုသည့် စကားလုံးသည် ထူးဆန်းနေသည်လား။

မြတ်သက်မွန်၏ မျက်နှာကို အကဲခတ်ကြည့်မိသည်။

သိတာကို မသိဟန်ဆောင်ပြီး အကယ်ဒမီရ ချစ်ရှင်မင်းသမီးတစ်ယောက်လို သရုပ်ဆောင်နေခြင်း မဟုတ်ကြောင်း သူတွေးမိသည်။

ပြည့်စုံခြင်း ရပ်ဝန်းတစ်ခုတွင် ပေါက်ဖွားလာသော မြတ်သက်မွန်အတွက် မပြည့်စုံခြင်းများကို ထိတွေ့ခံစား မဆက်ဆံဖူးသောကြောင့် ဒုက္ခ၏သဘောသဘာဝများကို မေ့လျော့နေခြင်းဖြစ်နိုင်သည်ဟု မင်းမောင်မောင် သဘောပေါက်ရပါသည်။

"ဟင် . . . ဒုက္ခဆိုတာဘာလဲ"

သူ၏အတွေးတို့ကို မြတ်သက်မွန်၏စကား ပြတ်တောက်သွားစေ၏။

"ဒုက္ခဆိုတာကို ကျွန်မရှင်းရှင်းကြီး သိချင် ... ဆိုကြပါစို့၊ အရောင်အဆင်း အနံ့အရသာမရှိ သောအ... ကို ရေလို့ခေါ်သလိုပေါ့"

သူ့ကို မြတ်သက်မွန် တမင်ကြီးပညာပြ...လား။

သို့မဟုတ် အမှန်ပင်မသိခြင်းကြောင့် ... သည်လား။



မဝေခွဲတတ်ပါ။

မပြောပြလျှင်လည်း ညံ့ရာကျမည်ဟု သူစဉ်းစားဖြစ်သည်။

ဒုက္ခဆိုတာကို ဘာသာရေးရှုထောင့်မှ ပြောဆိုလျှင် မြတ်သက်မွန် နားရှုပ်သွားနိုင်သည်။

မြတ်သက်မွန် နားလည်နိုင်မည့်ထင်သော ဥပမာလေးတစ်ခုကို ပြောလျှင် သင့်မည်ဟု သူဆုံးဖြတ်သည်။

"ဒုက္ခဆိုတာကို တိတိပပကြီး ကျွန်တော် ပုံသေနည်းထုတ်မပြနိုင်ပါဘူး၊ အနီးစပ်ဆုံး ပုံပြင်လေးတစ်ပုဒ်တော့ ပြောပြမယ်"

"ပုံပြင်ဟုတ်လား"

မျက်ခုံးလေးများ ပင့်ကာမေး၏။

"ဒီလိုပါ မြတ်သက်မွန်၊ တောအုပ်လေးတစ်ခုမှာ ရသေ့ကြီးတစ်ပါးနေသတဲ့၊ ရသေ့ကြီးနေထိုင်တဲ့ ကျောင်းသင်္ခမ်းနဲ့ မနီးမဝေးမှာ သစ်ပင်ကြီးတစ်ပင် ရှိ

သတဲ့၊ အဲဒီသစ်ပင်မှာ မျောက်တစ်ကောင်လည်း နေထိုင် သတဲ့၊ ရသေ့ကြီးက ထိုင်ရင်လည်းဒုက္ခ၊ လမ်းလျှောက် ရင်လည်း ဒုက္ခ၊ စားရင်လည်း ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခနဲ့ တရား သံဝေဂအဖြစ် နှုတ်ကရွတ်ဖတ်နေတတ်သတဲ့။ အဲဒါကို သစ်ပင်ထက်မှာနေတဲ့ မျောက်က နေ့စဉ်နေ့တိုင်း ကြားနေ ရလာတော့ ဒုက္ခဆိုတာ သိချင်လာတယ်၊ အဲဒါနဲ့ ရသေ့ ကြီးကို မျောက်က ဒုက္ခဆိုတာ ဘယ်လိုအကောင်လည်း လို့ မေးသတဲ့"

သူက စကားစဖြတ်ပြီး မြတ်သက်မွန် စိတ် ဝင်စားမှု ရှိမရှိကို အကဲခတ်သည်။

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း စိတ်ဝင်စားစွာနားထောင်နေသည့် မြတ်သက်မွန်၏ ပုံ လေးက ပုံပြင်ကြိုက်နှစ်သက်သော ပီဘိကလေးမငယ် လေးလိုပင်။

"အဲဒါနဲ့ ရသေ့ကြီးက တစ်နေ့ကျရင် ပြန်



ပြောလိုက်ခဲ့၊ ဒုက္ခဆိုတာ မင်းသိစေရမယ်လို့ မျောက်ကို ပြောလိုက်တယ်"

"တစ်နေ့ကျတော့ ရသေ့ကြီးက မျောက်ကို လှေနဲ့တင်ခေါ်ပြီး ရေလယ်ကျွန်းဆီသွားသတဲ့၊ လှေပေါ် မှာ အထုပ်ကြီးတစ်ထုပ်လည်း ပါသေးတယ်၊ အဲဒါနဲ့ ရေလယ်ကျွန်းကိုရောက်တော့ မျောက်ကိုဆင်းနိုင်းပြီး အထုပ်ကြီးကိုချလို့ ဒုက္ခကိုသိချင်ရင် ဖွင့်ကြည့်ပေတော့ လို့ပြောပြီး လှေကိုလှော်ထွက်ပြီး မနီးမဝေးက စောင့် ကြည့်နေသတဲ့"

"မျောက်ကလည်း ဒုက္ခဆိုတာကို သိချင်တာ နဲ့ အထုပ်ကြီးကို ဖြည်ကြည့်လိုက်တဲ့အခါမှာ အထုပ်ထဲ က ခွေးတစ်ကောင်ထွက်လာပြီး မျောက်ကိုလိုက်ကိုက် တော့တာပဲ၊ မျောက်လည်း ကျွန်းပေါ်မှာ လှည့်ပတ်ပြေး ရင်း ဒုက္ခအကောင်ကြီးကို သိပါပြီလို့ အော်ဟစ်နေရော တဲ့"

မြတ်သက်မွန် ပါးစပ်လေး မပွင့်တပွင့်နဲ့ ရယ်မောပြီး –

"ကိုမောင်က ရယ်စရာလည်း ပြောတတ်တယ် ဒါပေမယ့် နေရင်းထိုင်ရင်း ကျွန်မက မျောက် ဖြစ်သွားသလိုပဲနော်"

"ကျွန်တော်ပြောတာ အဲဒီသဘောမျိုး မဟုတ်ဘူး"

"ဒါပေမယ့် ကျွန်မ သဘောပေါက်ပါတယ်"

သူပြန်သင့်ပြီဟု ထင်၍ နေရာမှထလိုက်၏။

"ကျွန်တော် ပြန်တော့မယ်၊ ခွင့်ပြုပါဦး"

"ခဏလေးနေပါဦး၊ ခဏနော်၊ ခဏ"

အိမ်တွင်းဖုန်းလေးနှင့် တစ်စုံတစ်ယောက်ကို ပြောပြီး သူမ၌ မင်းမောင်မောင်နှင့်အတူ အပြင်ထွက်လိုက်လာသည်။

ပေါ်တီကိုအောက်တွင် မာစီဒီးကားကြီးရပ်



ထားတာ တွေ့ရ၏။

ကားအနီး သံမဏိမျက်နှာနှင့်လူ ရပ်နေသည်။

"ကိုမောင်မောင် သွားချင်တဲ့နေရာကို ပို့ပေးလိုက်ပါ"

"ကောင်းပြီမွန်လေး"

"ရပါတယ် မမြတ်သက်မွန်"

"ဒုက္ခမရှာပါနဲ့လို့ ပြောဦးမလို့လား"

ရယ်ပြီးပြောနေသော မြတ်သက်မွန်၏ မျက်နှာလှလှလေးကို ငေးကြည့်ရင်း သူဘာဆက်ပြောရမှန်းမသိဖြစ်ရသည်။

မြတ်သက်မွန်က နောက်တံခါးကို ဖွင့်ပေး သည်။

အားတုံ့အားနာဖြင့် ကားပေါ်သို့ သူတက်ဖြစ်သည်။

မြတ်သက်မွန်က ကားတံခါးကို ပိတ်ပေးပြီး

"ကျွန်မတို့အိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်

နိုင်ပါတယ်၊ ရိုးသားမှုနဲ့ပြည့်စုံတဲ့ ကိုမင်းမောင်မောင်ကို ကျွန်မရဲ့ဆွေမျိုးရင်းချာလို သတ်မှတ်ထားပါတယ်''

''ဟုတ်ကဲ့ နောက်တော့ တွေ့ကြတာပေါ့''

မြတ်သက်မွန်က ကားအနီးမှ နောက်သို့ခွာ၏။

ကားကလေးက ငြိမ့်ကနဲထွက်၏။

ကျန်ရစ်ခဲ့သော မြတ်သက်မွန်ကို သမင်လည်ပြန် ကြည့်ချင်သော်လည်း စိတ်ကိုမြိုသိပ်လျက် ရင်ထဲဟာတာတာဖြစ်ရခြင်းသည် မည်သည့်အတွက် ဖြစ်ကြောင်းကို သူနားမလည်ခဲ့။

ထိုအရာသည် တစ်ချိန်သောအခါတွင် အချစ်၏ မြစ်ဖျားတစ်ခုဖြစ်နိုင်ကြောင်းကို သိခဲ့ရပါသည်။

## ၆။

မြတ်သက်မွန်၏ မျက်နှာလေးကို သူတစ်နေ့ မှ မမေ့ခဲ့ပေ။

''ပြောလေ မောင်မောင် မေးနေတယ်လေ''

မြတ်သက်မွန်ထံ လွင့်မျောနေသော စိတ်တို့သည် အရှည်ကြီးဝင်းသိန်း၏ စကားသံကြောင့် ပျက်ပြယ်

၏။

"ပြောလေမောင်မောင် မေးနေတယ်လေ"

မင်းမောင်မောင်က ပြုံးလျက် ဘာမှမဟုတ်ပါဘူးဟု ပြောသော်လည်း အရှည်ကြီးဝင်းသိန်းက မလျှော့ဆက်မေးသည်။

"လောကဝန်းကျင်ကို မေ့လျော့ပြီး လက်ဖက်ရည်စားပွဲထက်မှာ မျက်လုံးကို ကျောက်ချထားတာ တစ်စုံတစ်ခုသော အကြောင်းအရာကို တွေးတောနေခြင်းဖြစ်သည် ဟုတ်မဟုတ်ဖြေ"

စားပွဲထိုးကောင်လေးက အနီးသို့ရောက်လာရင်း ဘာသောက်မလဲအစ်ကိုဟု မေးသည်။

အရှည်ကြီးဝင်းသိန်းက စားပွဲထိုးကောင်လေးကို လှမ်းမကြည့်ပါဘဲ ထုံးစံအတိုင်းပေါ့ကွ ဟု ပြော၏။

"ကျွန်တော်တို့ဆိုင်မှာ ထုံးစံအတိုင်းမတင်ထားဘူးအစ်ကို"



"ဟေ"

စားပွဲထိုးကောင်လေးကို အရှည်ကြီးဝင်းသိန်း လှည့်ကြည့်သည်။

"ဪ . . . မင်းကလူသစ်ကိုး"

"ကျွန်တော်လူသစ်မဟုတ်ပါဘူး အစ်ကို မနေ့ညက ဒီဆိုင်ကိုရောက်လာတဲ့ မောင်ထွန်းပါ"

"ဟိုက်"

အရှည်ကြီးဝင်းသိန်း သူ့နဖူးသူရိုက်၍ အော်လိုက်၏။

အားလုံး၏မျက်နှာမှာ ပြုံးစေ့စေ့နှင့် ဖြစ်သွားကြသည်။

"မှတ်ထားပေါ့ညီ၊ နောက်ဆို အစ်ကိုက ထုံးစံအတိုင်းပြောရင်၊ လက်ဖက်ရည်ဖျော်ဆရာ ဖျော်တဲ့အတိုင်းယူခဲ့ပေါ့ကွာ"

"ဟုတ်ကဲ့ခင်ဗျာ"

မောင်ထွန်းဆိုသော လူသစ်ကလေး အနီးမှ ထွက်သွားသည်။

''ကဲ ပြော၊ မင်းဘာတွေ စဉ်းစားနေတာလဲ''

''မင်းဘယ်လိုထင်လဲ''

''မထင်တတ်လို့ မင်းကိုမေးတာ၊ မပြောချင် နေကွာ''

''မပြောချင်လို့ မဟုတ်ပါဘူး အရှည်ကြီးရာ၊ ဘယ်ကနေ စပြောရမှန်းမသိလို့ပါ''

အရှည်ကြီးဝင်းသိန်းက လက်ဖက်ရည် တစ်ခွက်ကို တစ်ငုံငုံရင်း ပြန်ချလျက် . . .

''သတ်မှတ်ထားချက်ရှိလို့လား၊ စချင်တဲ့နေရာကစပေါ့''

''ဟိုတစ်ခါ ဆွဲကြိုးကောက်ရတဲ့ကိစ္စ''

''အေးလေ၊ အဲဒါဘာဖြစ်လဲ၊ ရောင်းဖို့ဆုံးဖြတ်လိုက်ပြီလား''



''မဟုတ်ဘူး၊ အဲဒီဆွဲကြိုးပိုင်ရှင် တွေ့ပြီ''

''ဟုတ်လား''

မင်းမောင်မောင်က မြတ်သက်မွန်နှင့် တောင်ငူဆောင်တွင် မထင်မှတ်ဘဲတွေ့ပုံ၊ ဆွဲကြိုးပြန်ပေးပုံများ ပြောပြသည်။

''အပြန်မှာ စက္ကူသေတ္တာပုံးကြီး ဒရိုင်ဘာနဲ့ ထည့်ပေးလိုက်တယ်၊ ငါမသိအောင်ပေါ့ကွာ အိမ်ရောက်မှသိတာ''

''သေတ္တာပုံးထဲမှာ ဘာပါလဲ''

''အိမ်လိုက်ကြည့်ကွာ''

''လုပ်ပြီ မင်းကတော့ အကျင့်ကိုမကောင်း ဘူး၊ ရုပ်ရှင်ကားကောင်းမဲ့ မီးဖြတ်သလိုမျိုး''

''ဒီကောင် တစ်ခါတစ်ခါ ဒီလိုပဲဈေးကိုင်တယ် ငါကလည်း ဈေးဆစ်တာ ဝါသနာမပါလို့ ဈေးထဲတောင် မသွားဘူး၊ ဈေးမကိုင်နဲ့ကွာ၊ ပြောမှာသာပြော''

"ဈေးကိုင်တာမဟုတ်ပါဘူး၊ အရှည်ကြီးရာ ပြောရမယ့်ပစ္စည်းတွေက မနည်းဘူး၊ ငါ့လည်း သေချာ မကြည့်ဘူး၊ မင်းတို့ကို အမေကမေးနေတယ်၊ ငါ့သား တွေ မတွေ့ရတာကြာပြီတဲ့"

"အေး . . . ဟုတ်တယ်၊ ဒါဆိုလိုက်မယ်ကွာ၊ မနက်ဖြန်အားတယ်၊ လိုက်မယ်"

"အေး၊ အိမ့်ကိုလိုက်ပြီး ဒီကောင့်ကို ကောင်း ကောင်းညှင်းရမယ်"

တနင်္ဂနွေနေ့မှာ သူတို့အားလုံး မင်းမောင်မောင် ၏အိမ်သို့ ရောက်လာကြသည်။

အရှည်ကြီး၏ကား အိမ်ရှေ့ရပ်တော့ အမေက စက်ချုပ်နေရာမှ ခြေနင်းခုံကိုရပ်၊ ဘီးကလေးကို အရှိန် သတ်ရင်း ခြံရှေ့သို့ မျှော်ကြည့်သည်။

"သား . . . အိမ်ရှေ့မှာ ဘယ်သူလာလဲ မသိဘူး"

အရှည်ကြီးကား ခဏခဏလဲ၍ အမေကားကို

မမှတ်မိ။

မင်းမောင်မောင်ကတော့ ဂစ်တာအတီးကိုရပ်ရင်း မိခင်ဖြစ်သူကို ပြုံးလျက်ကြည့်နေစဉ်မှာပင် အမေရေ . . . အမေရေဟု အော်ဟစ်လျက် အထုပ်များဆွဲပြီး အရှည်ကြီးဝင်းသိန်း ဦးဆောင်လျက် အောင်ဆွေနှင့်မျိုးဦးပါ ရှေ့ဆင့်နောက်ဆင့် လျှောက်လာကြသည်။

"ဟယ် . . . ကြည့်စမ်း၊ အမေ့သား သုံးယောက်ဟဲ့၊ လာမယ်ဆို ကြိုကြိုတင်တင်လေး ပြောထားပါလား၊ သားတို့ကြိုက်တာလေးတွေ အမေ စီစဉ်ထားလို့ရတာပေါ့"

အမေဝမ်းသာအားရ ပြောနေသည်။ သားဖြစ်သူ၏ သူငယ်ချင်းတွေကို အမေက သူ့သားလိုပင် ချစ်သည်။

"အမေ အလုပ်တွေရှုပ်နေမှာစိုးလို့၊ မောင်မောင့်ကို ကြိုမပြောထားနှင့်လို့ နှုတ်ပိတ်ထားရတာ



အမေရဲ့၊ ကျွန်တော်တို့မှာ စားစရာတွေပါတယ်၊ ဟောဒီမှာ ဒံပေါက်၊ ဒါက လက်ဖက်အကြော်စုံ"

"အမေကြိုက်တဲ့ အရှိုးတောင်းလက်ဖက်လေ"

"အမေအချိုတဲဖို့ ဒူးရင်းယိုနဲ့ နာနတ်ယို"

အမေ့လက်ထဲသို့ အထုပ်တွေထည့်ပေးရင်း ပြောကြသည်။

"သာဓု . . . သာဓု . . . သာဓုကွယ်၊ အမေ့သားတွေ ဂုဏ်ကြီးလို့သက်ရှည်ပါစေကွယ်၊ ဒါပေမယ့် အဲဒီလိုယူလာတာတော့ စိတ်မကောင်းဘူး။ အိမ်လာတဲ့သူ အမေကကျွေးမွေးဧည့်ခံရမှ"

"ဟာ . . . အမေက အသက်ကြီးပြီ၊ ကျွန်တော်တို့အတွက် အလုပ်ရှုပ်နေမှာ၊ ကျွန်တော်တို့ စိတ်မကောင်းအောင် မပြောနဲ့နော်"

"အေးပါကွယ်၊ မပြောတော့ပါဘူး"

အမေ အထုပ်များသယ်ရင်း မီးဖိုခန်းသို့ ခြေလှမ်း

ပြင်၏။

"အမေနော်၊ အဝိုတွေလုပ်မနေနဲ့ ကျွန်တော်တို့စားဖို့သောက်ဖို့ အပြည့်အစုံပါတယ်"

"အေးပါ၊ အမေ့ခြံထွက် ပိန္နဲသီးတွေ ခွဲကျွေးမလို့ပါ"

အမေအထဲဝင်သွားမှ အရှည်ကြီးဝင်းသိန်း မျက်စပစ်ပြကာ . . .

"ဘယ်မှာလဲ ငါတို့ကိုပြမယ့် စက္ကူသေတ္တာ"

"အိပ်ခန်းထဲမှာရှိတယ်"

"ဒါဆိုပြလေကွာ"

"သွားကြည့်"

"မောင်မောင် ငါတို့ကို နောက်တာမဟုတ်ပါဘူးနော်"

"မနောက်ပါဘူး၊ အမေကတောင် အဲဒီပစ္စည်းတွေ အတင်းပြန်ပို့ခိုင်းနေလို့"



"စိတ်ထဲဆန့်ငင်ဆန့်ငင်ဖြစ်အောင် မလုပ်နဲ့ကွာ၊ အူတွေအသည်းတွေ ယားလှပြီ၊ ထကွာ ထ"

အရှည်ကြီးဝင်းသိန်းက ပြောလည်းပြော မင်းမောင်မောင်လက်ကို တွဲသဖြင့် ဂစ်တာကိုအသာချရင်း အရှည်ကြီးနှင့်အတူ အိပ်ခန်းထဲဝင်ခဲ့သည်။

"ဒီမှာ"

"ဟာ . . . ဘာတွေလဲ"

ဝင်းသိန်း စပ်စုလိုစိတ်ဖြင့် သေတ္တာကို ဆွဲယူလိုက်သည်။

စာရွက်ခေါက်လေးကို ဦးစွာတွေ့၍ ဖတ်လိုက်၏။

"ရိုးသားမှုဆိုသည်မှာ တန်ဘိုးဖြတ်နိုင်သောအရာမဟုတ်ပါ၊ ကျွန်မ၏လက်ဆောင်ပစ္စည်းများကို သက်ခံစေချင်ပါသည်။ တုံ့ပြန်မှုအဖြစ် သဘောမထားစေချင်ပါ"

မြတ်သက်မွန်

ဝင်းသိန်းဖတ်ပြီး သေတ္တာကိုဖွင့်၏။

မျိုးဦးတို့လည်း ရောက်လာပြီး စပ်စုကြသည်။

"နာရီလေးပါလား"

"ဟာ . . . အဝတ်အစားတွေကလည်း မနည်းပါလား"

အနောက်တိုင်းဝတ်စုံ၊ ပုဆိုး၊ စွပ်ကျယ် စသဖြင့် အဝတ်တွေတစ်ပုံကြီး။

"အများကြီးပါလား"

"အများကြီးဆိုတာ မနည်းလို့ပေါ့ကွာ"

"ထောပြီ၊ မင်းတော့"

"အေးကွာ၊ အဲဒါတွေ ငါမက်မောလို့ မဟုတ်ပါဘူး၊ ပြန်ပေးလို့ရော ကောင်းပါ့မလား"

"ဟုတ်တယ်၊ စေတနာနဲ့ ပေးလိုက်တာကိုကွာ ဒီတော့ ငါတို့ကို တစ်ယောက်တစ်မျိုးစီ စွန့်ကြဲလိုက်"

"ခွေးကောင်၊ ဒါပဲတတ်တယ်"



ထိုနေ့က သူငယ်ချင်းတွေနှင့် သူတို့အိမ်သေးသေးလေးမှာ ဆူညံစိုပြေလို့နေသည်။

## ၇။

ကော်ဖီကို ဒေါ်မိမိမွန် အပြီးသတ်သောက်ပြီး ချိန်တွင် မြတ်သက်မွန်ရောက်လာသည်။

''မေမေက ဆိုင်သွားတော့မယ်ပေါ့''

''အေး၊ နောက်တွောင်ကျနေပြီ၊ ဒီနေ့ အရောင်း အဝယ်ကိစ္စတစ်ခု ချိန်းထားလို့၊ ဘုရားမှာ ဆုတောင်းနေ တာ ဆိုင်လိုက်မလား''



''ဒီနေ့ကျောင်းပိတ်တော့ အားနေတာ၊ သူငယ် ချင်းတွေဆီ လျှောက်လည်မလားလို့''

''သူငယ်ချင်းတွေ အကြောင်းပြပြီး ကိုကိုမောင် မောင်တို့နဲ့ သွားမှာမှမဟုတ်တာ၊ မေမေမတားပါဘူး''

မေမေက ဘာရယ်မဟုတ် ပြောသော်လည်း မောင်မောင်ဆိုသော နာမည်လေးတစ်ခုသည် မြတ် သက်မွန်၏ ရင်ခုန်နှုန်းကို မြန်သွားစေသည်။

''ဟုတ်တယ်မဟုတ်လား သမီး''

တွေတွေလေးဖြစ်နေရာမှ မြတ်သက်မွန်က ရှက် စနိုးစွာ ပြုံးလိုက်၏။

''ဘာလဲ ရှိနေပြီလားသမီး''

''ရှိပါဘူးမေမေရဲ့၊ သည်ထဲမှာ မေမေရယ်၊ ဖေဖေရယ်ပဲရှိတယ်''

ရင်ညွှန့်ကလေးကို လက်ညှိုးဖြင့်ထောက်၍ မြတ် သက်မွန်ပြောတော့ ချွဲမလေးဟု မိခင်ဖြစ်သူက ပြန်ပြော

သည်။

''အမှန်အတိုင်း ပြောတာမေမေရ''

''လိုသေးတယ်၊ မမှန်သေးဘူး''

''ဘာလို့လဲမေမေ''

''သမီးရင်ထဲမှာ နေရာပေးဖို့ နောက်တစ်ယောက်ရှိသေးတယ်လေ၊ အမေရိကားကို ရောက်နေ တဲ့ ကိုကိုနိုင်၊ ဟုတ်လား''

''သိဘူး''

မြတ်သက်မွန် နှုတ်ခမ်းစူ၍ပြောသည်။

''မသိလို့မဖြစ်ဘူးနော်၊ တစ်နေ့နေ့မှာ သမီး ဘ၀အတွက် အိမ်ထောင်ဦးစီးဖြစ်လာမယ့်သူလေ''

''ဒါတွေ သမီးစိတ်မ၀င်စားပါဘူး မေမေရာ၊ သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေချင်သေးတာ''

''နေပါတော်၊ မေမေက အခုယူဖို့ပြောတာမှ



မဟုတ်ပဲ၊ ကဲ ... ကျူပ်အချိန်နောက်ကျနေပြီ သွားမယ်''

''မုန့်ဖိုးပေးဦး၊ ခမ်းနေပြီ မေမေရဲ့''

''ရော့ ... ရော့''

ပိုက်ဆံအိတ်ကို ချပ်ခနဲဖွင့်လျက် ငါးရာတန်တွေ အထပ်လိုက် ဆွဲထုတ်ပေးသည်။

''ကျေးဇူးပဲ မေမေ''

''ခွဲမြ၊ သားအမိချင်း ကျေးဇူးတင်နေရသေး တယ်''

မိခင်ဖြစ်သူသွားမှ မြတ်သက်မွန် ရေချိုးအလှပြင်သည်။

အလှပြင်ရင်း အမှတ်မထင် 'မောင်'သီချင်း လေးကိုငြီးမိရင်း မင်းမောင်မောင်၏ပုံရိပ်သည် မှန်ထဲ တွင်ပေါ်လာ၏။

ရင်ထဲတွင် တစ်စုံတစ်ခုဖြတ်စီးသွားသည့်နှယ် ခံစားရသည်။

ရှက်ပြုံးလေး မလုံမလဲဖြင့် မောင်မောင်ရော သူ့ကို သတိရနေလေမလားလို့ တွေးမိ၏။

သူ့ကိုလည်း သူ့ကိုပဲသတိတရ ရှိနေစေချင်လိုက်တာ။

၅။

သင်းသင်းကိုဝင်ခေါ်ပြီး စိန်လျှံသို့လာခဲ့သည်။ လမ်းတွင် မင်းမောင်မောင်အကြောင်းများကို သင်းသင်းအား ပြောဖြစ်သည်။

သင်းသင်းက အဓိပ္ပါယ်ရှိသော မျက်ဝန်းများဖြင့် မြတ်သက်မွန်ကို အါအံ့သြသြလေးကြည့်ဖြစ်သည်။

မြတ်သက်မွန်က ကားမောင်းရင်း မောင်မောင့်

အကြောင်း ပြောလာသည်မှာ စားသောက်ဆိုင်သို့ ရောက်သည်အထိဖြစ်၏။

ဆိုင်မှ စားပွဲထိုးလေးကို နန်းကြီးသုပ်နှစ်ပွဲမှာသည်။ ပေါက်စီမှာသည်။ ကွေကာအုပ် မှာသည်။ စားပွဲထိုးလေးထွက်သွားချိန်တွင် သင်းသင်းက မြတ်သက်မွန်ကို နှစ်ကိုယ်ကြားပြောသည်။

''ရှင်နဲ့ကျွန်မကို တော်ကြီးကျတယ်လို့ထင် မှလား မသိဘူး''

''ထင်ထင်ဟာ၊ အလကားစားတာမှမဟုတ်ဘဲ၊ ငါလည်း ပါးစပ်ထဲတွေ့တာ မှာလိုက်တာ''

''ဖြစ်ရမယ်လေ''

သင်းသင်းက လူပိန်သလောက် အစားကြီးသည်။

မိန်းကလေးတွေထဲမှာ တော်တော်ကိုစားနိုင်သော အမျိုးအစားထဲကဖြစ်သည်။



နှစ်ယောက်တည်းနှင့် အများကြီးမှာထားသဖြင့် စားပွဲထိုးလေးကပင် တအံ့တသြနှင့် ပြုံးစေ့စေ့ဖြစ်နေသည်။

လူကြည့်တော့ ပိန်ပိန်လေးတွေ၊ အစားအသောက်ကတော့ အရမ်းသောင်းကျန်းမယ့်ပုံစံမျိုး။

မှာထားသော စားစရာများ ရောက်လာသဖြင့် သူတို့စားကြစဉ်မှာပင် မင်းမောင်မောင်တို့အုပ်စု အရှည်ကြီးကားနှင့် ရောက်ရှိလာတာကို မသိလိုက်ပေ။

မြတ်သက်မွန်တို့ ကျောပေးထားသော နှစ်ခုံကျော်မှာ ဝင်ထိုင်သည်။

''မိန်းမ ကုန်အောင်စားနော်၊ ပေါက်စီကျန်သေးတယ်''

နန်းကြီးသုပ်တစ်ပန်းကန်ကို မကုန်သေးသဖြင့် သင်းသင်းက မြတ်သက်မွန်ကို တမင်ပြောခြင်းဖြစ်သည်။

''အေး . . . ဒီနေ့ ဘယ်လိုဖြစ်တယ်မသိဘူး၊

ပေါက်စီက ပါဆယ်လုပ်မှဖြစ်မယ်''

''ဖြစ်ရမယ်လေ၊ ရှင်လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ''

''အင်း . . . ပါးစပ်ထဲ တွေ့ကရာလျှောက်မှာ မိတာ ခုတော့ ကိုယ့်အကြောင်းနဲ့ကိုယ် ဒုက္ခဖြစ်နေပြီ၊ ဒုက္ခဆိုတာ ခုမှဒီလိုပါလားလို့သိတယ်''

ကြားဖူးသလိုအသံဟု စိတ်ထဲဖြစ်သဖြင့် မင်းမောင်မောင် သမင်လည်ပြန်ကြည့်ဖြစ်သည်။

တွေးထင်ထားသည့်အတိုင်း မြတ်သက်မွန်မှန်း သိရ၍ သူ့ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်ရပြန်၏။

နှုတ်ဆက်သင့် မဆက်သင့် မင်းမောင်မောင် စဉ်းစားနေဆဲမှာပင် မြတ်သက်မွန်တို့ ဆိုင်ထဲမှထွက်သွားပြီ။

စားသောက်ခုံမှထ၍ မြတ်သက်မွန်တို့ရှိရာသို့ ရောက်သွားဖြစ်သော သူ့ခြေလှမ်းများကို မင်းမောင် မောင်



မအံ့သြတော့ပါ။

''မမြတ်သက်မွန် ပြန်တော့မလား''

''ဟယ် . . . ကိုမောင် ဘယ်တုန်းကရောက်နေတာလဲ၊ မတွေ့မိဘူး''

''ခုနလေးကတင်ရောက်တာ၊ အသံကြားလို့ လှည့်ကြည့်မိမှတွေ့တာ၊ ဟို . . ပြောစရာလေးတွေ ရှိလို့''

''ရှင်''

ကျွန်မရှိနေလို့ရလားဟု သင်းသင်းက မေး၏။

''ရပါတယ်''

သူရယ်၍ ပြော၏။

''ရရ၊ မရရ သွားပြီ''

သင်းသင်းအနီးမှ ထွက်သွား၏။

''ဘာပြောမှာလဲ''

မြတ်သက်မွန် မေးသည်။

''ကျွန်တော့်ကိုပေးလိုက်တဲ့ လက်ဆောင်

ပစ္စည်းတွေ ပြန်ပေးချင်လို့''

''ဟာ . . . မဟုတ်တာ၊ စေတနာနဲ့ပေးတာကို ပြန်မပေးကောင်းဘူးလေ''

''ဒါတော့ ဒါပေါ့''

မင်းမောင်မောင် တွေတွေလေးပြောပြီး ဘာဆက်ပြောရမှန်းမသိသလို ငေါင်သွား၏။

''အဲဒီအတွက် စိတ်ထဲမှာ ဘာမှမဖြစ်ပါနဲ့ ကိုမောင်မောင်''

''ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော့်အမေကအခွင့်အရေးအရမ်းယူတဲ့ လူတစ်ယောက်လို့ ကျွန်တော့်ကိုသတ်မှတ်တာ၊ အဲဒါကြီးက''

''ဟင် . . . ရှင်တောင်းတာမှ မဟုတ်ပဲ၊ ကျွန်မက စေတနာနဲ့ပေးတာ၊ ရိုးသားမှုကို ဂုဏ်ပြုတာလို့ ရှင့်အမေကို ရှင်းပြပေါ့''

မြတ်သက်မွန် နှုတ်သွက်ပုံလေးကို ငေးကြည့်



ရင်းမှ သူ ခေါင်းညိတ်ပြမိ၏။

''ကဲ . . ဒါဆို သွားမယ်၊ နောက်တွေ့ရင်ခေါ်''

ထပ်မံခေါင်းညိတ်ပြရုံကလွဲပြီး ဘာစကားမှ မဆိုမိ။

အဲဒီလောက်အထိ မြတ်သက်မွန်၏အလှမှာ သူ ပျော်ဝင်သွားတာ။

မြတ်သက်မွန်က သူ့ကားဆီလျှောက်သွားတာကို နစ်မျောစွာငေးကြည့်နေပြီးမှ သူငယ်ချင်းတွေဆီ ပြန်လာခဲ့၏။

''ဘာတွေလဲ''

''မင်းတို့တွေ့ချင်တဲ့ မြတ်သက်မွန်လေ''

''ဟေ''

''ချောတယ်ကွ''

''ဆံပင်အရှည်ကြီးနဲ့''

ခုမှ သုံးယောက်သား ပြူးတူးပြဲတဲဖြစ်ကုန်

သည်။

"ဘေးက အမျိုးသမီးက မြတ်သက်မွန်ရဲ့ သူငယ်ချင်းဖြစ်ရမယ်"

"တော်လိုက်တဲ့ အရှည်ကြီးကွာ၊ သူ့သူငယ်ချင်းမို့ သူ့ဘေးနားကပါလာတာပေါ့"

မျိုးဦးက ပြောသည်။

ဝင်းသိန်းက မျိုးဦးပါးစပ်ထဲသို့ လက်သုတ်ပဝါအဖြစ် အသုံးပြုရန်ရှိနေသော တစ်ရှူးများကို ဖြတ်ယူလုံးထည့်၏။

"မင်းပါးစပ် ခဏပင်စင်ယူထားကွာ"

"မောင်မောင်က မချွန်ရသေးတဲ့ ခဲတံအတိုင်းပဲ"

"ဘာလဲကွ၊ မချွန်ရသေးတဲ့ ခဲတံ"

"တုံးတာကိုပြောတာပေါ့၊ တုံးတာကိုပြောတာ ကျွန်တော့်သူငယ်ချင်းတွေပါ မြန်မာစာကပါ၊ ကျွန်တော်နဲ့



အတူတူပါပဲ၊ ကျွန်တော်ခင်သလို သူတို့ကို ခင်လို့ပါတယ်၊ ဘာညာပေါ့ကွာ"

"ခင်လို့ပဲလား၊ ကျော်ထူးတို့ ရောတို့ မပါဘူးလား"

"လျှာစလစ်ဖြစ်သွားလို့ပါကွာ၊ ဂျပုရာ၊ မြေအရောင်းအဝယ်လုပ်တဲ့အထဲမှာ ပွဲစားကကန့်လန့်ကန့်လန့်နဲ့ အဲ . . . မင်းကူတော့ လုံလုံး လုံးလုံး မလုပ်စမ်းပါနဲ့"

ဝင်းသိန်းက အောင်ဆွေကို စကားနာပြန့်ထိုးပြီး

"အဲ . . . ဘယ်ရောက်သွားပြီလဲ၊ ခင်လို့ရော မဟုတ်ပါဘူး၊ ငါ့စကားအစ ကောက်ပေးစမ်းပါဦး"

"အေး . . . အေး ကောက်ပေးမယ်၊ ဘယ်မှာလဲ . . . ဘယ်မှာလဲ မျက်မှန်ပေး"

မျိုးဦးက ပြောပြီးစားပွဲအောက်သို့ ငုံ့ကြည့်၏။

"ဟော့ကောင် မျိုးဦး၊ မင်းချွတ်ပေးမယ့် ငါ မ

ဟုတ်ဘူးကွ၊ ဘောင်းဘီဝတ်ထားတယ်၊ အဟဲ . . သိပ္ပံ
ခင်လှိုင်မဟုတ်ဘူး၊ ခင်နိုင်ပါတယ်ကွ၊ ဟဲ . . ဟဲ ဘယ်
မလဲ လျှာဘရိတ်လုပ်လို့ရပြီ၊ အဲဒီလိုကွာ ခင်နိုင်ပါတယ်
သူ့နာမည်က ဘယ်သူ၊ သူက ဘယ်ဝါ၊ အဲလိုမျိုးပြောနေ
ငါနဲ့နေရာချင်း လဲလိုက်ချင်တယ်ကွာ၊ တကယ်ပဲ . . .
တကယ်ပဲ''

တကယ်ပဲ . . . တကယ်ပဲကို လက်ရမ်း
ပြောသဖြင့် ဝင်းသိန်းရှေ့မှ ကောက်ဖီခွက်မှောက်သွား
တော့သည်။

''ဟာ . . . မှောက်ပဟ''

''အဲ . . . ငတ်ပဟ''

အောင်ဆွေနှင့်မျိုးဦးတို့ ဟားတိုက်ရယ်
သဖြင့် မင်းမောင်မောင်တို့ရှိရာသို့ ပတ်ဝန်းကျင်
စားသောက်နေသူများ လှမ်းကြည့်၏။

## ၉။

''ရှင်က ကျွန်မပြောတာကို ပြုံးတယ်ပေါ့လေ''

မြတ်သက်မွန်က မျက်စောင်းလေးထိုးပြီး သင်းသင်းကိုပြောသည်။

''ကဲ . . . မိန်းမ ပြော၊ ရှင်ဘာပြုံးတာလဲ''

''အမှန်အတိုင်းလား''

''အေး''

"မရှက်ကြေးနော်"

"ပြောမယ့်အရေး ပြော၊ မပြောလို့ကတော့"

မြတ်သက်မွန်က လက်သီးဆုပ်၍ သင်းသင်း လက်မောင်းကို ထိုးလိုက်၏။

"ပြောမယ် . . .ပြောမယ်၊ သည်နေ့ ကိုမောင် မောင်အကြောင်း ပြောတာ ဆယ်ခါမကတော့ဘူး"

"ဒါများဆန်းလို့"

"ဆန်းတာမှ ဟိုဘက်လွှန်ရော၊ ယောကျ်ား တစ်ယောက်အကြောင်း ရှောက်သီးသုပ်စားသလို မြိန် ရည်ယှက်ရည်ပြောတာ ကိုမောင်မောင် တစ်ယောက် တည်းကိုပဲ ရှိသေးတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်လဲဆိုတော့ ဟိုသီချင်းလေးကြားဖူး လား"

"ဘာကြီးလဲ"



"အစကရိုးရိုး နောက်တော့တစ်မျိုးတိုးလို့ ချစ်ပြန်ဆိုတာလေ"

"သွားစမ်းကွာ မိသင်း၊ ရှင်နော်"

"ဘာလဲ"

"မှန်တာတွေပြောနေတယ် ဟင်း . . ဟင်း . . ဟင်း"

နေ့လယ်က နောက်ပြောင်ကျီစယ်ခဲ့သော စကားများက မေ့ပျောက်မရဖြစ်ကာ ထပ်တလဲလဲ တွေးနေသည်။

ရင်ထဲမှာ ဘာကြောင့်များရှုံ့နစ်ရပါသလဲကွယ်။

ကျွန်မ ကိုမောင့်ကို ချစ်နေမိပြီလား။

ပြန်ဆန်းစစ်ကြည့်တော့ သူ့ရဲဘောနည်းစွာပင် ခေါင်းမညိတ် ခေါင်းမခါဖြစ်။

မျိုသိပ်ခြင်းလား၊ ဟန်ဆောင်ခြင်းလား၊ အမှန် တကယ်ပင် ကိုမောင်နှင့်ပတ်သက်၍ ခံစားမှုတစ်ခု

ရှိနေသည်လား၊ မရှိဘူးလားဆိုသည်ကို တွက်ချက်တတ်သော နှလုံးသားလေး ဖြစ်ချင်ပါသည်။

ချစ်တတ်ခြင်းကို ခံစားတတ်ပြီလား။

၅

တိုက်ဆိုင်စွာ ဖြစ်တည်လာမှုအတွက် မြတ်သက်မွန် အံ့ဩရပါသည်။

ထိုနေ့က ဘာမှမဆိုင်သော ယောက်ျားလေးများ ကစားသည့် ဘောလုံးပွဲသို့ မရောက်ဖြစ်ခဲ့လျှင် ထိုအံ့ဩဆန်းကြယ်မှုကို မြတ်သက်မွန် ခံစားရလိမ့်မည် မဟုတ်ပါ။

''သမီး မေမေနဲ့လိုက်ခဲ့''

ချိတ်ထဘီနှင့် အင်္ကျီလက်ရှည်တစ်စုံ ထုတ်ပေးတော့ အလှူမင်္ဂလာဆောင် တစ်ခုခုသွားဖို့ သူ့အတွက်

မေမေ တိုတ်တဆိတ်ချုပ်ပေးထားတာပဲလို့ ထင်၏။

ဘာမှမမေးဖြစ်ဘဲ လှပစွာပြင်ဆင်၍ မေမေ့နောက်လိုက်ခဲ့သည်လေ။

သူ့အတွေး မှားသွားပြီ။

အလှူတစ်ခုခုလို့ထင်တာ၊ တွေ့မယ့်တွေ့ရတော့ ဘောလုံးကွင်းကြီး။

မေမေက သမီးဖြစ်သူအား ကြည့်၍ပြုံး၏။

"ဘောလုံးပွဲ၊ ဘာလုပ်ရအောင်လဲ"

မေမေက ပြုံးနေ၏။

ဆီးကြိုနှုတ်ဆက်သူများအကြား ဘာမှမပြောဖြစ်တော့ဘဲ တအံ့တသြနှင့် မြတ်သက်မွန် လိုက်ခဲ့ရသည်။

"မမိရဲ့သမီးက အချောစားပဲ၊ ပန်းစည်းဆက်ပြီးပြီးချင်း မပြန်နဲ့နော်၊ ဘောလုံးပွဲပြီးတဲ့အထိ အားပေးရမယ်"



"မမိက ခုမှ သူ့သမီးကို ပွဲထုတ်တယ်"

ဘောလုံးပွဲကြည့်စဉ်တွင် ထိုင်မိချိန်၌ မိခင် ဖြစ်သူက မြတ်သက်မွန်ကို နှစ်ကိုယ်ကြားလေးပြော၏။

"သမီးငြင်းမှာစိုးလို့ ဘာရယ်လို့မပြောပဲ ခေါ်လာမိတာ၊ မေမေ့ဆန္ဒနဲ့ ရပ်ကွက်ဆန္ဒ၊ ရပ်ကွက်က အကူအညီတောင်းခံမှုကို ဖြည့်စွမ်းပေးတဲ့ သမီးကို ကျေးဇူးတင်တယ်"

မြတ်သက်မွန် မိခင်ဖြစ်သူကို ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြုံးပြဖြစ်၏။

မကြာသောအချိန်တွင်းမှာပင် ကွင်းထဲသို့ နှစ်ဘက်အသင်း ဘောလုံးသမားများနှင့် ဘောလုံးပွဲကြီးကြပ် ဒိုင်များ ကွင်းထဲသို့ဆင်းလာကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ပြုလုပ်နေရာ မြတ်သက်မွန်လက်ထဲသို့ ပန်းစည်းရောက်လာသည်။

လူကြီးတစ်ဦးခေါ်ရာနောက်သို့ မြတ်သက်မွန်နှင့်

အမျိုးသမီးများက ဘောလုံးသမားများကို ပန်းစည်း ဆက်ရန် လိုက်သွားကြသည်။

လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံ၊ ဒိုးပတ်သံများ ဆူညံသွားသည်။

သင့်ရာသင့်ရာ ဘောလုံးသမားများရှေ့တွင် ခြေစုံရပ်မိချိန်မှာတော့ မြတ်သက်မွန်တစ်ယောက် မထင်မှတ်စွာ အံ့ဩမှုတစ်ခုကို တွေ့ကြုံလိုက်ရသည်။

သြ . . . မောင်မောင်ရယ်ပေါ့။

ဂိုးသမားဝတ်စုံနှင့် မြတ်သက်မွန်ရှေ့မှာ မားမားကြီးရပ်နေလိုက်တာ။

တစ်ယောက်ကိုတစ်ယောက် အံ့ဩပြုံးလေးတွေနှင့် နှုတ်ဆက်ဖြစ်သည်လေ။

''မထင်ဘူး မမြတ်သက်မွန်၊ ကျွန်တော် အင်အားတွေတက်သွားပြီ''

ရလာသော အချိန်တိုတိုအတွင်းမှာပင် မြတ်



သက်မွန်ကို စကားပြောဖြစ်အောင် ပြောလိုက်သေးသည်။

လက်ထဲမှပန်းစည်းကို ကမ်းအပေးတွင် မောင်မောင်က ပန်းစည်းကိုလှမ်းယူပြီး ပန်းစည်းထဲမှ နှင်းဆီပန်းလေးတစ်ပွင့်ကိုချိုး၍ သူမကို ပေးလိုက်သည်။

ထိုစဉ်က ပန်းလေးကို ဘာမှရည်ရွယ်မှုမရှိ သလိုယူထားလိုက်သော်လည်း တစ်ချိန်တွင် မြတ်နိုးစွာသိမ်းထားဖြစ်မည်ဟု မရည်ရွယ်ခဲ့ပါချေ။

မောင်မောင်ပေလိုက်သော နှင်းဆီပန်းလေးကို လက်ကိုင်ပဝါဖြင့် မသိမသာထုပ်ပြီး ပန်းစည်းဆက်သော အမျိုးသမီးများနှင့်အတူ ပွဲကြည့်စင်သို့ ပြန်လျှောက်လာခဲ့သည်။

မေမေ့ဘေးတွင် ဝင်ထိုင်အပြီး မေမေကပြုံးသည်။

မကြာသောအချိန်မှာ ဘောလုံးပွဲစသည်။

မြတ်သက်မွန်သည် ဘောလုံးပွဲကြည့်ခြင်းကို

ဝါသနာမပါခဲ့သော်လည်း စိတ်ပါလက်ပါ ထိုင်ကြည့် နေမိသောအဖြစ်ကို နောင်သောအခါတွင် အံ့ဩရင်း သူငယ်ချင်းသင်းသင်းကို ပြောဖြစ်ခဲ့ရသည်။

သည်နေ့ မင်းမောင်မောင်တို့ ယှဉ်ပြိုင်ကစားသော ဘောလုံးပွဲသည် ရပ်ကွက်ပေါင်းစုံ ဘောလုံး ဗိုလ်လုပွဲဖြစ်သဖြင့် တစ်ကွင်းလုံး အားပေးသံများ ဆူညံနေသည်။

တစ်ကြိမ်တွင် တစ်ဘက်အသင်းမှ ရှေ့တန်းကစားနေသူတစ်ဦးက ဘောလုံးကို လွတ်လွတ်ကျွတ်ကျွတ် ဆွဲသယ်ပြေးလာသည်။

မင်းမောင်မောင်လည်း ဂိုးတိုင်အတွင်းတွင် အသင့်အနေအထားနှင့် စောင့်နေ၏။

တစ်ဖက်အသင်းမှလူမှာ ဘောလုံးကို ကန်ရန် ရှေ့သို့တစ်ချက်အထုတ်တွင် မောင်မောင်က တစ်ပတ်ဂျွမ်းဖြင့် ဝင်ရောက်ဖမ်းရာ လက်ခုပ်သံများ ညံစီသွားတော့သည်။



မြတ်သက်မွန်၏လက်ခုပ်သံလည်း ပါဝင်ခဲ့လေသည်။

ဝမ်းသာအားရ လက်ခုပ်တီးမိသဖြင့် လက်ဝါးလေးများ ရဲရဲနီသည်အထိဖြစ်ခဲ့၏။

ဘောလုံးပွဲများတွင် သေချာပေါက်ဂိုးများကို မင်းမောင်မောင် ကာကွယ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ မင်းမောင်မောင်တို့အသင်း နိုင်သွားကြောင်း၊ မင်းမောင်မောင် အကောင်းဆုံးဂိုးသမားဆု ရခဲ့ကြောင်းများ ပြောဖြစ်သောအခါ သင်းသင်းက ခေါင်းတညိတ်ညိတ် လုပ်ရင်း–

''ဟုတ်တယ်နော်၊ ဘောလုံးကစားတဲ့လူတွေ ဆယ့်ရှစ်ယောက် နှစ်ဆယ်မှာ သူ့ကိုမှ တိုက်တိုက်ဆိုင်ဆိုင် ပန်းစည်းဆက်ရတယ်၊ ရှင်တို့နှစ်ယောက် ဆုံစည်းဖို့ကို တမင်ဖန်တီးထားသလိုပဲ၊ တစ်နေ့ကျရင် ကိုမောင်မောင်နဲ့ရှင်နဲ့ ချစ်ဖော်ချစ်ဖက်၊ ကြင်နာဖော်ကြင်နာဖက်

ဖြစ်ဖို့ထင်တယ်၊ ရေစက်ပါတယ်ပေါ့လေ''

သင်းသင်းက အပျော်အပျက်စကားပြောပြီး ပြန်သွားသော်လည်း မြတ်သက်မွန်ရင်ထဲ မင်းမောင်မောင်နှင့်ပတ်သက်၍ ပုစ္ဆာတစ်ပုဒ်ကို ထည့်သွင်းထားပြီလားဟု သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်ဖြစ်ရသည်။

သူ့ကိုသတိရနေခြင်းသည် အချစ်လားဟု မသတ်မှတ်ဖြစ်ခဲ့ပါ။

သတိရတိုင်း ချစ်ခြင်းဖြစ်မည်ဆိုလျှင် သင်းသင်းတို့ ဝေဝေတို့ကိုလည်း သတိရတာပဲဟု တွေးဖြစ်ခဲ့သည်။

## ၁၀။

ထိုနေ့က စိတ်ထဲမည်သို့မျှ ဆုံးဖြတ်ထားခြင်း မရှိပါဘဲ၊ ဝေဝေတို့ရှိရာ ရန်ကင်းသို့ရောက်သွားသော အဖြစ်ကို မြတ်သက်မွန် နားမလည်ခဲ့ပါ။

ဝေဝေနှင့်တွေ့သည့်အခါ ကြေးအိုးစားချင်ကြောင်းပြောခဲ့ခြင်းမှာ လိမ်ထည်မှုသက်သက်သာဖြစ်ကြောင်းသိလျှင် ဝေဝေ မည်သို့ပြောမည်မသိ။ ဝေဝေ

တို့လမ်းထိပ်မှ ကင်းတဲလေးရှိရာနေရာသို့ အဝင်အထွက်တွင် အကြည့်ရောက်ဖြစ်ခဲ့သည်ကို သူကိုယ်သူ မညှာတမ်းဝန်ခံရပါလျှင် မောင်မောင့်ကို တွေ့ချင်သော ကြောင့်ဖြစ်သည်။

ကြေးအိုးဆိုင်သို့အရောက် ဖြစ်ဖြစ်မြောက်မြောက် မစားသောက်သော မြတ်သက်မွန်အဖြစ်ကို ဝေဝေ နားမလည်နိုင်။

"ကြေးအိုးစားချင်တဲ့ မိန်းမ အရာတောင် မယွင်းသေးပါလား"

"ဟုတ်တယ်၊ ဝေဝေ့ဆီလာတုန်းက စားချင်သား၊ အခုတော့ စားချင်သလိုလို မစားချင်သလိုလိုနဲ့"

ဝေဝေက အလိုမကျသောမျက်စောင်းကို မြတ်သက်မွန်ထံပို့၏။

"ပါဆယ်လုပ်ခိုင်းရင် ကောင်းမယ်ထင်တယ် ဆာကေးလည်းမှာပေါ့၊ အိမ်ကလူတွေ စားရတာပေါ့"



"ဘယ်အိမ်ကလဲ"

"ဝေဝေတို့အိမ်က"

"ဝေးသေး၊ အဖေနဲ့အမေက ကြိုက်တာ မဟုတ်ဘူး"

"ဒါဆို ဘာခက်တာမှတ်လို့၊ ထားခဲ့ရုံပေါ့"

ဝေဝေက မြတ်သက်မွန်အား မကျေမနပ် စကားတွေ ပြောဖြစ်ပါ၏။

"အသုံးနဲ့အဖြုန်းဆိုတာ ခုထိစိတ်ထဲမထားသေးဘူး၊ ကိုယ်မရှာရတာနဲ့"

"တစ်ဦးတည်းသော သမီးလေ"

"ဆယ်သက်စားမကုန်ဘူးဆိုတာ ကျွန်မသိပါတယ်"

"သိရင်ပြီးပြီ"

မြတ်သက်မွန်က အပြောင်အချော်စကားပြောသော်လည်း ဝေဝေက အဘွားအိုကြီးပမာ ဗျစ်တောက်

ချစ်တောက်နှင့် ပြောနေသေးသည်။

မြတ်သက်မွန်က ဝေဝေပြောသော စကားများကို အင်းမလှုပ်အဲမလှုပ်နှင့် ငြိမ်သက်စွာ ကားမောင်းလာသည်။

ဝေဝေတို့လမ်းထဲ ကားဝင်ဖြစ်တော့ ကားအရှိန်ကို လျှော့လျက် ကင်းတဲလေးဘေးသို့ မသိမသာ အကြည့်ရောက်သည်။

မင်းမောင်မောင်ကို မတွေ့ရဘဲ လူကြီးတစ်ဦးကိုသာ တွေ့ရသဖြင့် မကျေနပ်ချင်။

နေမကောင်းလို့လား၊ ဘာများဖြစ်လို့လဲ၊ ထိုင်နေသည့်လူကြီးကို မင်းမောင်မောင်အကြောင်း ဆင်းမေးရင်ကောင်းမလား၊ ငါ မိန်းမသားတစ်ဦးပါလား စသဖြင့် အသိတရားဝင်လာချိန်တွင် မေးမည်ဟု ထင်ဟပ်လာသော စိတ်ကူးအတွေးတို့ ပြယ်လွင့်၏။

ကားလေး ကျော်လွန်သွားပြီး ခပ်ဝေးဝေးသို့



ရောက်ရှိချိန်တွင်

‘‘မောင်မောင် ရပါပြီကွ’’

ဦးသန်းမောင်က ပြောခြင်းဖြစ်သည်။

ကင်းတဲလေးအကွယ်မှနေ၍ မင်းမောင်မောင် ထွက်လာသည်။

ဦးသန်းမောင်က ငွေတောင်ဆေးပေါ့လိပ်ကို မီးညှိ၍ မောင်မောင့်မျက်နှာကို စူးစိုက်ကြည့်ရင်းမေးသည်။

‘‘ကားမောင်းတဲ့ မိန်းခလေးဟာ ဘာဖြစ်လို့လဲ၊ ဘာလို့ မင်းကပုန်းရတာလဲ’’

‘‘သူ့ကိုတွေ့ပါမြင်ပါများရင် ချစ်တဲ့စိတ်တွေ ဖြစ်ပြီး သံယောဇဉ်တွေဖြစ်မှာစိုးလို့’’

‘‘ဩော် . . . မင်းကလဲကွာ’’

ဖြစ်ချင်တာထက် ဖြစ်သင့်တာ၊ လုပ်ချင်တာထက် လုပ်သင့်တာတွေကိုသာ မင်းမောင်မောင် လုပ်ခြင်းဖြစ်သည်။

နေရောင်သည် နေ့အတွက်သာဖြစ်၏။

လရောင်သည် ညအတွက်ဖြစ်၏။

မြတ်သက်မွန်ဘဝသည် နေမင်းဖြစ်လျှင် မောင်မောင့်ဘဝသည် ညဖြစ်သည်။

မြတ်သက်မွန်ဘဝက လမင်းဖြစ်လျှင် မောင်မောင့်ဘဝက နေ့ဖြစ်နေမည့် ဘဝအခြေအနေမျိုး မောင်မောင့်ရင်ခွင်သည် မြတ်သက်မွန်အတွက် ပြည့်စုံသော လောကလေးတစ်ခုမဖြစ်နိုင်။

မအပ်စပ်သော ဘဝနှစ်ခုကို စိတ်ကူးမယဉ်သင့်ဟု မောင်မောင်တွေးဖြစ်၏။

အချစ်နှင့်ဘဝကို ရောစွက်တွေးသင့်ပါသလား။

စဉ်းစားသူတို့၏ ရင်ခွင်နှလုံးသားသည် ချစ်ရန်အတွက်ကိုပင် ခက်ခဲ၏။

"ချစ်တာများ ဘာခက်တာမှတ်လို့မောင်မောင်ရာ၊ ဟောဒီမှာကြည့်"

ဂျပုအောင်ဆွေက ပြောပြီး ဂက်စ်မီးခြစ်ကို ခြစ်ပြသည်။

ဟုတ်ပြီလား မောင်မောင်ဟုလည်း မေးလိုက်သေး၏။

"ပြောတော့လွယ်တယ် သူငယ်ချင်း၊ အဲဒီဂက်စ်မီးခြစ်လေး မီးတောက်ထွက်ပေါ်လာတဲ့ အဆင့်

ကိုပဲ မင်းစဉ်းစားကြည့်၊ ကျောက်ကိုထိခတ်ခြစ်မယ့် ဘီးကလေးကလည်း ခွေးသွားစိတ်လေးတွေ ကောင်းဦးမှ၊ ကျောက်လည်းရှိဦးမှ၊ ဂက်စ်ကလည်း ရှိဦးမှ မီးတောက်ကလေးဖြစ်လာတာကွ၊ အချစ်ဆိုတာလည်း အဲဒီလိုပဲဖြစ်နိုင်တယ်၊ ငါက စွဲလမ်းပေမယ့် မြတ်သက် မွန်က ငါ့စွဲလမ်းမှုကို အသိအမှတ်ပြုဦးမှ၊ အဲဒါတွေ ထားပါဦး၊ အဆင့်အတန်းခေါ်မလား၊ အလွှာခေါ်မလား၊ မတူညီတဲ့ဘဝခေါ်မလား၊ အဲဒါတွေက မြတ်သက်မွန် နဲ့ငါ့ကို မျဉ်းကြောင်းလေးဆွဲပေးထားတယ်၊ အုတ်တံတိုင်းအဖြစ် ကာရံထားတယ်''

''ကြောင်ပြန်ပြီကွာ''

''ဆွဲကြိုးကိစ္စလေး အကြောင်းပြုပြီး ချစ်ရေးဆိုရင် အခွင့်အရေးယူရာကျမယ်၊ သူ့ရဲ့ဂုဏ်ခနေတွေ မက်မောလို့ဆိုတဲ့ စွပ်စွဲချက်တွေကိုပါ ရင်မဆိုင်ချင်ဘူး၊ ရင်ထဲမှာ တိတ်တိတ်ကလေး လွမ်းနေချင်တယ်''



ဂျပုအောင်ဆွေက သူ့စကားအဆုံးမှာ အားရပါးရရယ်မောတော့၏။

''ဟေ့ကောင်ဂျပု အခွင့်မပေးရတိုင်း အရမ်းကြီးမရယ်နဲ့ကွာ၊ လေထုညစ်ညမ်းတယ်''

''မင်းကွာ ငါ မောင်မောင့်ကို ဒိုင်တွေထည့်မလို့၊ မင်းရှုပ်တာနဲ့ ဒိုင်တွေ တော်ကီတွေ ပျောက်ကုန်ပြီ''

''မပျောက်ဘူး၊ ငါ့ပါးစပ်ဖွဲ တော်ကီတွေရောက်လာတာကွ၊ ဒီမှာ မောင်မောင်၊ အဟမ်းအဟမ်း အချစ်မှာ သတ်မှတ်ချက်မရှိဘူး၊ မတူညီတာ တူညီတာတွေမရှိဘူး၊ အဲဒါကြောင့်ပဲ မြတ်သက်မွန်က မင်းရှိတတ်တဲ့နေရာတွေကို မှန်မှန်ကြီးခြေဦးလှည့်နေတာပေါ့ကွ''

''ခုတစ်ခါ ရန်ကင်းဘက်ကိုလာရင် မင်းထွက်တွေ့လိုက်၊ တစ်ခုခု ထူးခြားရမယ်ကွာ''

''ငါ ရင်တွေခုန်တယ် ဝင်းသိန်းရာ''

"သေချာသွားပြီ"

"နှလုံးရောဂါ၊ ရင်တုန်တာ နှလုံးရောဂါ၊ ဆရာဝန်နဲ့ပြမှ ဖြစ်မှာပေါ့"

ဝင်းသိန်းက အောင်ဆွေကို ခွေးကောင်ဟု မေတ္တာပို့၏။

"မြတ်သက်မွန်ကို ငါမေ့ထားတာ အကောင်းဆုံးပါပဲကွာ"

"မေ့တာကလည်း သည်အတိုင်းမေ့လို့ရမှာ မဟုတ်ပါဘူး"

အောင်ဆွေပြောသည်။

"ဘာလဲ အရက်တွေသောက်ခိုင်းပြီး မေ့မလို့လား"

ဝင်းသိန်းက မေးသည်။

"မဟုတ်ဘူး။ မေ့ဆေးနဲ့မှ"

ဝင်းသိန်းပါးစပ်မှ မေတ္တာပို့ကျိန်ဆဲသံများ ထွက်



သွားသည်။

"ကဲ . . . မောင်မောင်၊ မြတ်သက်မွန်နဲ့ ပတ်သက်ပြီး မင်းဘာလုပ်မလဲ၊ ရှေ့ဆက်မှာလား၊ နောက်ဆုတ်မှာလား၊ အဲဒီလိုမှမဆုံးဖြတ်ရင် ရှေ့တိုး နောက်ဆုတ်နဲ့ ဆန့်ငင်ဆန့်ငင်ပုံစံကြီး ဖြစ်နေလိမ့်မယ်"

"ဟေ့ . . . ဟေ့ ရေပုံးပေး ရေပုံးပေး၊ မြန်မြန်ကွာ"

အောင်ဆွေက ပြုံးပြုံးပြုံးပြုံးလုပ်တော့ အားလုံးဟိုကြည့်သည်ကြည့် ဖြစ်ရသည်။

"ဘယ်မှာမီးလောင်လို့လဲ"

"ဒီမှာလေကွာ၊ မောင်မောင့်ခေါင်းမှာ မီးခိုးတွေထွက်နေပြီ၊ မြတ်သက်မွန်နဲ့ပတ်သက်ပြီးသည် ကောင်စဉ်းစားရတာ ခေါင်းမီးတောက်နေပြီကွ"

"ဖြစ်နိုင်တယ်၊ ကဲ ဦးနှောက်ရှင်းလင်းရေး လုပ်မယ်၊ သမ္မတရုံကိုချီတက်"

"အေး . . ဟုတ်တယ်၊ ဟပ်ချိုး . . ဟပ်ချိုး . . . ဟပ်ချိုး"

"ချိုပြီဟေ့၊ တက်ပြီဟေ့၊ စီးတော်မြ ရှုပ် ဆလွန်းနဲ့ သွားကြတာပေါ့"

သူတို့အဖွဲ့ကို ကျောင်းသူကျောင်းသားတွေ ကြည့်ပြီး ပြုံးနေကြသည်။

သူငယ်ချင်းများက ပျော်ရွှင်ဖွယ်ရာများ ဖန်တီး ကြပေမယ့် မောင်မောင် မပျော်ပါ။

မြတ်သက်မွန်အတွက် ရင်ထဲမှာ မရှင်မယှ မကြည်မလင်ဖြစ်နေရသည် မဟုတ်လား။

အချစ်သည် မောင်မောင့်အား နှိပ်စက်လေပြီ။

၁၁။

"ဟော့ . . . ဟိုမှာတွေ့လား၊ ရှင့်လူကြီး"

သင်းသင်း လက်တို့ပြောလိုက်မှ မြတ်သက်မွန် ဖျတ်ခနဲလှည့်ကြည့်မိ၏။

မင်းမောင်မောင်မှ မင်းမောင်မောင်အစစ်။

တစ်ယောက်တည်းရယ်ပါ။

ကချင်လွယ်အိတ်လေးလွယ်၍ စာကြည့်တိုက်

ရှေ့မှ ဖြတ်လျှောက်လာ၏။

ဖျတ်ခနဲ ရင်တွေခုန်လာ၏။

"ဟိုမှာ ကြည့်နေတယ်"

"ဟင် ... မမြင်ဘူးနဲ့တူတယ်၊ ဟိုဘက်ချိုးကွေ့သွားပြီ"

"ဘာလဲ၊ သူ စောစောက ကျုပ်တို့ဘက်ကို သေချာကြည့်နေတာပဲ"

အဓိပတိလမ်းကို ဖြတ်၍ မင်းမောင်မောင် ကျောင်းသားများ အပန်းဖြေရိပ်သာဘက်ကို ထွက်သွား၏။

သူ့ကို ဒီကကြည့်လိုက်ရတာ။

အနားရောက်လာရင် နှုတ်ဆက်မလို့။

ခုတော့ ...

တမင်တကာ မမြင်ချင်ယောင်ဆောင်ပြီး ထွက်သွားတာလားကွယ်။

---



ရင်ထဲမှာ ချင့်ရဲမပြေစွာ ခံစားကျန်ရစ်ခဲ့သည်လေ။

မြတ်သက်မွန်ရင်ထဲ နွမ်းမောသွား၏။

"ကျွန်မ သူ့နောက်ကို လိုက်သွားကြည့်မယ်"

မြတ်သက်မွန် ပြောသည်။

"ဘာလုပ်ဖို့လဲ"

"သူ တကယ်မမြင်တာလား၊ မြင်ရက်သားနဲ့ ခေါ်ချင်လို့ လမ်းလွှဲသွားတာလားလို့"

"ဟင် ... မိန်းမဈေးပျက်တယ်ကွာ"

"ပျက် .. ပျက်၊ သိချင်တာသိရမှ ရင်ထဲရှင်းမှာ"

"သွားကွာ၊ သွားမလေ့စေ၊ မိမွန်အကြောင်း ရှင်းသိသားနဲ့၊ ကဲ ... သွား"

ဝေဝေက လွှတ်လိုက်၏။

"ရှင်တို့မလိုက်ဘူးလား"

"ခပ်လှမ်းလှမ်းက လိုက်ခဲ့မယ်၊ သွားနှင့်"

သိပ်စဉ်းစားမနေတော့။

လမ်းကိုဖြတ်ကူးပြီး သူနောက်လိုက်လာခဲ့သည်။

မြတ်သက်မွန်က သည်လိုပဲ။

စိတ်ကြီးသည်။ စိတ်မြန်သည်။

သွက်လက်စွာ လျှောက်လှာသော်လည်း မြတ်သက်မွန်က မိန်းမသားခြေလှမ်းမို့ သူ့ကို လိုက်မီ အောင်ဖြစ်နေသည်။

မင်းမောင်မောင်သည် စာအုပ်ဆိုင်လေး ရောက်မှ အမှတ်မထင်လှည့်ကြည့်လိုက်၏။

"ဟင်"

မြတ်သက်မွန် လျှောက်လာတာတွေ့သည်။

ရင်တွေ တဒိန်းဒိန်းခုန်ရင်း မလုံမလဲမျက်နှာ ဘယ်ထွက်ပြေးရမှန်းမသိ ဖြစ်သွား၏။

"ကိုမောင်မောင်"



"ဗျာ"

ကြောင်တိကြောင်တောင် သူ့အမူအရာကို မြတ်သက်မွန် ရယ်တော့ရယ်ချင်သွား၏။

"တစ်ယောက်တည်းလား"

"ဟုတ်"

"ခုတလော ဘယ်ပျောက်နေလဲ၊ မတွေ့ဘူး"

"ရှိပါတယ်"

"စောစောက ကျွန်မကိုတွေ့လျက်သားနဲ့ နှုတ်မဆက်ချင်လို့ ဒီဘက်ထွက်လာတာလား"

"ဟုတ်၊ အဲ . . . မဟုတ်ပါဘူး"

"ခစ် . . . ခစ် . . . ခစ် . . . ခစ်"

"ကျွန်တော် မမြင်ဘူး၊ မမြတ်သက်မွန်က ဘယ်နားမှာတွေ့တာလဲ"

ခပ်တည်တည်ဖြီးလိုက်၏။

"ရှင့်ရုပ်ကြီးက လိမ်စင်ကြီး၊ ကျွန်မက ရှင့်ကို

နှုတ်ဆက်ချင်လို့ စောင့်ကြည့်နေတာ''

''ဟုတ်လား''

''ဘာဟုတ်လားလဲ၊ ဒါ သက်သက်လုပ်တာ''

''ဘာကိုလဲ''

''စောစောက မမြင်ချင်ယောင်ဆောင်ပြီး ထွက်လာတာလေ''

ဒေါသလေးနှင့် ပြော၏။

''မဟုတ်ရပါဘူး၊ ဘုရားစူး၊ မိုးကြိုးပစ်''

အယ် . . . စိတ်ထဲကတော့ ''ဘွာတေး၊ ဘွာတေး''လို့ တောင်းပန်လိုက်၏။

သူ တကယ် မမြင်ချင် ယောင်ဆောင်ခဲ့တာ မဟုတ်လား။

''ရှင် ကျွန်မခင်သလို မခင်ဘူး''

''ဗုဒ္ဓေါ''

''ဘာ . . . ဗုဒ္ဓေါလဲ၊ ကြောင်တောင်တောင်နဲ့



ဘာတွေ ဟန်ကြီးပန်ကြီးနိုင်နေတာလဲ''

''ဟောဗျာ၊ ကျွန်တော်က ဘာမှဟန်ကြီးပန်ကြီးနိုင်စရာ အကြောင်းမရှိပါဘူး၊ တကယ့်ကိုမမြင်လို့''

''ပါဝါမျက်မှန်တပ်လိုက်''

''အယ် . . . ဟုတ်ကဲ့၊ ဟဲ . . . ဟဲ''

သူရယ်ချင်သွား၍ တကယ်ပင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

စောစောက တင်းနေသောစိတ်များ ပြေပျောက်ပြီး မြတ်သက်မွန် သူနှင့်ရော၍ရယ်သည်။

''ဟုတ်တယ်လေ၊ ရှင်က လူတစ်ယောက်လုံးတောင် မမြင်ဘူးဆိုတော့၊ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး၊ သင်းသင်းရော ဝေဝေရောပဲ''

''ဟုတ်လား၊ အားနာစရာ''

''ဟွန်း . . . ခုမှ''

''ကျွန်တော်က မျက်လုံးမကောင်းတာ မဟုတ်

ဘူး၊ စိတ်ကူးယဉ်ပြီးလျှောက်လာတာ''

''ကြည့်စမ်း၊ ဘာတွေစိတ်ကူးယဉ်နေတာလဲ မဟုတ်မှလွဲရော၊ မိန်းကလေးတစ်ယောက်ယောက် အကြောင်းလား''

''ဟို . . . ဝတ္ထုရေးဖို့ပါဗျာ''

''ရှင်က စာရေးဆရာလား''

''အင်း . . . စာတွေရေးကြည့်နေတာ၊ စောစော ကကိစ္စ တောင်းပန်ပါတယ်၊ တကယ်မမြင်လို့ပါ''

''ရှိစေတော့၊ ရှိစေတော့၊ ဒီလောက်တောင်း ပန်နေမှ အမိုက်အမဲလေးကို ဖွမယူပါဘူး၊ နောက်ကို ဒီလိုရှောင်လွှဲသွားမယ်ဆိုရင်တော့ ခွင့်မလွှတ်ဘူး''

''ဟုတ်ကဲ့''

သူ ရယ်မိပြန်၏။

ဆံရှည်မလေးက ဒီလိုဆိုတော့လည်း အပြောင် အပျက်တွေ ပြောတတ်ရှာသားပဲ။

''ဟိုမှာလေ၊ လိုက်လာကြပြီ''



သင်းသင်းနှင့်ဝေဝေ ရောက်လာသည်။

မျက်မှန်းတန်းမိနေ၍ မိတ်ဆက်ပေးမထား သော် လည်း တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်မိကြ၏။

''သူက သင်းသင်း၊ သူက ဝေဝေ၊ သင်းသင်း နာမည်က သင်းသင်းဆွေ၊ ဝေဝေ့နာမည်က ဝေဝေ အောင်''

''တွေ့ရတာဝမ်းသာပါတယ်၊ တွေ့ဖူးမြင်ဖူး တာကြာပြီ''

''ရှင်တစ်ယောက်တည်းလား၊ ရှင့်သူငယ်ချင်း တွေ အရမ်းဆိုးလို့ တစ်ကျောင်းလုံးသိတယ်''

သင်းသင်းပြော၏။

''ပျော်တတ်တာပါ၊ လာလေ . . . ကျွန်တော် တို့ တစ်ခုခုသွားစားရင်း စကားပြောကြရအောင်၊ မမြတ်သက်မွန်တို့ ဘယ်သွားချင်လဲ''

''ကျွန်မတို့ ထမင်းစားပြီးခဲ့လို့ ဘာမှမစားချင်

ဘူး၊ ဩော် . . . မွန်က ဘာမှမစားခဲ့ရသေးဘူး သူ
ခေါ်သွား''

ဝေဝေက ပြင်းဆိုရင်း မြတ်သက်မွန်အား
တွန်းလွှတ်၏။

''ဟယ် . . . မဟုတ်ပါဘူး၊ တစ်ယောက်တည်း
ာ်မစားပါဘူး၊ နောက်တစ်ခါမှ၊ ကျွန်မရင် ပြည့်နေလို့
မှမစားဘူး။ ဟင်း . . . ဟင်း သွားမယ်နော် ကို
ာင်မောင်''

''ဟုတ်ကဲ့''

မိန်းကလေးသုံးယောက် ထွက်သွားတာကို သူ
နောက်ပြန်လှည့်မကြည့်ဘဲ စာအုပ်တွေကို စိတ်ဝင်တစား
လှန်လှောကြည့်နေ၏။

ဒါပေမယ့် သူ့ရင်ထဲမှာတော့ တည်ငြိမ်ခြင်းမရှိ
တဒိန်းဒိန်း ခုန်နေသည်လေ။

# ၁၂။

ဝင်းသိန်းက ဗလာစာအုပ်ကို ပိတ်လိုက်ရင်း

''မင်းရေးထားတာတွေက တို့လို့တန်းလန်းကြီး
ပါလားကွ၊ ပြီးလည်းမပြီးဘူး၊ ဟိုရောက်သည်ရောက်နဲ့''

''စိတ်ထဲရှိတာ ချရေးတာ''

''ဇာတ်သိမ်းပိုင်းကို မင်းဘယ်လိုအဆုံးသတ်
မလဲ''

''ကံစီမံရာပဲပေါ့''

''ကံစီမံရာပဲလားကွ၊ လူက ဖန်တီးလို့မရဘူးလား''

''ဖန်တီးတိုင်းလည်းမဖြစ်၊ မဖန်တီးတိုင်းလည်း ဖြစ်တတ်တဲ့၊ လောကသဘောတွေကို မင်းသဘော ပေါက်ရင် ငါ့ကို အဲဒီလိုစကားပြောမှာ မဟုတ်ဘူး။ ဒါနဲ့ မြတ်သက်မွန် စေ့စပ်တော့မယ်ဆိုတာ အမှန်ပဲလား''

''ဟုတ်တယ်''

''မင်း ဘယ်လိုစီစဉ်ထားလဲ''

''စဉ်းစားတုန်းပဲ''

''ဘိုးဘွားရိပ်သာရောက်တဲ့အထိ စဉ်းစားမှာလား''

''အခြေအနေနဲ့ အချိန်အခါလိုက်လို့ပေါ့''

''မရေရာပါဘူးကွာ''

''မင်းပြောတာ စောလွန်းတယ်၊ မြတ်သက်မွန် အိမ်ထောင်ကျပြီးမှ မင်းဆုံးဖြတ်မှာလား၊ ကျန်ရစ် မင်း



သားဖြစ်နေဦးမယ်''

''ဟုတ်တယ်၊ တစ်နေ့ မြတ်သက်မွန်နဲ့ပတ်သက်လို့ ငါ လိုမ့်လို့ကျန်ရစ်ခဲ့ရမှာကို သိပြီးသား''

''ကောင်းကွာ၊ မင်းစကားက အာဟာရချို့တဲ့နေတဲ့ ကလေးငယ်လိုပဲ၊ လွမ်းတယ်ဆိုတာ မကောင်းဘူး၊ မင်းက ခုကတည်းက အရှုံးပေးချင်နေတာ''

''ငါသိနေတယ်ကွ၊ မရောက်ရှိသေးတဲ့ လွမ်းချင်းတစ်ခုအတွက် ကြိုတင်မခံစားချင်ဘူး၊ နွေရာသီ အချိန်ကြီးမှာ မိုးရာသီရောက်ရင် မိုးစိုးမှာစိုးလို့ မိုးကာ အင်္ကျီ ကြိုတင်ဝတ်ထားသလိုမျိုးကြီး မဖြစ်ချင်ဘူး''

''အဲဒီလိုမျိုးကြီး ပုံသေအယူအဆတော့မထားနဲ့ မောင်မောင်၊ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုတဲ့ စကားကို မေ့မထားနဲ့ငါ့လူရ၊ ကြိုတင်ပြင်ဆင်မှုကတော့ ရှိရမယ်၊ မြတ်သက်မွန်နဲ့ပတ်သက်ပြီး စဉ်းစားကြိုတင် ပြင်ဆင်သင့်တယ်''

၆

"ပြင်ဆင်ဖို့မလိုပါဘူး ဝင်းသိန်းရား၊ သူနဲ့ငါ ချစ်ကြတာပေမယ့် သူ့ကို ဆင်းရဲတွင်းထဲ စွဲမနစ်ချင်ဘူး"

"မင်းမို့ပြောတတ်တယ်၊ ငါ့အမြင်တော့ မင်း မြတ်သက်မွန်ကို သေမလောက်ချစ်တယ်၊ ဟိုကလည်း မင်းရှိတဲ့အရပ် ခဏခဏလာပြီး မင်းကိုကြည့်တယ်၊ မင်းရှောင်နေတာ ဘာကောင်းလဲ၊ အလကားကောင်၊ မင်း သက်သက်ကြောင်တာ၊ မင်းကို ငါ အထင်မကြီးဘူး"

"အထင်မကြီးတာပဲ ကောင်းပါတယ်ကွာ"

"အင်း .. မင်းမောင်မောင်၊ မင်းမောင်မောင် ချစ်ချင်တိုင်း မချစ်ရတဲ့ဒုက္ခကို ခံစားပြီးသေလိုက်စမ်း ကွာ"

သူငယ်ချင်းတွေက သူ၏မထုံတက်တေး အမူအရာကိုကြည့်ရင်း အားမလိုအားမရ ဖြစ်ကြကုန်သည်လေ။

"ဟော့ . . . အရစ်လှနေကြပါလား၊ ဒါက ဘယ်သွားကြမလို့လဲ"

အရှည်ကြီးဝင်းသိန်းက ဝေဝေနှင့်သင်းသင်းကို နှုတ်ဆက်လိုက်၏။

မင်းမောင်မောင်နှင့် ပတ်သက်ပြီး ဝေဝေတို့လည်း အရှည်ကြီးတို့နှင့် ရင်းနှီးနေပြီဖြစ်သည်။

"သူငယ်ချင်းတစ်ယောက်ရဲ့အစ်မ မင်္ဂလာဆောင်ပါ"

''ဩော် . . . ဟိုတစ်ယောက်ရော မပါဘူး လား''

''ဘယ်တစ်ယောက်လဲ''

''မြတ်ဆုမွန်၊ အဲ . . . မြတ်သက်မွန်''

''ဟင် . . . နာမည်တောင် အပေါက်အလမ်း တည့်အောင် မခေါ်တတ်ဘူး၊ မွန့်အကြောင်းတော့ မပြော ချင်တော့ဘူး''

''ဟင် . . . ဘာဖြစ်လို့လဲ''

အရှည်ကြီးက ထုံးစံအတိုင်း မျက်လုံးမျက်ဆံ ပြူးပြီး အထိတ်တလန့်မေးသည်။

''မပြောချင်တော့ဘူးဆိုမှ''

''အဲ . . . ဒါဆိုလည်း မပြောနဲ့တော့ဗျာ''

''ဟောတော့၊ မပြောချင်တော့ဘူးဆိုတာ ပြော ချင်လို့ပြောတာ၊ ဒီမှာ ကိုအရှည်ကြီး''

''ဟီး . . . ဟီး၊ အရှည်ကြီးလို့မခေါ်နဲ့၊ ရှက်



တယ်၊ တကယ်တော့ ကျွန်တော် အ နံကိုရှည်တာ''

''ဟင်''

''အရပ်ကိုပြောတာ၊ ငါးပေဆယ့်တစ်လက်မ ရှိတယ်''

''မွန်တစ်ယောက် ဟိုရောဂါရနေတယ်''

''ဖေအဲ့ဒ်ီအက်စ်လား''

''ဖွဟဲ့၊ ဩော် . . . ဟောဒီအရှည်ကြီးဟာ နော်၊ အချစ်ရောဂါရနေတယ်ပြောတာ၊ အချစ်ရောဂါနဲ့ လွမ်းဖျား လွမ်းနာကျပြီး ဘယ်ကိုမှသွားချင်လာချင် စိတ် မရှိအောင် ဖြစ်နေတယ်''

''အချစ်ရောဂါ ဟုတ်လား၊ ဒါဆို ကုရာနတ္ထိ ဆေးမရှိဘူးပေါ့''

''အနာသိရင် ဆေးရှိရမှာပေါ့၊ ရှင်တို့သူငယ်ချင်း ကရော ဘာကြီးမှန်းမသိဘူး''

''မင်းမောင်မောင်လား၊ ဒီကောင်လည်း ရူးသွပ်

နေတာပဲ၊ ဟဲ့ . . . ဟဲ"

"အဲဒါ သူတို့နှစ်ယောက် အဆင်ပြေအောင် ကြည့်လုပ်စမ်းပါရှင်၊ ပြောရမှာတောင် ရှက်ပါရဲ့၊ ကျွန်မတို့က မိန်းကလေးရှင်ကိုး"

"အင်း . . . ကျွန်တော်တို့ ကြိုးစားကြည့်ပါဦးမယ်၊ ဟဲ . . . ဟဲ့ သူများအတွက်သာ ပြောနေတယ်၊ ခင်များတို့ကိုယ်တိုင်ကရော"

"ဘာလဲ"

"ဒီအတိုင်းပဲ နေကြတော့မလားလို့"

"အဲဒါ ရှင့်အပူလား"

"ဟဲ . . . ဟဲ . . . ဟဲ"

အရှည်ကြီး ရယ်မောရင်း ကျန်ခဲ့လေသည်။

## ၁၃။

"မောင်မောင် ပါပြောနေတာ ကြားရဲ့လား။ နှုတ်ဆွံ့မကြားမမြင် ကျောင်းသား လုပ်မနေနဲ့၊ မြတ်သက်မွန်မင်းနဲ့ပတ်သက်ပြီး ဝေဒနာတွေဖြစ်နေပြီ"

"ဖြစ်ပါစေကွာ"

"ဘာကြီးလဲဟ၊ ကိုယ့်အတွက်ကြောင့် လူသားတစ်ဦး ဝေဒနာဖြစ်တာ မကောင်းဘူးလေ၊ မောင်မောင်

မြတ်သက်မွန်ဆိုတာ မင်းရဲ့ချစ်သူ''

''ဟုတ်တယ် မောင်မောင်၊ မင်းနဲ့ပတ်သက်ပြီး မြတ်သက်မွန် တော်တော်ခံစားနေရတယ်၊ သူ့ခံစားချက်တွေက ဟန်ဆောင်ခံစားမှုမဟုတ်ဘူး''

သူငယ်ချင်းတွေက မင်းမောင်မောင်အား အားမလိုအားမရ ပြောနေခြင်းဖြစ်သည်။

မင်းမောင်မောင်ကတော့ အင်းမလှုပ်အဲမလှုပ်။

''မောင်မောင်၊ မင်းရဲ့အသိဉာဏ်တွေ မချို့ယွင်းသေးပါဘူးနော်၊ မြတ်သက်မွန်နဲ့ ပတ်သက်ပြီး မင်းရဲ့ခံစားချက်တွေကို ဘာဖြစ်လို့ ချုပ်တည်းနေရတာလဲ''

''မင်းတို့တွေ ငါ့ကို အပြစ်တင်နေတာလား၊ ငါ့မှာ ခံစားမှုမရှိသလို ကြင်နာမှုမရှိသလို စက်ရုပ် နှလုံးသားနဲ့ လူစားမျိုးကိုဖြစ်လို့''

မင်းမောင်မောင်ပြောပြီး လွယ်အိတ်ထဲမှ စာအိတ်လေးတစ်အိတ်ကို ထုတ်ပေး၏။



ဝင်းသိန်းက မင်းမောင်မောင်လက်ထဲမှ စာအိတ်ကိုယူ၍ ဖွင့်ဖတ်လိုက်သည်။

''ဘယ်သူ့ဆီက စာလဲကွ''

''ဖတ်ကြည့်လေ''

**မင်းမောင်မောင်**

ဦးဟာ မြတ်သက်မွန်ရဲ့အဖေ ဖြစ်ပါတယ်။

ဒီသမီးလေးတစ်ယောက်တည်း ရှိတာမို့ သူ့အတွက် အများကြီးစုဆောင်းထားတယ်။ သူ့အတွက် ခြံဝင်းနဲ့အိမ်၊ စိန်ရွှေငွေကားတွေ အဆင်သင့်၊ ဦးတို့ထက် သာအောင် မင်းမစွမ်းဆောင်နိုင်မယ့်အတူတူ သူ့အနားက ဝေးဝေးသွားပေးပါ။ သမီးရဲ့ကောင်းစားရေးကို ရှေ့ရှုပြီး နောက်ဆုတ်ပေးမယ်ဆိုရင် မောင်ရင့်ကို ငွေနှစ်သိန်းလာပေးမယ်။

*ကျော်အောင်*

''ဒါ မြတ်သက်မွန်ရဲ့အဖေ ရေးတဲ့စာ''

''ဟုတ်တယ်၊ သူ့အဖေက ငါ့အကြောင်း ဘယ်လိုသိလဲမသိဘူး၊ ငါ နောက်ဆုတ်သင့်လား၊ မသင့်ဘူးလား၊ မင်းတို့စဉ်းစား''

''မင်းကရော ဘယ်လိုစဉ်းစားထားလဲ''

''သူပေးမယ့် ငွေနှစ်သိန်းလည်း မလိုချင်ဘူး မြတ်သက်မွန်ကိုလည်း ငါ့ဘဝထဲဆွဲသွင်းပြီး ဆင်းရဲပင်ပန်းခြင်းနဲ့ မနှစ်မွန်းစေချင်ဘူး''

''သည်အချိန်ဟာ စိတ်ကူးယဉ်ရမယ့် အချိန်မဟုတ်ဘူး''

''အရေးထဲကွာ ကဗျာဆန်နေရသေး''

''ကဗျာဆန်တဲ့စကားမဟုတ်ဘူး အောင်ဆွေ မြတ်သက်မွန်အပေါ် ထားရှိတဲ့မေတ္တာတရား အမှန် ပါ''

''မင်းစကားတွေ နားစလစ်ဖြစ်တယ်၊ ရှင်းအောင်ပြောကွာ''



မျိုးဦးက စိတ်မရှည်ဟန်ဖြင့် ဝင်ပြော၏။

''ဟုတ်တယ် မောင်မောင်၊ မင်းစကားတွေက ကက်မောင်းတိန်းမောင်းတိန်း ဖြစ်နေတယ်''

အောင်ဆွေက နောက်ပြောင်စကားကို ဆိုသော်လည်း မောင်မောင် မပြုံးဖြစ်။ အချစ်နှင့်ပတ်သက်၍ ရင်တွင်ပူလောင်နေရပါ၏။

''ဘယ်လို ဆုံးဖြတ်လဲလို့''

''စွန့်လွှတ်ရမှာပေါ့ကွာ''

''ထပ်တရီး'' ဟု ဝင်းသိန်း မှတ်ချက်ချလိုက်၏။

''မင်း မစွန့်လွှတ်ရဘူး မောင်မောင်၊ မင်းနဲ့ မြတ်သက်မွန်တို့ရဲ့ နှလုံးသားဆက်နွယ်မှုကို ငါတို့ သိနေတယ်၊ မြတ်သက်မွန်ရဲ့အဖေက ငွေကြေးအရှိန်အဝါနဲ့ မင်းကို အနိုင်ယူတာ၊ အရှုံးမပေးနဲ့၊ ငါ့ရဲ့ဆွေမျိုး အသိုင်းအဝန်းရှိတယ်၊ နောက်မဆုတ်နဲ့ မောင်မောင်''

ဝင်းသိန်း၏ အားပေးစကားကို သူ ခေါင်းခါ သည်။

"တစ်ဖက်သား စိတ်ဆင်းရဲပြီး အနိုင်ယူရမယ့် အဖြစ်မျိုးကို မလိုချင်ဘူး သူငယ်ချင်း၊ အထူးသဖြင့် မိဘတွေ စိတ်ဆင်းရဲရမယ့် အဖြစ်မျိုးကိုပေါ့ကွာ အစ်ကိုကြီးနဲ့ပတ်သက်ပြီး မေမေစိတ်ဆင်းရဲဖြစ်တာကို ငါ မြင်တွေ့ခဲ့ရပြီ၊ သားသမီးကြောင့် မိဘစိတ်ဆင်းရဲ ရရင် မကောင်းဘူး၊ မြတ်သက်မွန်အတွက် ငါလို လူမျိုး အစားနေနိုင်ပေမယ့် မိဘဆိုတာ တစ်သက်မှာတစ်ခါသာ သားသမီးတွေက ရပိုင်ခွင့်ရှိတာ"

"မြတ်သက်မွန်က စက်ရုပ်လူသားမဟုတ်ဘူး"

"အချစ်ကြောင့် ရူးသွပ်ခံစားရသူတွေ ရှားပါး တယ်၊ အချိန်ဆိုတဲ့ သမားတော်ကြီးက ဝေးကွာခြင်း စက္ကန့်တွေကြားမှာ မွန်းကို ကုစားပေးမှာပါ သူငယ်ချင်း တို့ရာ"



"ဆုတောင်းပေးလိုက်ပါရဲ့၊ ချစ်သူတိုင်းလည်း ညားကြပါစေ၊ ညားသူတိုင်းလည်း ချစ်ကြပါစေဆိုတဲ့ သီချင်းလေးကို နှုတ်မြောတယ်ကွာ"

အောင်ဆွေက ပြောလိုက်သည်။

နှင့်ကနဲ ရင်ထဲတွင် ခံစားရ၏။

ဝေ့ခနဲဖြစ်သွားသော မျက်ရည်ကိုထိန်းရင်း ရင်ထဲမှ အသံတိတ်စကားကို မောင်မောင်ပြောလိုက်သည်။

"ကံကြမ္မာအထုအထောင်းကြားမှာ သံသရာဆု လည်း မတောင်းချင်တော့ပါဘူး မြတ်သက်မွန်ရယ်"

“ဘာ၊ မောင်မောင်က မူးယစ်ဆေးဝါး သုံးစွဲနေတယ်၊ မဖြစ်နိုင်ဘူး။ ကျွန်မ မယုံဘူး။ ရှင်တို့ ကျွန်မကို ယုံကြည်အောင် ဘာနဲ့သက်သေပြမှာလဲ”

မြတ်သက်မွန် ခါးခါးသီးသီး ဖြစ်သွား၏။

“မူးယစ်ဆေးဝါးစွဲလို့ ထောင်ကပြန်လွတ်လာတဲ့ လူနဲ့တွဲနေတာ”

“မောင်မောင်က ဘောလုံးအားကစားသမား။ မူးယစ်ဆေးဝါးမပြောနဲ့၊ ဆေးလိပ်မသောက် ကွမ်းမစား ရှင်တို့အသိပဲဟာ”

"လူရဲ့စိတ်နေစိတ်ထားဆိုတာ ပုံသေနည်းမှ မရှိတာ မြတ်သက်မွန်ရာ၊ ပြောင်းလွဲခြင်းနိယာမနဲ့ ပြောင်းလွဲသွားတာရော မဖြစ်နိုင်ဘူးလား"

ဝင်းသိန်းက စားပွဲခုံတွင် ဝင်ထိုင်ရင်းပြော၏။

အောင်ဆွေနှင့် မျိုးဦးတို့လည်း ဝင်ထိုင်လိုက်ကြသည်။

"သူငယ်ချင်းတစ်ယောက်လုံး အဲလိုဖြစ်နေတာ ရှင်တို့ဝင်မပြောကြဘူးလား"

"မပြောဘဲနေမလား၊ ပြောသမှ ရန်တွေဘာတွေဖြစ်၊ ဒီကောင်ဆို လက်သီးနဲ့ဆွဲထိုးမယ် လုပ်နေတာ"

"ဒါဆို ကျွန်မပြောမယ်၊ သူ ဘယ်မှာလဲ ကျွန်မသူ့ကို မတွေ့တော့ဘူး"

"မတွေ့နဲ့ မြတ်သက်မွန်"

"မဟုတ်ဘူးလေ၊ ကျွန်မပြောရင်ရမှာ"



"မတွေ့သင့်တဲ့နေရာ၊ မပြောသင့်တဲ့နေရာမျိုး ရောက်နေတယ်"

"ဘာဖြစ်လို့လဲ"

"ထောင်ဆိုတဲ့နေရာဒေသမျိုးကို မြတ်သက်မွန်သွားမှာလား"

"ရှင် . . . မောင်မောင်လေ၊ ထောင်ထဲမှာ ဟုတ်လား"

မယုံကြည်နိုင်စွာ တအံ့တသြနှင့် မြတ်သက်မွန် ရင်တွေ တုန်ခါသွားသည်။

"မြတ်သက်မွန်ရဲ့မောင်မောင် ထောင်ထဲ ရောက်သွားပါပြီ၊ မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ထောင်ကျသွားပြီ မြတ်သက်မွန်၊ မောင်မောင့်ကို မြတ်သက်မွန် မေ့လိုက်ပါတော့၊ သူ့ဘဝနဲ့သူ ရှိပါစေတော့ မြတ်သက်မွန်"

ဝေ့ခနဲ လျှံတက်လာသော မျက်ဝန်းမှအရည်ကြည်သည် မြတ်သက်မွန်၏ပါးပြင်နုစ်ဖက်ပေါ်သို့ အဆီး

အတားမဲ့စွာ စီးကျနေပါပြီ မောင်မောင်ရယ်။

၁၄။

ကြည့်စမ်း . . . ။

ကျွန်မဘဝမှာ လိမ်ညာလှည့်စားမှုများကို ခံစားလိုက်ရတာ ဘယ်လောက်များ ဝမ်းနည်းရှက်ရွံ့ စရာကောင်းလိုက်ပါသလဲ။

ဆယ်ရှနှစ်ကျော်ကျော် ဝန်းကျင်တစ်ခုကို ကျွန်မ ဖြတ်သန်းလာပြီးတဲ့နောက်မှာ ကျွန်မ လိမ်ညာ လှည့်မှုများ

ခံရမှန်း သိခွင့်ရခဲ့ပါတယ်။

တစ်နည်းအားဖြင့် . . .

ကျွန်မ၏ချစ်ခြင်းမေတ္တာ ကျွန်မ၏သံယောဇဉ် နှောင်တွယ်မှုတွေကိုပါ အစော်ကားခံလိုက်ရတာပါ။

မောင်မောင်ဟာ ကျွန်မရဲ့ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားကို တန်ဖိုးမထားဘူး။

ကျွန်မရဲ့ ချစ်ခြင်းမေတ္တာကို လျစ်လျူရှုတာ။

အဲဒါတွေဟာ မောင့်ရဲ့ချစ်ခြင်းမေတ္တာသံယောဇဉ်တွေလား။

ကျွန်မဟာ မောင် စွန့်ပြစ်ခံခဲ့ရတဲ့ မိန်းမသားအဖြစ် ရပ်တည်ခဲ့ရပါသလား။

ကျွန်မ သည်လိုပဲ သတ်မှတ်ပစ်ရသည်ပဲနော်။

ကျွန်မကို စွန့်ပစ်ခဲ့သူ၏ နှလုံးသားကိုတော့ အပြစ်ဒဏ်တစ်ခုခု ပေးခဲ့ချင်ပါသည်။

အဲဒီအတွက် ကျွန်မဟာ အတ္တမာနရှိသူ ဖြစ်လေ



မည်လား။ ဟင့်အင်း . . . ခွဲခြမ်းစိတ်ဖြာ ဝေဖန်မှုတွေကို ခါးသီးစွာ ကျွန်မကျောခိုင်းရမည်။

သည်အတွက် စာနာမှုတွေ ငဲ့ညှာသနားမှုတွေ ကြင်နာမှုတွေ မရှိစေရ။

အဲဒီသတ်မှတ်ချက်များသာ မောင်နှင့်အထိုက်တန်ဆုံး ဖြစ်နိုင်သည်။

ဒါမှ ကျွန်မရင်အစုံမှာ ပူလောင်ခဲ့ရသော ကျွမ်းမြေ့စွာခံစားခဲ့ရသော ဝေဒနာတွေအတွက် ပေးဆပ်ရာကျပေလိမ့်မည်။

နှစ်ရှည်စွာ မြိုသိပ်လွမ်းဆွတ်ခဲ့ရသော ချစ်ခြင်းမေတ္တာသည် မုန်းတီးဖွယ်ရာများသာ ဖြစ်ခဲ့ရတော့သည်။

"အဲဒါပဲ သမီးရယ်၊ မေမေဆိုလိုတာကို သမီးနားလည်လား"

မြတ်သက်မွန်၏ စကားအဆုံးမှာ ချမ်းမြေ့သူသည် ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ၊ မိခင်ဖြစ်သူ၏ နာကြည်းကြေကွဲစွာ ခံစားနေသော မျက်နှာကို ငေးကြည့်နေမိ၏။

"မေမေပြောတာ မရှင်းလို့လား"

"ရှင်းပါတယ် မေမေ၊ အဲဒီ ဦးမင်းမောင်မောင်ဆိုတဲ့ လူကြီးက မေမေ့ဘဝကို အနိုင်ယူပြက်ရယ်ပြု

သွားတယ်ဆိုတာ သိရပါပြီ၊ မေမေ့ကိုယ်စား အဲဒီ ဦးမင်းမောင်မောင်ကို သမီး ကလဲ့စားချေပေးရမယ်ပေ့ါ၊ အဲဒါကို စဉ်းစားနေတာ၊ ဖြစ်နိုင်လား မဖြစ်နိုင်လား''

''ဘာလို့မဖြစ်နိုင်ရမလဲ၊ လွယ်ပါတယ် သမီးရယ်၊ သမီးမှာရှိတဲ့ မာယာများတွေနဲ့ ဦးမင်းမောင်မောင်ရဲ့ နှလုံးသားတည့်တည့်ကို ထိခတ်အောင် ပစ်ခတ်ဖို့ပါပဲ၊ ယောကျ်ားတန်မဲ့ မေမေ့ရှေ့မှာ ဒူးထောက်အညံ့ခံရတဲ့ အဖြစ်မျိုးမြင်ချင်တယ်''

ချမ်းမြေ့သူ၏မျက်ဝန်းတို့ ဝိုင်းစက်ပြူးကျယ်သွားသည်။

ရင်ထဲတွင် ဘုရားတမိ၏။

''ဘယ်လိုလဲ သမီးရယ်၊ လုပ်နိုင်တယ်မဟုတ်လား''

''ဟုတ် . . . ဟုတ်ကဲ့ မေမေ၊ သမီးလုပ်နိုင်ပါတယ်''



ပြောရင်း ခေါင်းကိုတွင်တွင်ကြီး ညိတ်ပြဖြစ်ရ၏။

ရင်ထဲတွင် လုပ်ဆောင်ရမည့် ကိစ္စအတွက် လေးဖင့်သွားသော်လည်း မိခင်၏ဆန္ဒကျေးဇူးဆပ်တာပဲဟု ဖြေသိမ့်တွေး တွေးဖြစ်သည်။

တကယ်တမ်းတွေးကြည့်တော့ ရင်ထဲလေး စရာကောင်းနေသည်။

ကျားအိုကျားနာကြီးကို စိန်ခေါ်မိသလိုဖြစ်လျှင် . . .

သောကစိတ်ကို သူ့မိခင်၏ မာနအောက်တွင် သူ ဖြေဖျောက်ပစ်လိုက်၏။

တစ်နည်းအားဖြင့် ပေါ့ပေါ့လေး တွေးပစ်ပြန်တော့လည်း ရုပ်ရှင်ပိတ်ကားထက်က မင်းသမီးတွေလို သရုပ်ဆောင်ရမှာပဲ၊ မဖြစ်ဘူးဆိုတာကတော့ မရှိပါဘူးဟု ရင်ထဲမှာတွေးမိ၏။

ချမ်းမြေ့သူဆိုသည်မှာ ယောကျ်ားသားများ

သမင်လည်ပြန်ကြည့်ရသောသူကို ခေါ်သည့်လို့တောင် ပြောရမလောက်ပါပဲ။

သူငယ်ချင်းတွေ ခင်မင်ရင်းနှီးသူတွေနဲ့ ဆွေမျိုး အသိုင်းအဝိုင်းက ဒီလိုပဲပြောကြတာလေ။

နိုင်ငံခြားမှာ ကြီးပြင်းခဲ့ရလို့လားမသိ၊ သူမ၏ ဟန်ပန်အမူအရာတွေက ခေတ်မီကြော့ရှင်းနေသည်။

အသက်အရွယ်ထက်ပိုပြီး ဖွံ့ဖြိုးသည်။

သို့သော် ကြည့်ကောင်းရုံဖွံ့ဖြိုးခြင်းမို့ အသက် ဆယ့်လေးနှစ်အရွယ်ကတည်းက အသက်ဆယ့်ရှစ်နှစ် လောက် ရှိပြီလို့ထင်ကြသည်။

အသားက ဖြူဖွေးပြီး ပန်းရောင်ဘက်သန်းနေ၏။

ရှည်သွယ်မြင့်မား ကျစ်လစ်သော ကိုယ်နေဟန်ထားကြောင့် ယောကျ်ားတွေမဆိုထားနှင့် မိန်းမချင်းပင် ငေးယူရသည်။



မြန်မာပြည် သူရောက်လာစက မင်းသမီး လုပ်မလား၊ ကြော်ငြာရိုက်မလားနှင့် ခဏခဏကမ်းလှမ်းတာတွေ၊ ဘယ်နေရာသွားသွား ယောကျ်ားလေးတွေ တကောက်ကောက်လိုက်နေတာတွေဟာ လှပ၍ဆွဲဆောင်မှုရှိသော မျက်နှာကို ပိုင်ဆိုင်ထားသူမို့ဆိုတာ သူမကိုယ် သူမ ယုံကြည်ထားမိသည်လေ။

“သမီး ဘာတွေတွေးနေတာလဲ၊ နိုင်ချင်ရင် အနိုင်ရမယ့်အကြောင်းအရာတွေကိုပဲ ခေါင်းထဲထည့်ထား၊ ရင်ဆိုင်တွေ့ကြုံတဲ့အခါ လုပ်သင့်လုပ်ထိုက်တာတွေ ပေါ်လာလိမ့်မယ်”

“ဟုတ်ကဲ့ပါ မေမေ”

“ကြီးကျယ်ပင်ပန်းမယ့် အဖြစ်မျိုးတွေ ခေါင်းထဲထည့်မထားနဲ့၊ မေမေ့သမီးပဲ ဖြစ်ရမှာပေါ့”

“ဟုတ်ပါတယ် မေမေရဲ့၊ မေမေ့သမီးက ဘယ်လိုအလှပြင်မယ်၊ ဘယ်လိုအဝတ်အစားတွေ ဝတ်မယ်ဆို

တာ ရွေးချယ်စဉ်းစားနေတာပါ မေမေရဲ့''

မိခင်ဖြစ်သူ၏ ဘေးသို့ရွှေ့ထိုင်၍ မိခင်အား လက်နှင့်သိမ်းကြုံးဖက်လိုက်သည်။

''ဟုတ်ပြီ၊ ဒါမှ မေမေ့သမီး၊ တစ်ယောက်ဆို တစ်ယောက်ဆိုသလောက် အားကိုးရမှာပါကွယ်၊ ပြီးတော့ မေမေ့သမီးကလျှင်တယ်၊ လိမ္မာပါးနပ်တယ်ဆိုတာ မေမေ သိတယ်''

မြတ်သက်မွန် သမီးအပေါ် ကျေနပ်ယုံကြည် စွာပြောလိုက်လေသည်။

# ၁၅။

''အံ့ဩသွားလား မောင်မောင်၊ ငါပြောရင် မင်းအံ့ဩသွားမယ်ဆိုတာ သိတယ်၊ နှစ်ပေါင်းများစွာ ကြာအောင် တိမ်မြုပ်နေတဲ့ မြတ်သက်မွန်ဆီက ငါ့ကို ဖုန်းဆက်တယ်ဆိုတော့ အံ့ဩစရာပဲလေ၊ ဘာကြောင့် ဆက်တာလဲ မင်းသိလား''

မင်းမောင်မောင် ခေါင်းခါသည်။

"သူ့သမီးကို ငါတို့ကုမ္ပဏီမှာ အလုပ်သွင်းချင်လို့တဲ့ကွ"

"မင်းဖုန်းနံပါတ်ကို သူက ဘယ်ကဘယ်လို ရတာလဲ"

"ဝေဝေဆီက"

မင်းမောင်မောင် ရင်တွေအခုန်မြန်လာသည်။

အမှန်အတိုင်းပြောလျှင် မြတ်သက်မွန်အား မေ့မရနိုင်သေး။

"အဲဒါ မင်းဘယ်လိုသဘောရလဲ"

"ငါ့ကုမ္ပဏီမှ မဟုတ်တာ"

"ငါ့ကုမ္ပဏီလည်း မင်းကုမ္ပဏီပါပဲမောင်မောင်ရာ၊ ခုဟာက မင်းစိတ်ထဲ အနှောင့်အယှက် ဖြစ်မလား လို့"

"ငါက သူနဲ့ပတ်သက်ရင် အမျက်တွေ မာန်မာနတွေ ခုထိမှမရှိတာ ဝင်းသိန်းရာ၊ ဟိုအရင်ကတည်းက



သူ့ဘဝကောင်းစားရေးကိုသာ ငါ့စိတ်ထဲရှိနေတာ မင်းသိသားနဲ့၊ သူနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှ အမြဲတမ်း ခွင့်လွှတ်ကြည်ဖြူပြီးသားပါ"

"အခု မြတ်သက်မွန်က လွတ်လပ်သွားပြီကွ"

"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"

"မင်းတို့ချင်း ချစ်လက်စမကုန်သေးရင်ပေါ့ကွာ၊ သံယောဇဉ်အကြွင်းအကျန်လေးများ ရှိမလားလို့ပါ"

"တော်ပါကွာ၊ ဒီအချိန်မှတော့ ငါ မစဉ်းစားချင်ဘူး၊ ပြီးတော့ တစ်ချိန်က ငါဟာ သူ့အဖေနဲ့သူ့ ချစ်ခြင်းမေတ္တာတွေ မကွေကွင်းချင်လို့ ရှောင်ပေးခဲ့တာ အခုလည်း ငါ့ကြောင့် သူ့သမီးနဲ့သူ့ရဲ့ချစ်ခြင်းမေတ္တာ တွေ မကွေကွင်းစေချင်ဘူး"

"အေးပါကွာ၊ မင်းရဲ့မေတ္တာတရားကို ငါ လေးစားပြီးရင်း လေးစားလျက်ပါ၊ ဒါဆို မြတ်သက်မွန်ရဲ့သမီးကို ငါ ခန့်လိုက်တော့မယ်"

"မင်း သဘောပါ၊ တစ်ခုတော့ရှိတယ်၊ မြတ်သက်မွန်နဲ့ ငါ့ရဲ့အတိတ်ဇာတ်လမ်းကို သူ့သမီး မသိပါစေနဲ့ကွာ၊ ငယ်သူငယ်ချင်းတွေ အဖြစ်နဲ့ပဲ မြင်ပါစေ"

"ဒါနဲ့မင်း မဂ္ဂဇင်းကိစ္စကရော ဘာတွေလိုအပ်သလဲ"

"အဆင်ပြေပါတယ်"

"မဂ္ဂဇင်းကိစ္စတော့ မင်းကိုပဲတာဝန်လွှဲတယ်၊ ငါပြန်မကြည့်ဘူး ဟော့ကောင်၊ မဂ္ဂဇင်းအောင်မြင်လာတာလည်း မင်းရဲ့ဖန်တီးမှုပဲ"

"မြတ်သက်မွန် မင်းဆီရောက်လာရင် ငါ့အကြောင်းတွေ သိပ်မပြောနဲ့ကွာ"

"မင်း အဲဒီလိုတားလေ၊ ငါပြောချင်လေပဲ၊ ဆယ့်ခြောက်နှစ်ကျော်ကျော် မြှုသိပ်ထားရတဲ့ မင်း သူ့အပေါ် အနစ်နာခံ စွန့်လွှတ်ခဲ့တဲ့အကြောင်းတွေ"

"တော်ပါတော့ ဝင်းသိန်းရာ၊ အဟောင်းဆိုတာ



အသစ်ဖြစ်မလာပါဘူး။ ငါ့အပေါ် မုန်းတီးနာကြည်းလက်စနဲ့ ငါ့ကိုမုန်းတီးနာကြည်းနေပါစေတော့"

"မောတယ်ကွာ၊ မင်းကိုပြောရတာ လက်ရောခြေရော တစ်ကိုယ်လုံးဝင်တယ်"

"ကဲ . . . ငါအပြင်သွားဦးမယ်၊ မင်းနှုတ်လုံပါစေနော်၊ နှုတ်မလုံလို့ကတော့ အားလုံးကိုစွန့်ခွာခဲ့မှာ"

မင်းမောင်မောင်ပြောပြီး စထွက်၏။

ဝင်းသိန်း ခေါင်းခါယမ်းရင်း သူ့စားပွဲပေါ်မှ ကမ္ဘာလုံးကို လက်ဖြင့်လှည့်လိုက်၏။

ကားပေါ်မှဆင်းပြီး ဝင်းသိန်းရှိရာ ရုံးခန်းသို့ လှေကားနှင့်အတက်တွင် အချိန်စက္ကန့်များ ကြာနေသည်ဟု ထင်၏။

ဝင်းသိန်းရှိရာသို့ သမီးဖြစ်သူနှင့် ဝင်ဖြစ်စဉ်မှာပင် လေအေးစက်၏ ဆီးကြိုမှုကို မခံစားဖြစ်။

ရင်တွင်း ပူလောင်နေသည်ဟု မြတ်သက်မွန် ထင်သည်။

မှန်အညိုရောင်တွေ ကာရံထားသော အခန်းကျယ်ကြီး၏ တံခါးကိုတွန်းဖွင့်လိုက်တော့ ဝင်းသိန်းက

အံ့ဩစွာငေးကြည့်နေပြီးမှ ထိုင်ရာကထလိုက်သည်။

"မြတ်သက်မွန်၊ ဟာ . . . အရင်ကအတိုင်းပဲ ဗျာ၊ ပိုတောင်ချောလာသေးတယ်"

မြတ်သက်မွန်ကလည်း ပါးချိုင့်လေးများပေါ် အောင် ပြုံးလိုက်သည်။

"ရှင်လည်း ဒီအတိုင်းပါပဲ၊ ခုမှပိုပြီး ကြည့် ကောင်းလာတယ်"

"လာ . . . ထိုင်"

"အဲဒါ ကျွန်မသမီးလေ၊ ချမ်းမြေ့သူတဲ့"

"ချောပါ့ဗျာ၊ အမေအတိုင်းပဲ၊ ဟဲ . . ဟဲ. . ဟဲ၊ မြတ်သက်မွန်က သမီးအချောစားလေး တစ်ယောက် ကိုမွေးထားပေမယ့် အရင်အတိုင်းပဲ၊ ကျွန်တော့် စိတ်ထဲမှာ ကျောင်းသားပြန်ဖြစ်သွားသလို ခံစားရတယ်"

ချမ်းမြေ့သူက အမေဖြစ်သူနောက်မှ တိတ် ဆိတ်စွာဝင်လိုက်လာပြီး အမေ့ဘေးကခုံမှာ ထိုင်လိုက်



၏။

ဝင်းသိန်း၏ရှည်သောအရပ်နှင့် မျက်နှာပိုး မသေပုံကိုကြည့်ပြီး နှာခေါင်းရှုံ့ချင်သည်။

ဒါ ဦးမင်းမောင်မောင် ဆိုတာ . းဟု . ယသိ မဆိုင်တွေးပစ်လိုက်၏။

ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးက အအေး သံဗူးနှင့် ကိတ်မုန့်လာချပေး၏။

"ဒီတစ်ယောက်တည်းလား သမီးက"

"အင်းလေ၊ ရှင်တို့ရော"

"ကျွန်တော်က သုံးယောက်၊ မျိုးဦးနဲ့ အောင်ဆွေ က နှစ်ယောက်စီ၊ မျိုးဦးက နယ်မှာ၊ အောင်ဆွေက ဘုရင့်နောင်မှာ ပွဲရုံရှိတယ်၊ မောင်မောင်ကတော့ ငါတို့ ကုမ္ပဏီကထုတ်တဲ့ မဂ္ဂဇင်းကို တာဝန်ယူ လုပ်နေတယ်၊ သူက လူပျိုကြီးပဲ"

"ဒါဆိုအတော်ပဲ၊ ငါ့သမီးချောပုံလေးကို နင်တို့

မဂ္ဂဇင်းမှာ မျက်နှာဖုံးထည့်ပေးရမယ်''

သွားပြီဟုမြည်တမ်းလျက် လျှာရှည်မိသော သူ့အဖြစ်ကို နောင်တရသွားသည်။

မောင်မောင်က သူ့အကြောင်းနှင့်ပတ်သက်၍ မဟုတ်ပါနဲ့ဟု ပြောထားသော်လည်း ပြောဖြစ်အောင် ပြောလိုက်မိသော သူ့ပါးစပ်ကို အပ်နှင့်ချုပ်ဖြစ်ချင်စိတ်ပေါက်၏။

''ဘယ်လိုလည်း ဖြစ်တယ်မဟုတ်လား''

ဖြစ်ပါတယ် . . . ဖြစ်ပါတယ်ဟု ခေါင်းကို တွင်တွင်ညိတ်လျက် ဝန်ခံလိုက်မိသော်လည်း ''သေလိုက်ပါတော့ ဝင်းသိန်းရာ'' ဟုလည်း သူ့ကိုယ်သူ ကျိန်ဆဲမိ၏။

''မင်းကျိန်ဆဲ မေတ္တာပို့မယ်ဆိုတာ ငါသိပါတယ်ကွာ၊ မဂ္ဂဇင်းတိုက်မှာ မင်းရှိနေတဲ့အကြောင်း ငါပြောလိုက်မိတယ်၊ ကဲပါကွာ၊ မင်းပဲ မြတ်သက်မွန်နဲ့ပတ်သက်ရင် အရာရာကို ခွင့်လွှတ်ကြည်ဖြူပြီးသားဆို''

မင်းမောင်မောင် ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေသဖြင့် ဝင်းသိန်းက ပြောလေကွာဟု ထပ်ကွန့်၏။

မင်းမောင်မောင်က စဉ်းစားလျက် ''ဒါဆို လည်း မျက်နှာဖုံးဓာတ်ပုံရိုက်ဖို့ကိစ္စအတွက် ခေါ်ခဲ့ပေါ့ကွာ''

ဤသို့ဖြင့် ချမ်းမြေ့သူကို နောက်တစ်နေ့တွင် ဓာတ်ပုံရိုက်ရန်အတွက် ချိန်းကြသည်။

ဝင်းသိန်းက ချမ်းမြေ့သူကို ခေါ်လာပြီး မင်းမောင်မောင်နှင့်တွေ့ပေး၏။

မင်းမောင်မောင်ကို တွေ့ဖူးချင်နေသော ချမ်းမြေ့သူသည် ထိုနေ့က အလှဆုံးပြင်လာခဲ့သည်။

တွေ့မယ့်တွေ့တော့လည်း တုန်ယင်လှုပ်ရှားစွာဖြင့် မင်းမောင်မောင်ကို မျက်တောင်မခတ်ပင် အငေးသားကြည့်နေမိ၏။

အချောအလှကြီးမဟုတ်။

ဒါပေမယ့် ဦးမင်းမောင်မောင်သည် ရိုးသားအေးဆေးပုံဖြင့် ကျက်သရေရှိ၏။

တည်ကြည်ခန့်ညား၏။

မေမေ ကလဲ့စားချေမယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးလည်း တွေ့တာနဲ့ သည်ကရင်တွေခုန်အောင် ဆွဲဆောင်



နိုင်စွမ်းရှိနေတာ ဘာကြောင့်ပါလိမ့်။

ရင်ခုန်တယ်ဆိုတာလေ တစ်မျိုး တစ်မျိုး။

ဟို . . . ကောင်လေးတွေကို တွေ့ရလို့ ရင်ခုန်တာမျိုးမဟုတ်ပါဘူး။

ဒီလောက်တော့ ကိုယ့်ကိုယ်ကိုသိပါတယ်။

တည်ကြည်ခန့်ညားသော အမူအရာတွေကြောင့် ထင်ပါရဲ့။

ဦးမင်းမောင်မောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရယ်။

ကလဲ့စားချေမယ်တို့ မထေ့မဲ့မြင်ပြုဖို့ နေနေသာသာ သူ့ကိုတွေ့တာနဲ့ ကြောက်ဒူးတောင်တုန်မိပါရဲ့။

"ဘယ်လိုလဲ မောင်မောင်၊ ငါတို့ကုမ္ပဏီက အတွင်းရေးမှူးက မင်းသမီးလုပ်ရင်တောင်ရတယ် မဟုတ်လား"

မင်းမောင်မောင် ပြုံးလျက် ခေါင်းညိတ်သည်။

ချမ်းမြေ့သူက ဝင်းသိန်း၏အတွင်းရေးမှူး ရာထူး

ရထားပြီလေ။

မြတ်သက်မွန်၏သမီးပါလားဆိုသော အသိ ကြောင့်လည်း သမီးလေးကို ချစ်ခင်စိတ်ဖြင့် ချမ်းမြေ့ သူ အနေကြံ့မည်စိုးသဖြင့်လည်း လိုက်လိုက်လျောလျော ဆက်ဆံမိခြင်းဖြစ်သည်။

ချမ်းမြေ့သူက ပြုံးလျက်ခေါင်းညိတ်၏။

ပြီးနောက် မင်းမောင်မောင်ကို အကဲခတ်သည်။

မောင်မောင်နှင့် ဝင်းသိန်းတို့က မျက်နှာဖုံး ဓာတ် ပုံရိုက်ကူးရန် ကိစ္စနှင့်ပတ်သက်ပြီး နေရာရွေးကြသည်။

ဓာတ်ပုံဆရာ ရွေးကြသည်။

မောင်မောင်ဆိုသောသူသည် မိခင်ဖြစ်သူ အတွက် မိမိက မာယာများတို့ဖြင့် ပစ်ခတ်ပေးရမည့် ပစ်မှတ်ကြီးတစ်ခုဖြစ်ကြောင်းကို တွေးရင်း မိခင်ဖြစ်သူ ကို ပေးခဲ့သောကတိတို့ ပျက်လုလုဖြစ်ချင်၏။

မာနမဲ့စွာ ငြိမ်းအေးနေပါသော ဦးမင်းမော



မောင်၏ မျက်နှာကို မသိမသာအကဲခတ်ရင်း ပင့်သက် မောတို့ကို မသိမသာချမိ၏။

"ကဲ . . . သမီး၊ နောက်အပတ် တနင်္ဂနွေနေ့ မှာ ဓာတ်ပုံရိုက်ရအောင်၊ ရှုခင်းသာမှာ ရိုက်ဖြစ်မယ်၊ အဝတ်အစားအတွက် ဦးတို့စီစဉ်ပေးမယ်၊ မိတ်ကပ် ဆရာလည်း ဦးတို့ပဲခေါ်ပေးမယ် ဟုတ်လား"

သဘောကောင်းတာတော့ ကောင်းသည်။

ဦးဝင်းသိန်းရော ဦးမင်းမောင်မောင်ပါ သူမ အပေါ် အရမ်းသဘောကောင်းတာတွေ့တော့ အံ့သြ သည်။

ဒီလိုလူတွေအပေါ် သူမမေမေ ဘာကြောင့် ဒီ လောက်အညှိုးအတေးတွေ ကြီးနေရပါသလဲ။

## ၁၆။

"ဘယ်နှယ့်လဲ သမီး၊ ဓာတ်ပုံရိုက်တဲ့ကိစ္စ ဘယ်လိုနေလဲ"

"အဝတ်အစားရော မိတ်ကပ်ရော အကုန်သူတို့တာဝန်ယူမှာတဲ့၊ ဦးမောင်ရော ဦးဝင်းသိန်းရော အကုန်သဘောကောင်းကြတယ်လေ၊ ဦးဝင်းသိန်းဆို သမီးကို တခြားနေရာမပို့ပဲ သူ့အနားမှာခေါ်ထားပြီး၊

လုပ်ငန်းနဲ့ပတ်သက်တာတွေ အကုန်သင်ပေးတာ၊ သမီးကို သူ့ရဲ့အတွင်းရေးမှူးတဲ့လေ''

''အင်း . . . အင်း၊ ဟုတ်နေပြီ ငါ့သမီးကတော့''

''ဒါပေမယ့် မေမေရယ်၊ ဒီလောက်သဘောကောင်းတဲ့ လူကြီးတွေအပေါ်မှာ သမီးမကောင်းမကြံရက်ဘူး''

''ဟင်''

မြတ်သက်မွန်၏မျက်နှာ တင်းခနဲဖြစ်သွား သည်။

''သမီးက ဘာမကောင်းကြံရမှာလဲ၊ မဆိုင်တာ၊ မေမေ့ကို ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့အပြစ်ကို ပြန်ပြီး ကြေးဆပ်နိုင်းရမယ်၊ မင်းမောင်မောင်ဆိုတဲ့လူအပေါ်မှာ သမီး အမေ့အတွက် ပြန်ဒဏ်ခတ်ရမယ်''

ချမ်းမြေ့သူ မျက်စိမျက်နှာပျက်သွား၏။

''မိန်းမမာယာ သဲကိုးဖြာတဲ့၊ မေမေ့အပေါ်



လွမ်းဆွေးကြေကွဲမှုတွေနဲ့ မေမေ့အသည်းခွဲခဲ့တဲ့ မင်းမောင်မောင်ကို သမီးရဲ့အလှမာယာလက်နက်နဲ့ မြှူဆွယ်စည်းရုံးပြီးမှ သူ့ကိုလှလှပပကြီး ကြေကွဲစေရမယ် သိလား သမီး''

မိခင်ဖြစ်သူ၏ တက်ကြွနေသော အမူအရာကို ကြည့်၍ ချမ်းမြေ့သူသည် သူ့လုပ်ရမည့်အလုပ်ကို လုပ်ကိုလုပ်ရမည်မှာ ငြင်းပယ်ရှောင်လွှဲလို့မရသော တာဝန် တစ်ရပ်မှန်း သေချာသွားသည်။

''ဒီတာဝန်ဟာ သမီးအတွက် အလွယ်လေးပါ ဘာမလုပ်နိုင်စရာရှိလဲ၊ ဒီလောက်လှပချောနေတဲ့ ငါ့သမီးက သူ့လိုလူကြီးကို မာယာနဲ့မျှားပြီး သူ့အသည်းကို ပစ်ခွင်းဖို့ဆိုတာ လွယ်လွယ်လေး''

''ဟုတ်ပါတယ် မေမေရယ်၊ မေမေ ဒီလောက် စိတ်ထက်သန်နေမှတော့ သမီးကြိုးစားပါ့မယ်''

ချမ်းမြေ့သူ ဂတိပေးလိုက်လေမှ မြတ်သက်မွန်

ကျေနပ်သွားမိတော့သည်။

"ကုမ္ပဏီက ဖြန့်ချိတဲ့ပစ္စည်းအတွက် ကြော်ငြာ ဆောင်းပါးနဲ့ မျက်နှာဖုံးမို့ ခေတ်ဆန်ဆန်ရော၊ ထိုင်မသိမ်းနဲ့ရော တစ်ခါတည်းရိုက်ယူထားမယ် သမီးရေ"

ဝင်းသိန်းကပြောပြီး မိတ်ကပ်လိမ်းတာကို အနားမှရပ်ကြည့်နေ၏။

"မြတ်သက်မွန်သမီးက မြတ်သက်မွန်ထက် တောင် ချောချင်တယ်၊ စက်ာပူမှာနေခဲ့လို့ထင်တယ်၊ ရေမြေလိုက်ပြီး အသားအရည်က လှလိုက်တာ"

မိတ်ကပ်လိမ်း အဝတ်အစားလဲပြီး ဓာတ်ပုံ ဆရာ

ကိုပီတာနှင့် မင်းမောင်မောင်တို့ ညွှန်ပြသလို အနေအထား အမျိုးမျိုးဖြင့် ဓာတ်ပုံအရိုက်ခံရသည်မှာ တစ်နေကုန်ပင် ဖြစ်၏။

ဖလင်နှစ်လိပ်ကုန်သည်။

ဓာတ်ပုံရိုက်နေရသဖြင့် အလုပျက်မှာစိုးကာ နံနက်စာကိုပင် ဖြစ်ဖြစ်မြောက်မြောက် မစားဖြစ်။

ညနေ ငါးနာရီမှ အိမ်ပြန်ရောက်၏။

''မေမေ သမီးကိုမျှော်နေတာလား''

အိမ်ပြန်ရောက်ရောက်ချင်း မိခင်ဖြစ်သူအနီး ပြေးသွားကာပြော၏။

''အေးကွယ်၊ ဖုန်းနဲ့ခဏခဏ မဆက်ချင်ဘူး။ သမီးက ဓာတ်ပုံရိုက်နေတယ်ဆိုတော့ အနှောင့်အယှက် ဖြစ်မှာစိုးလို့''

''ဟုတ်ပါတယ် မေမေရယ်၊ အဝတ်အစားတွေ လဲလိုက်၊ ခေါင်းပြန်ပြင်လိုက်၊ အနေအထားအမျိုးမျိုး နဲ့



ဓာတ်ပုံရိုက်နေရတော့ မေမေ့ဆီ ခဏခဏဖုန်းမဆက် နိုင်ဘူး။ ဆဲလူလာကိုတောင်ပိတ်ပြီး ကေကေ့ဆီ အပ်ထား တာ မေမေရဲ့''

ကေကေဆိုတာ ချမ်းမြေ့သူ၏ ၃ယယ်ချင်း ကေသီကို ပြောခြင်းဖြစ်သည်။

မျက်နှာဖုံးဓာတ်ပုံ ရိုက်သည့်နေ့ရှာသို့ မြတ် သက်မွန်မလိုက်ဖြစ်။

ကေသီကိုသာ အဖော်အဖြစ်လိုက်ခိုင်းသည်။

တတ်နိုင်သမျှ မင်းမောင်မောင်ဆိုသည့်လူနှင့် မတွေ့အောင်ရှောင်နေချင်သည်။

''ငါ့သမီးက ဒီနေ့သိပ်လှပါလား၊ အဆင်ပြေပါ တယ်နော် သမီး''

''သိပ်ပြေတာပေါ့၊ မေမေ့သမီးပဲဟာ၊ ဒီနေ့ အလှဆုံးပြင် အိုက်တင်အမျိုးမျိုးနဲ့ ဓာတ်ပုံရိုက်ရင်းက မေမေ့ဦးမောင်ကိုလေ သမီးစိုက်ကြည့်ပေးလိုက်တယ်၊

မေမေ့သမီးရဲ့ မျက်လုံးထဲမှာ ညို့အားတယ်လောက် ကောင်းလဲ သိတယ်မဟုတ်လား''

''အေး . . . အေး ဟုတ်ပြီ၊ ငါ့သမီးရဲ့ အိုင်းစ် ပါဝါတွေ ထုတ်လိုက်တော့ ဟိုလူဘာဖြစ်လဲ''

''ဟင်း . . ဟင်း . . ဟင်း၊ သမီးကိုတွေ့ကြည့် ပြီး ကျောက်ဆစ်ရုပ်ကြီးကို ဖြစ်သွားတာပေါ့၊ ဦးမောင် က လူရိုးကြီးပါ''

''နောက်တော့ သမီးကို ဘာပြောသေးလဲ''

''ပြောတာမှ ရေပက်မဝင်ပဲ၊ အဝတ်အစားတွေ လည်း သူကိုယ်တိုင်ရွေးပေးတာ၊ သမီးကြိုက်တာကို လည်း ရွေးပေးတယ်၊ ဓာတ်ပုံရိုက်ဖို့ ပို့စ်ကိုလည်း သူကိုယ် တိုင်ပြပေးတာ၊ သမီးကို ခြေဆုံးခေါင်းဆုံး တစိမ့်စိမ့်ကြည့် နေတာ၊ ဂရုစိုက်တာတော့ အရမ်းကိုပဲ မေမေ''

မိခင်ဖြစ်သူ စိတ်ချမ်းသာရေးအတွက် ဟုတ်တာ ရော မဟုတ်တာရော ချမ်းမြေ့သူက ရွှန်းရွှန်းဝေအောင်



ပြောဖြစ်နေပါတော့သည်။

မြတ်သက်မွန်သည် သမီးဖြစ်သူပြောသမျှကို ပြုံးပြုံးကြီးဖြင့် နားထောင်လျက် . . .

''ရှင့်ရဲ့နှလုံးသားမှာ ကျွန်မသမီးရဲ့ မာယာ မြှား ချက်တွေ တနင့်တပိုးကြီး ဆူးနစ်စေရမယ်''

ရင်ထဲတွင် ပဲ့တင်ထပ်မျှ ပြောနေခြင်းဖြစ် သည်။

''သမီးက နေပူထဲရပ်ပြီး ရိုက်ရတော့ ချွေးထွက် လာရင် သူကိုယ်တိုင်ထီးမိုးပြီး ယပ်ခပ်ပေးတာ၊ အားနာလို့ သမီးက တားတောင်ယူရတယ်၊ ကောကော လုပ်ပေးတာကို ဦးမောင်က အားမရဘူး၊ သူကိုယ်တိုင်လုပ်ပေးတာ၊ ရေ ဆာလားဆိုပြီး အအေးဗူးတွေဖွင့်တိုက်လိုက်တိုက်နဲ့ သမီးကို အရိပ်တကြည့်ကြည့်ပဲ''

''ဟုတ်ပြီ၊ ဟုတ်ပါပြီ သမီးရယ်၊ ဒီလိုမှပေါ့၊ မေမေ့သမီးကလည်း အရမ်းလှတာကိုးကွဲ့''

ပြုံးပြုံးကြီးဖြင့် ခေါင်းတညိတ်ညိတ် အကျေနပ်

ကြီးကျေနပ်နေသော မိခင်၏အမူအရာကိုကြည့်ပြီး ချမ်းမြေ့သူလည်း စိတ်ချမ်းသာရာရပါ၏။

"မေမေ ကေသီကို အပြင်မှာ တစ်ခုခုလိုက်ကျွေးလိုက်ဦးမယ်၊ ဟိုမှာ အလုပ်ဖောနဲ့မို့ သူရောသမီးရော သိပ်မစားဖြစ်ဘူး"

"အေး အေး သမီး၊ သွားစားကြလေ"

သမီး ချမ်းမြေ့သူနှင့် သူငယ်ချင်းဖြစ်သူတို့ ထွက်သွားတာကိုကြည့်ပြီး မြတ်သက်မွန်သည် စိတ်ကူးယဉ်ကျန်ရစ်ခဲ့ရပါသည်။

သူ မျှော်မှန်းသလို မောင်မောင်တစ်ယောက် သမီး၏ အလှအပများတွင် ယစ်မူးတွယ်တာရင်း တစ်နေ့တွင် သူ့ထံမှောက်သို့ ရောက်ရှိလာပြီး ဒူး ထောက်ရလိမ့်မည်ဟု သတ်မှတ်လိုက်မိပါတော့သည်။

## ၁၇။

ချမ်းမြေ့သူကိုယ်တိုင် ကားမောင်း၍ ကေသီကို ခေါ်ပြီး စားသောက်ဆိုင်သို့ ထွက်လာခဲ့၏။

"ဘယ်မှာစားမလဲ"

" Dream မှာစားရအောင်၊ ဆလာမိနဲ့ milk shake လေးဆို ဗိုက်ပြည့်ပြီးရင်အေးမှာ"

"ကောင်းပြီ"

Dream စားသောက်ဆိုင်၏ အပေါ်ထပ်ခန်းမှာ သူငယ်ချင်းနှစ်ယောက် နေရာယူကြသည်။

အအေးခန်းနှင့် ဆိုဖာအိအိကြီးများတွင် ထိုင်ရင်း တစ်နေ့လုံးပင်ပန်းခဲ့သမျှ အတိုးချအနားယူဖြစ်သည်။

"ချမ်းရဲ့မေမေပြောတဲ့ ဦးမင်းမောင်မောင်ဆိုတာ သဘောကောင်းသားဟဲ့၊ အဲဒီဦးကိုလား။ ချမ်းရဲ့ မေမေက မာယာမြှားနဲ့ပစ်ခိုင်းတာ၊ ဘာတွေလဲ၊ တို့နားမရှင်းဘူး"

ကေသီက တကယ်ပင် သည့်ဇာတ်လမ်းကို နားမလည်သူမို့ ပွင့်လင်းစွာမေးခြင်းဖြစ်သည်။

အခင်မင်ဆုံး သူငယ်ချင်းတွေအဖြစ် တွဲနေကြသည်မဟုတ်လား။

လူငယ်တွေပီပီ ပွင့်လင်းသည်လေ။

ရင်ထဲမှာ ဘာမှမထားတတ်တာမို့ သိချင်တာရှိ၊ ပြောင်ပင်မေးပစ်သည်။



"အေး . . . ရှင့်ကို ကျွန်မရှင်းပြမလို့ပါလေ၊ အဲဒီဦးမောင်က အရင်ကတို့မမွေးခင်က မေမေ့ရည်းစားဟောင်းပေါ့"

"ဒါနဲ့များ . . ."

"နားထောင်ဦးလေ၊ ပြီးမှဝေဖန်၊ မေမေက သူ့ကိုအရမ်းချစ်တာမှ ရူးသွပ်နေတာပေါ့၊ မေမေက ချမ်းသာတယ်၊ သူကဆင်းရဲတယ်"

မှာထားသော စားသောက်စရာများ ရောက်လာ၏။

ပေါင်မုန့်မှာ မာယိုးနီးစ်သုတ်ထားပြီး၊ ကြက်ဥတစ်လုံးမကျက်တကျက်ကြော်၊ အာလူးကို အချောင်းလေးတွေကြော်၊ ခရမ်းချဉ်သီးနှင့် ကြက်သွန်အကွင်းလိုက်လှီးပြီး ကြက်သားကို ကြိတ်စက်နှင့်ကြိတ်၊ အပြားလိုက်ကြော်ကာ လှပစွာပြင်ဆင်ထားသော ဆလာမီကို သူငယ်ချင်းနှစ်ယောက် ခုမှဗိုက်ဆာဆာနှင့် ဖွန်းခရင်း

ခားတို့ စနစ်တကျကိုင်ပြီး အားရပါးရစားနေကြသည်။

"မေမေက ချမ်းသာတယ်၊ ပြည့်စုံတယ်ဆို... မယ့် ဆင်းရဲမှာမကြောက်ဘူး၊ အချစ်တစ်ခုကိုပဲ အဓိ... ထားတာ၊ သမီးတစ်ယောက်တည်းရှိတယ်ဆိုတော့ နောက်ဆိုလည်း လူကြီးတွေပြန်ခေါ်မှာပဲဆိုပြီး စွန့်စား... ချင်တယ်၊ ချစ်သူနဲ့မဝေးချင်ဘူး၊ အချစ်ကို မဆုံးရှုံးချင် ဘူးလေ"

"ဒါပေါ့၊ တို့မှာလည်း အဲလိုစိတ်ခတ်မျိုး... တယ်"

ကေသီ ထောက်ခံသည်။

"အဲဒါ ကျွန်မတို့မိန်းကလေးတွေရဲ့ ရူးသွ... မိုက်မဲစွာ ချစ်တတ်ခြင်းပဲလေ"

"နောက်တော့ရော"

"မေမေက အိမ်က တခြားတစ်ယောက်နဲ့ ပေး... ပေးမယ်ဆိုတော့ မေမေက ဦးမောင်နဲ့အတူ စွန့်စားဖို့...



...လင့်တာပေါ့၊ ဒါပေမယ့် ဦးမောင်က ရှောင်နေတယ်"

"အင်းလေ . . . သစ္စာမရှိဘူးပေါ့"

"ပြီးတော့ သူငယ်ချင်းတွေကလည်း ဝိုင်းညာ ပေးတာ၊ ဦးမောင်ဆေးစွဲတယ်၊ ထောင်ထဲရောက်သွား ပြီနဲ့၊ နောက်ဆုံး မေမေက အိမ်ကပေးစားတဲ့သူကို ယူရ တယ်"

"ရှင့်အဖေကိုပေါ့နော်"

"အေးကွယ်၊ မေမေနဲ့ရေစက်ပါလို့ပဲ နေမှာ ပေါ့၊ ဒါပေမယ့် မေမေက ဒီတစ်ယောက်ပဲ ချစ်ဖူးတာ ဆိုတော့ ဦးမောင်ကို အရမ်းစွဲလမ်းတာပေါ့၊ တကယ်ပဲ ဆေးမှုနဲ့ ထောင်ကျတယ်ထင်ပြီး သနားကြေကွဲနေတဲ့ မေမေဟာ၊ နောက်တော့ မေမေ အညာခံရတယ်ဆိုတာ သိတယ်"

"ထောင်ကျတာ မဟုတ်ဘူးလား"

"ဟင့်အင်း၊ ခုပဲကြည့်လေ၊ ဦးမောင်ရဲ့ဒီဖိုင်း ကို ဆေးစွဲရင် ဒီလိုနေမလား"

''အေးပေါ့၊ အခုသူက handsome ဖြစ်တယ်နော်''

''တမင်ညှာခံရတော့ မေမေ့ စိတ်နာတာပေါ့၊ မြန်မာပြည်ကနေ ထွက်လာခဲ့ရပေမယ့် ကျွန်မမေမေရဲ့ စိတ်က အမြဲတမ်း မြန်မာပြည်က သူ့ဆီမှာ''

''စွဲလမ်းခြင်း ဝေဒနာတွေပေါ့နော်''

''သူ့ကို ဒီလိုလုပ်ရပါ့မလားဆိုပြီး မေမေ နာကျည်းနေတာပေါ့၊ သိပ်ချစ်တော့ သိပ်နာကျည်းတာပေါ့၊ သူ့အချစ်ကို ပေါ့ပျက်စွာ ဒီလိုတုံ့ပြန်ရမလားဆိုပြီး မြန်မာပြည် ပြန်ရောက်ကတည်းက သူငယ်ချင်းတွေက တစ်ဆင့် ဦးမောင့်အကြောင်းစုံစမ်းပြီး၊ ကျွန်မကို ဦးမောင့်က ယစ်မူးပျော်ဝင်လာအောင် လုပ်ခိုင်းတာ''

''အဲဒါ ရှင်လုပ်နိုင်ပါ့မလား''

''ကိုယ့်အမေ စိတ်ချမ်းသာဖို့ဆိုရင် ကျွန်မ တတ်စွမ်းနိုင်သလောက် ကြိုးစားပေးရမှာပေါ့၊ ရှင်သိသားပဲ၊



ကျွန်မမှာ ညှို့အားကောင်းတဲ့ မျက်လုံးတစ်စုံ ရှိတယ်၊ ကျွန်မရဲ့အလှမှာ ကောင်လေးတွေ ပျော်ဝင် နစ်မျောလာအောင် ဘယ်လောက်ဆွဲဆောင်နိုင်တယ်ဆိုတာ''

''ဟုတ်ပါ့၊ ဟုတ်ပါ့၊ ကောင်လေးတွေတောင် ရေလည်ကြွေတယ်ဆိုတော့ ဦးမောင်လို လူပျိုကြီးက ရှင့်ကိုကြွေမှာသေချာတယ်၊ ရှင့်အမေနဲ့ပတ်သက်ပြီး လည်း ရှင့်ကိုစိတ်ဝင်တစားနဲ့ ဂရုစိုက်နေတာ၊ တွေ့သားပဲ''

''ဦးမောင်ရဲ့နှလုံးသားတည့်တည့်ကို မာယာများတွေနဲ့ ပစ်ခွင်းဖို့ဆိုတဲ့အလုပ်ဟာ သိပ်မခက်ပါဘူး၊ အခြေအနေက ကောင်းနေတာပဲ''

''ကြည့်လည်းလုပ်ဦး၊ တော်ကြာ မာယာများကြီး ကျိုးသွားမှ''

''ဟင် . . . မဦးမချွတ်နဲ့ ကျွန်မကိုလည်း ကြည့်ပါဦး၊ ကျိုးပဲ့သွားမယ့် မာယာများလားလို့''

''ကျွန်မတော့ တကယ်စိတ်ဝင်စားနေပြီ၊ ဘယ်လိုဇာတ်သိမ်းမလဲ ကြည့်ချင်တယ်၊ ကျွန်မက ပျော်စရာကောင်းတဲ့ ဇာတ်သိမ်းပဲကြိုက်တာ''

''ဇာတ်သိမ်းတော့ ကျွန်မ မပြောတတ်ဘူး။ ဒီဇာတ်ကို ကနိုင်းတာက မေမေလေ၊ ကျွန်မက သရုပ်ဆောင်၊ ဒါရိုက်တာမေမေရဲ့ ညွှန်ကြားမှုအောက်မှာ ကျွန်မ သရုပ်ဆောင်ရမှာ''

ချမ်းမြေ့သူပါးစပ်မှ ပြောချင်ရာပြောနေသော်လည်း၊ တကယ်တမ်းရင်ထဲတွင် စိုးရိမ်စိတ်နှင့်အကူ သောကစီးကြောင်းလေးတစ်ခု ဖြတ်စီးသွားကြောင်းကို ကောသီ သိမည်မဟုတ်ပါချေ။

## ၁၈။

ဝေ့ဝဲတက်သွားသော စီးကရက်မီးခိုးငွေ့များကို ကြည့်ရင်း ဘဝဆိုတာ စီးကရက်မီးခိုးငွေ့တွေလို ကြည့်ရင်းကြည့်ရင်း လေထဲမှာပျောက်သွားရင် အကောင်းသားဟု သူ တွေးနေသည်။

ပြီးခဲ့ပါပြီဟု မှတ်မှတ်ထင်ထင်လေး မေ့ထားခဲ့သော အတိတ်သည် အခန်းဆက်ဝတ္ထုတစ်ပုဒ်နှယ်

ပြန်လည်ထွက်ပေါ်လာပြန်သည်။

မြတ်သက်မွန်သည် မောင့်ဘဝဒိုင်ယာရီ စာမျက်နှာပေါ်တွင်လည်းကောင်း၊ နှလုံးသားထက်တွင် လည်းကောင်း စူးနစ်မြှုပ်ဝင်ခဲ့ဖူးသည်ပဲ။

မောင့်ဘဝတွင် ချစ်ဦးသူဟုလည်း သတ်မှတ်၍ရသော အချစ်ဆုံးသူဟူ၍လည်း သတ်မှတ်၍ရသော မိန်းမတစ်ယောက်ဖြစ်သည်လေ။

ချစ်သူဘဝကောင်းစားရေးအတွက် မြတ်သက်မွန်ကို စွန့်လွှတ်ခဲ့ရသည်။

စွန့်လွှတ်ပင် စွန့်လွှတ်ငြား တစ်နေ့တစ်ရက်မှ မေ့ခဲ့သည်မရှိ။

မေ့နိုင်အောင် ကြိုးစားမေ့ခဲ့သော်လည်း နှစ်တွေကြာညောင်းတာတောင်၊ မကြာခဏ ရင်ထဲဝင်ရောက်ကာ လှုပ်စိတ်တမ်းတစိတ်တို့ဖြင့် ရင်ထဲစူးနစ် နာကျင်စွာ ခံစားခဲ့ရသည်ချည်း မဟုတ်လား။



ဟိုး . . . တစ်ချိန်က ချစ်လျက်နှင့်ထားခဲ့ရသော ချစ်သူသည် ယခုအခါ အဖော်မဲ့လျက်ရှိချေပြီ။

ကျန်ရစ်ခဲ့သော နှစ်များစွာအတွင်း တမ်းတခြင်းဖြင့် ဝေးကွာနေခဲ့ရသူ၏ရင်တွင် ပြန်လည်ဝင်ရောက်လာသောအခါ ဝေဒနာတို့ပွားများလာရ၏။

ချစ်လျက်နှင့် ကျောခိုင်းခဲ့ရသော ခံစားမှုများကို မြတ်သက်မွန်သိမှာတဲ့လား။

မြတ်သက်မွန်အား ခံစားခဲ့ရသော သောကဝေဒနာတို့အား ရင်ဖွင့်ပြလျှင် ဖြစ်နိုင်သော်လည်း နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကြောင်းအရာများကို သူ သိနေသည်။

ယခုအချိန်တွင် . . .

မြတ်သက်မွန်မှာ သမီးလေးရှိနေပြီ။

ချမ်းမြေ့သူသည် သူ၏ဖခင်နေရာ ဝင်ရောက်လာမည့် မောင့်ကို ကြိုလင့်ပါမည်လား။

အဖေအရင်း မဖြစ်နိုင်သော ပထွေးဆိုသူကို ကြည်ဖြူပါ့မလား။

မိခင်နှင့် သမီးတို့၏ နွေးထွေးစေးကပ်နေသော မေတ္တာများကို မပြိုပျက်စေချင်။

ချမ်းမြေ့ကြည်နူးလျက်သာ ရှိနေစေချင်သည်။

မေတ္တာသည် အေးမြစေ၏။

မေတ္တာသည် အေးငြိမ်းစေ၏။

မေတ္တာသည် ခွင့်လွှတ်စာနာခြင်းကို ရှေ့ရှု၏။

မေတ္တာသည် တစ်စုံတစ်ယောက်သော ကောင်းခြင်းကိုသာ နှစ်သက်၏။

မေတ္တာဖြင့် ထုံလွှမ်းနေသော မင်းမောင်မောင်၏ နှလုံးသားသည် နုနယ်သေးသော မြတ်သက်မွန်၏ သမီးလေး ချမ်းမြေ့သူ၏နှလုံးသားထက်၌ အမာရွတ် မဖြစ်စေချင်။

ချမ်းမြေ့သူဆိုသော နာမည်လေးနှင့် လိုက်ဖက်



စွာ သမီးငယ်လေး ချမ်းမြေ့သူကို ချမ်းမြေ့စေချင်ပါ သည်။

စားပွဲပေါ်သို့ စူးစိုက်နေသော မျက်ဝန်းသည် ဘုတ်ခနဲကျလာသည့် မဂ္ဂဇင်းစာအုပ်ကြောင့် အကြည့်များ ရွေ့လျားသွား၏။

"စာရေးဆရာ ပီသလိုက်တာကွာ၊ ပတ်ဝန်းကျင် ကို မေ့လျော့ပြီး တွေးဖြစ်နေတဲ့ဇာတ်လမ်းက ဘယ်လို ဇာတ်လမ်းမျိုးလဲ"

ဝင်းသိန်းကပြောပြီး စားပွဲရှေ့ထိုင်ခုံတွင် ဝင်ထိုင် သည်။

"မြတ်သက်မွန်အကြောင်းပဲ မဟုတ်လား၊ ဖြစ် ပြီးသမျှ ဇာတ်လမ်းတွေကို မြုပ်မထားပဲ ဖွင့်ဟစွန့်ခံလိုက် စမ်းပါ၊ အဲဒီမှာ အဖြေတစ်ခုခုရမှာပေါ့၊ ခုဟာက မင်းပဲ တရားခံ၊ မင်းပဲ တရားလို၊ မင်းပဲ တရားသူကြီးဖြစ်နေ သလိုမျိုး။ တစ်စုံတစ်ယောက်သောသူရဲ့ ခံစားမှု၊ ဆုံး

ဖြတ်မှုတွေကိုလည်း နားထောင်ကြည့်သင့်တယ်''

''မင်းပြောတာ သဘာဝကျပါတယ် ဝင်းသိန်းရာ၊ မြတ်သက်မွန်နှုတ်ဖျားက ထွက်ပေါ်လာတဲ့စကားလုံးတွေဟာ နှလုံးသားက မခံသာတဲ့စကားလုံးတွေ ဖြစ်နေရင် ငါ နင့်ခနဲခံစားရမှာ၊ ပြီးတော့ အခုအခြေအနေက ငါနဲ့မြတ်သက်မွန်အပြင် ချမ်းမြေ့သူကိုပါ ထည့်စဉ်းစားရမယ်''

လွှမ်းမျက်ရည်ရစ်ဝဲလျက် ရှိနေသော မင်းမောင်မောင်၏မျက်ဝန်းကို စာနာစွာကြည့်ရင်း ဝင်းသိန်းထိုင်ရာမှထ၏။

''ချမ်းမြေ့သူကို ငါလည်း သံယောဇဉ်ရှိပါတယ်၊ ကိုယ့်သွေးသားလို သဘောထားတယ်၊ ဒီသမီး လေးဟာ ထက်မြက်တယ်၊ အရာရာကို နားလည်ခံစား လွယ်မယ့်ပုံပဲကွာ၊ မင်းကို သူ လက်ခံမှာပါ၊ ဘဝသေမှ နှလုံးသားဆိုတာသေသင့်တယ်၊ ဘဝမသေဘဲ နှလုံးသားသေမှာကို



တော့ ငါ မမြင်တွေ့ချင်ဘူး မောင်မောင်ရာ၊ ဘဝဆိုတာ တိုတောင်းတဲ့ကာလလေး တစ်ခုပါ၊ အဲဒီတိုတောင်းတဲ့ ကာလလေးမှာ သောကတွေကို ဖုံးဖိရင်း ဟန်ဆောင်အပြုံးတွေ မင်းပြုံးနေရတာ ငါ မမြင်ချင်ဘူး။ မြတ်သက်မွန်နဲ့ပတ်သက်ပြီး မင်းခံစား လေလွင့်နေတာ ဘယ်လောက်ကြာပြီလဲ၊ ကိုယ့်ကိုယ်ကို ညှာပြီး ဒုက္ခပေးမနေစမ်းပါနဲ့ကွာ''

စကားအရှည်ကြီးပြော၍ ဝင်းသိန်း ထွက်သွားသည်။

သူငယ်ချင်းပြောသလို မိမိကိုယ်မိမိ လိမ်ညာ၍ ဒုက္ခပေးနေသူစာရင်းတွင် ပါဝင်နေသလားဟု မင်းမောင်မောင် သူ့ကိုယ်သူ ဆန်းစစ်နေမိရင်းမှ သက်ပြင်းတစ်ချက် ရှိုက်သွင်းလိုက်၏။

# ဒုတိယပိုင်း

၁၉။

ချမ်းမြေ့သူက သူပုံပါသော မဂ္ဂဇင်းစာအုပ်ကို ကိုင်လျက် မိခင်ဖြစ်သူရှိနေသော ဧည့်ခန်းတွင်းဝင်လာသည်။

"မေမေ၊ မဂ္ဂဇင်းမှာ သမီးပုံပါလာပြီ၊ လှတယ် မဟုတ်လားဟင်"

ဒရင်းဘက်ပေါ်တွင် ထိုင်၍စာဖတ်နေရာမှ

ဖတ်လက်စစာအုပ်ကိုချပြီး ချမ်းမြေ့သူပြသော မဂ္ဂဇင်းကို ယူကြည့်သည်။

"ဟယ် . . . ဟုတ်ပါရဲ့ လုလိုက်တာနော်၊ ငါ့သမီးလေးက ခါတ်ပုံစားတယ်နော်၊ မင်းသမီးလုပ်ဖို့တောင် ကောင်းနေပြီ"

"မေမေ့ဓာတ်လမ်းမှာ သမီး မင်းသမီးလုပ်နေရတယ် မဟုတ်လား၊ ဒါပေမယ့် သမီး အဲဒီအလုပ်ကို ဆက်မလုပ်ချင်တော့ဘူး မေမေရာ၊ ဟန်ဆောင်ပန်ဆောင်နဲ့ တမင်ကြီးလုပ်ရတာ သမီး စိတ်ပင်ပန်းလိုက်တာ"

ညည်းညည်းညူညူလေး ပြောနေသော ချမ်းမြေ့သူအား မြတ်သက်မွန်က မျက်နှာထိမျက်နှာထားဖြင့် ကြည့်လိုက်သည်။

"မဖြစ်ဘူး၊ ဆက်လုပ်ရမယ်၊ ဓာတ်လမ်းပြီးတဲ့အထိ သမီးဆက်လုပ်ရမယ်၊ မြတ်သက်မွန်ရဲ့သမီးကို



ကျွန်တော်သံယောဇဉ်ဖြစ်နေရပါပြီဗျာ၊ ကျွန်တော့်ဘဝဟာ မြတ်သက်မွန်ရဲ့ သမီးလေး ချမ်းမြေ့သူပါလို့ပြောလာတဲ့အထိ သမီး ဆက်လုပ်ရမယ် ဟုတ်လား"

မိခင်ဖြစ်သူ အရမ်းခံစား စိတ်ထက်သန်နေပုံကိုကြည့်ပြီး ချမ်းမြေ့သူ ဇွတ်မငြင်းရဲပြန်။

မျက်နှာငယ်လေးဖြင့် မိခင်အားမော့ကြည့်ရင်း

"ဟုတ်ကဲ့ပါ မေမေ"

ဟု ပြောလိုက်လေသည်။

သမီး၏မျက်နှာ ညှိုးငယ်ပုံကိုမြင်တော့လည်း မြတ်သက်မွန် စိတ်မကောင်းဖြစ်ရပြန်၏။

ကွယ်လွန်သွားရှာပြီဖြစ်သော သမီး၏ဖခင် ကိုဝင်းအောင်၏မျက်နှာကို ဖျတ်ခနဲမြင်ယောင်၏။

"သမီး ရေချိုးလိုက်ဦးမယ် မေမေ"

အင်း . . . အင်းဟုပြောရင်း ညှော်ခန်းမှထွက်သွားသော သမီးငယ် ချမ်းမြေ့သူ၏ကျောပြင်ကို ကြည့်

လျက် ပင့်သက်တစ်ခု ဟင်းခနဲနေအောင် မြတ်သက်မွန် ချမိသည်။

မတရားတဲ့မိန်းမ ငါ ဖြစ်နေပါသလား။

ဝမ်းနဲ့မလွယ်ရလို့ ကိုယ့်ရဲ့သမီးအရင်းမဟုတ်လို့ ကိုဝင်းအောင်ရဲ့သမီးဖြစ်နေလို့ တမင်ကြီး အနိုင်ယူ နှိပ်စက်နေသလို ဖြစ်နေမလား။

မဖြစ်ဘူး။

မဖြစ်ဘူး။

ဇမောင်မောင့်ကြောင့်ပဲ၊ မုဆိုးဖို ကိုဝင်းအောင်ကို ငါ လက်လပ်လိုက်ရတာ၊ မောင်သာ ငါ့ရှေ့က မားမဟ်မတ်ရပ်မယ်ဆိုရင် ကိုဝင်းအောင်နဲ့ငါ ဆုံစည်းစရာ လမ်းမရှိဘူး။

အမှန်က တရားခံက မောင်မောင်ပဲ။

ငါ စိတ်ညစ်ခဲ့ရတာတွေ မွန်းကြပ်ပိတ်လှောင်ပြီးနေခဲ့ရတဲ့ ငါ့ရဲ့ဒုက္ခတွေကို မောင်မောင် ပြန်ခံစား



ရမယ်။

အမုန်စိတ် . . .

မာနစိတ် . . .

နှစ်ခုကြားမှာ မြတ်သက်မွန် စီးမျောနေသည်။

မိခင်ရင်းအဖြစ် တွယ်တာနေပါသော ချမ်းမြေ့သူ၏နှလုံးသားလေးကို သူ၏အမျက်မာန ခြေဖဝါးအောက်တွင် နင်းခြေမိသလို ဖြစ်နေပြီလား။

သမီးငယ်အပေါ် သက်သက်အနိုင်ယူသလို ဖြစ်နေပြီလား။

ဆန်းစစ်မှု မပြုချင်တော့။

မောင်မောင့်ကို အနိုင်ရရှိရန် ချမ်းမြေ့သူကို အသုံးချရပေဦးမည်ဟု ခိုင်မာစွာ သူ ဆုံးဖြတ်ဖြစ်၏။

## ၂၀။

"ဦးမောင်"

တံခါးကို လက်ညှိုးလေးနှင့် တဒေါက်ဒေါက် ခေါက်ပြီးမှ သူ့ကို ခေါ်လိုက်ခြင်းဖြစ်သည်။

သူ မော့ကြည့်လိုက်ပြီး အခန်းဝမှ ပြုံးချိုသော မျက်နှာလေးဖြင့် ရပ်နေသော ချမ်းမြေ့သူအား တွေ့လိုက်ရ၍ အံ့အားသင့်သွား၏။

''သမီး ဝင်ခဲ့မယ်နော် ဦးမောင်''

''ဝင်ခဲ့ သမီး''

ကလေးမလေး၏မျက်နှာကို ရွှန်းဝင့်စွာ သူ ပြုံးကြည့်သည်။

ဖြူသွယ်သော ကိုယ်လုံးလေးနှင့် ဆံပင်ရှည်ရှည် လေးများကို ကြည့်ရင်း အတိတ်ဆီက မြတ်သက်မွန်၏ ပုံသဏ္ဌာန်ကို မြင်ယောင်နေ၏။

မျက်နှာကျပုံကတော့ အဖေနှင့်တူသွားသည်ထင်ရဲ့။

ဘယ်လိုပဲဖြစ်ဖြစ် သည်ကလေးမကို မြင်ရသည်နှင့် သူ့ရင်ထဲမှာ ချမ်းမြေ့အေးငြိမ်းသွားရသည်ချည်းဖြစ်သည်။

နာမည်နှင့်လိုက်အောင်ပင် မြင်သူတကာကို ချမ်းမြေ့စေသော ချမ်းမြေ့သူပါပေ။

''သမီး . . . ဦးမောင်ကို ပြောစရာရှိလို့''



မလုံမလဲစိတ်များဖြင့် မျက်လွှာကိုချထားသော ကလေးမ၏အမူအရာကိုကြည့်ပြီး သူ့နှုတ်ခမ်းမလည်းစွာ မေးလိုက်သည်။

''ဦး . . . ဘာကူညီရမလဲ ချမ်းမြေ့''

''သမီး ပြောချင်တာတွေအများကြီး၊ ဘယ်က စပြောရမှန်းမသိလို့''

''ပြောချင်တဲ့အကြောင်းအရာကို ပြောချင်တဲ့ နေရာကစပြီးပြော ချမ်းမြေ့''

''မေမေ့ကို ဦးသိပါတယ်နော်''

အကဲခတ်ဟန် အမူအရာလေးဖြင့် ကြည့်ရင်း မေးသည်။

''သိပါတယ်ကွယ်၊ ချမ်းမြေ့ရဲ့မေမေက၊ ဦးတို့နဲ့ကျောင်းနေဖက်တွေပဲ၊ တက္ကသိုလ်မှာ အတူတူတက်ခဲ့ကြတာ သိတာပေါ့''

''မေမေ့ကို ဆရာ ဘယ်လိုမြင်လဲဟင်''

"ဘာကိုလဲ ချမ်းမြေ့"

"ဟိုလေ၊ မေမေ့ရဲ့နှလုံးသားအပိုင်းနဲ့ ပတ်သက်လို့"

"နူးညံ့သိမ်မွေ့ပျော့ပျောင်းတဲ့ အမျိုးသမီးတစ်ယောက်ပဲ"

"ဟုတ်လား . . . ဦးရယ်"ဟု ပြောပြီး ဖျတ်ခနဲကြည့်လိုက်သော ချမ်းမြေ့သူ၏ မျက်ဝန်းအကြည့်တွင် ဆွဲငင်အားတစ်ခု ကပ်ငြိပါလာသည့်နှယ် မင်းမောင်မောင် ခံစားရသည်။

ချမ်းမြေ့သူက သူ့ရင်ထဲတွင် ဖြစ်တည်နေရသော အကြောင်းအရာများကို ဖွင့်ဟပြောဆိုသွားသော အခါ ဦးမင်းမောင်မောင်၏ရင်တွင် ကရုဏာစိတ်၊ ယူကြုံးမရစိတ်၊ ကြေကွဲရသောစိတ်များ ဖြစ်ထွန်းပြီးမှ အေးငြိမ်းမှုကို ရသွား၏။

ချမ်းမြေ့သူသည် စိတ်ကူးယဉ်အိပ်မက်လေး



တစ်ခုကို ဖွင့်ဟသွန်သွားခြင်း မဖြစ်ရာ။

ယုံချင်စရာကောင်းသော ပုံပြင်လေးတစ်ပုဒ်ကို ဖတ်ကြားသွားခြင်းလည်း မဖြစ်ရာ။

ယုံကြည်လက်ခံစရာ အကြောင်းတွေရှိနေသည်။

ထိုအကြောင်းအရာများနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဟမပြောရန်လည်း သူ့ထံ ကတိတောင်းသွားခဲ့သည်။

တစ်ခါတစ်ရံ ဝင်းသိန်းကို ဖွင့်ဟပြောမည်ဟု စိတ်ကူးကြံရွယ်ဖြစ်သော်လည်း စိတ်ကူး၏နောက်တွင် ချမ်းမြေ့သူကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဟ မပြောဆိုပါဟု ပေးထားသောကတိက ရှိနေသည်ဖြစ်ကြောင်း၊ မိမိဘာသာ သိထားသဖြင့် ချိုးနှိမ်ခဲ့ရသော ရက်များတို့ မနည်းတော့။

နောက်ပိုင်းများတွင် ချမ်းမြေ့သူသည် ဝတ္ထု

ကိစ္စဖြင့်လည်းကောင်း၊ ကဗျာရေးချင်သော ကိစ္စများဖြင့်လည်းကောင်း ရောက်လာတတ်သည်။

ထိုအခါများ၌ နှစ်ဦးသားတိုင်ပင် ဆွေးနွေးဖြစ်ကြသည်။

ထိုနေ့က ချမ်းမြေ့သူ ရောက်လာသည်ကတော့ ခါတိုင်းလို ဝတ္ထုအကြောင်း၊ ကဗျာအကြောင်း ဆွေးနွေးဖို့မဟုတ်တော့။

ချမ်းမြေ့သူသည် ခါတိုင်းထက်ပို၍ လှပနေသည်ဟုထင်ရအောင်ကို မျက်နှာမှာလည်း ရောင်စုံခြယ်သထား၏။

"ဦးမောင်၊ ဒီနေ့ သမီးနဲ့လိုက်ခဲ့နော်"

"ဟင် . . . ဘယ်သွားမလို့လဲ"

"ယုဇနပလာဇာမှာ ဈေးဝယ်မလို့"

"ဒါများ သမီးရယ်၊ တခြားမိန်းခလေးဖော် ခေါ်သွားပေါ့"

"ဟင့်အင်း၊ ဦးမောင်နဲ့မှ သွားချင်လို့ပါ"

"လိမ္မာပါတယ် ကလေးရယ်၊ တခြားတစ်ယောက်ယောက်ကို ခေါ်သွားပါ"

ချမ်းမြေ့သူ နှုတ်ခမ်းလေးစူလိုက်လေ၏။

"ဦးမောင်နော်၊ သူများစိတ်ဆိုးအောင် မလုပ်နဲ့၊ ဦးမောင်နဲ့ပတ်သက်ပြီး ပြောစရာလည်းရှိလို့"

"ဒီမှာ ပြောလို့မရဘူးလား"

"ဟင့်အင်း"

ချမ်းမြေ့သူ၏ ကလေးဆိုးမလေး အမူအရာကို ကြည့်ပြီး မင်းမောင်မောင် မလိုက်လို့မရဘူးဆိုတာ သိသွား၏။

"ဘယ်တော့သွားမှာလဲ"

"ခုလေ"



"စောစောစီးစီးပါလား"

"ဒီနေ့ ဦးဝင်းသိန်း အလုပ်ကိစ္စနဲ့ ပဲခူးသွားနေတော့ သမီးလည်းအားနေတယ်လေ၊ လာ . . စောစောသွားတော့ နေမပူဘူး၊ ပူလည်းမများဘူး"

"ကဲ . . . ဒါဆိုလည်း သွား . . . သွား"

မင်းမောင်မောင် တိုက်ပုံအင်္ကျီကောက်စွပ်၏။

"ဟာ . . . ပုဆိုးနဲ့တိုက်ပုံဖက်ရှင်တွေက ဦးမောင်ကို အိုမင်းရင့်ရော်စေတယ်၊ ဒီအင်္ကျီလက်ရှည်နဲ့ပဲ ကောင်းပါတယ်"

ကလေးမလေးအလိုကျပင် သူ လိုက်လျောရသည်လေ။

ချမ်းမြေ့သူကိုယ်တိုင် မောင်းသောကားပေါ်မှ တိုင်လိုက်ရင်း သူ နုပျိုစဉ်ကာလက မြတ်သက်မွန်နှင့် ဒီလိုပဲသွားလာခဲ့တာကို သတိရကာ ရင်မှာတသက်သက် ခံစားနေရသည်။

ချမ်းမြေ့သူ၏ကိုယ်ပေါ်မှ အကောင်းစားရေမွှေး နံ့က သင်းသင်းလေးလွင့်လာ၏။

ဒီကလေးမ ကားမောင်းအရမ်းကြမ်း၏။

လျင်လိုက်တာလည်း မပြောနှင့်။

"ဖြည်းဖြည်းမောင်း သမီး"

"ဟာ . . . ဦးမောင်က ကြောက်တတ်လို့လား

ဒါလောက်လေး မောင်းတာများ၊ တစ်နာရီ မိုင်ငါးဆယ်နှုန်းပါ''

''ကားဆိုတာ မြန်မြန်မောင်းလေ အန္တရာယ်များလေပဲ၊ မြို့ထဲမှာမို့ မိုင်နှုန်းလျှော့မောင်းလေ ကောင်းလေပဲ''

''ခစ် . . . ခစ် . . . ခစ်''

ချမ်းမြေ့သူရယ်၏။

လုစ်ခနဲကွေ့၊ ဖျတ်ခနဲရှောင်နှင့် တကယ်အသည်းတုန် ရင်တုန်အောင် လုပ်သည့်ကောင်မလေး။

ယုဇနပလာဇာကျတော့လည်း အနှံ့လျှောက်သွားနေသဖြင့် သူ စိတ်မရှည်ချင်တော့။

ပြီးတော့ . . .

လူကြည့်ခံရတာကို သူ စိတ်ညစ်တာပင်။

အများသူငါ မိန်းကလေးတွေထက် ချမ်းမြေ့သူ၏အလှက ထင်းခနဲဝင်းခနဲ ဖြစ်နေသည်မဟုတ်လား။



အသားကလည်း နှင်းနှစ်ရောင်လိုလှပသည်၊ အရပ်က ငါးပေလေးလက်မမို့ ရှည်ရတဲ့အပြင် ဖိနပ်အမြင့်ကြီးကလည်း စီးထားလိုက်သေး။

ဆံပင်အရှည်ကြီးက တင်ပါးထိအောင်ရှည်သည်။

နှစ်ဖက်ခွဲပြီး ဘယ်ညာနားရွက်အထက်နားမှ ဖဲကြိုးလှလှလေးဖြင့် စည်းထားသည်။

မော်ဒယ်စိမ်းရယ်ဒီမိတ် ကိုယ်ကြပ်အင်္ကျီကို ပိုးသားလိုနက်ပြောင်နေသော ထဘီစကပ်နှင့် တွဲဝတ်ထားတော့ ပို၍လူကြည့်ချင်အောင် ဆွဲဆောင်ထားသလို ရှိ၏။

''ဦးမောင်အတွက် အင်္ကျီဝယ်ပေးမယ်''

''ဟာ . . . မလုပ်ပါနဲ့''

''ဒီနေ့ ဦးမောင်ရဲ့မွေးနေ့လေ၊ အဲဒီအတွက် ချမ်းမြေ့က လက်ဆောင်ဝယ်ပေးမှာ၊ အဲဒီအင်္ကျီကို ခဏ

ခဏဝတ်ရမယ်နော်''

သူ ရင်တွေခုန်သွား၏။

''ဦးမွေးနေ့ကို သမီးသိနေတယ် ဟုတ်လား''

''သမီးက မေမေ့သမီးလေ၊ မေ့သွားပြီလား ဟင်း . . . ဟင်း၊ ဦးနဲ့ပတ်သက်ပြီး မေမေပြောပြတာ တွေအားလုံး မှတ်ထားတယ်''

''ဩော် . . . ဒီလောက်တောင်ပဲလား''

သူ ညည်းညည်းတွားတွားလေး ပြော၏။

''ဦးမောင်က အဖြူရောင်လက်ရှည်တွေချည်း ဝတ်တာ၊ တစ်ခါတလေ အရောင်လှလှလေးတွေကို လူကို နုသွားအောင် လုပ်စမ်းပါ''

မင်းမောင်မောင်အတွက် ရှပ်အင်္ကျီကို ချမ်းမြေ့ သူကိုယ်တိုင် ရွေးပေးသည်။

စပို့ရှပ်ဝတ်ပါလား ဦးမောင်၊ ဟောဒီအသား ရောင်လေးရယ်၊ ဆင်စွယ်လေးရယ် ဦးမောင်နဲ့လိုက် တယ်၊ ဝတ်ကြည့်စမ်း နုသွားစေရမယ်''



ဆင်စွယ်ရောင်ကော်လံနှင့် စပို့ရှပ်တစ်ထည်ပဲ သူ လက်ခံယူလိုက်၏။

''ပုဆိုးတစ်ထည်ယူဦး၊ ဒါမှဝမ်းဆက်၊ ပုဆိုး လည်း သမီးရွေးပေးမယ်''

ပုဆိုးဝယ်ပြီးတော့ ယုဇနပလာဇာအပေါ်ထပ် မှာပင်ရှိသည့် စားသောက်ဆိုင်သို့ဝင်ခဲ့ကြ၏။

''ဟိုလျှောက်ဒီလျှောက်နဲ့ ဝယ်လို့မပြီးနိုင်တော့ ဘူး၊ ကိုယ်ဖြင့် ဗိုက်တွေတောင်ဆာပြီ''

''ဒါကြောင့် ဦးမောင်ကို အဝကျွေးမယ်လေ''

''မလုပ်ပါနဲ့၊ ကိုယ်ကျွေးပါ့မယ်၊ ကိုယ့်မွေးနေ့ မဟုတ်လား''

''ဦးမောင်မွေးနေ့ပါတီတွေဘာတွေ မလုပ်ဘူး လား၊ ဦးမောင်ကြည့်ရတာ ကိုယ့်မွေးနေ့တောင် ကိုယ် သိမယ့်ပုံ မပေါ်ပါဘူး''

''သိပါတယ်၊ မွေးနေ့မှို မနက်စောစောက ဘုရား

သွားတယ်၊ ရွှေသက်နှံကပ်တယ်၊ ငါးစာခိုစာ ကျွေးတယ်၊ ဒီလောက်ပါပဲ၊ အခု သမီးကို မုန့်ကျွေးမယ်လေ''

''ဦးမောင်ကျွေးတာ သမီးမစားချင်ပါဘူး၊ သမီးကို မေမေမုန့်ဖိုးတွေ အများကြီးပေးလိုက်တယ်၊ စားသာစား၊ ထမင်းစားရအောင်''

ထမင်းကို ဘဲကင်၊ ကြက်သား၊ ချိုချဉ်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချိုတို့ဖြင့် မြိန်မြိန်ယှက်ယှက် စားလိုက်ကြသည်။

ထိုသို့ ချမ်းမြေ့သူနှင့်ဦးမောင်တို့ သွားလာလှုပ်ရှားမှုကို အရိပ်ပမာလိုက်ကြည့်နေသူ တစ်ယောက်ရှိသည်။

ထိုသူသည် မြတ်သက်မွန်ပင်ဖြစ်သည်ဆိုတာ ဦးမင်းမောင်မောင် မသိပေမယ့်၊ ချမ်းမြေ့သူသိနေလေသည်။

၂၁။

''မေမေ . . . ဘာတွေစဉ်းစားနေတာလဲ၊ သမီးခေါ်တာတောင် မကြားဘူး''

ချမ်းမြေ့သူ အိပ်ခန်းတွင်း ဝင်လာရင်း ပြောသည်။

''ဘာမှမဟုတ်ပါဘူး သမီးရယ်''

''ဒီနေ့ ဦးမောင်နဲ့သမီး ယုဇနပလာဇာကို

ရောက်တယ်။

"အင်း . . . ပြော၊ ပြော"

ပျက်လုပျက်ခင်ဖြစ်သွားသော မျက်နှာကိုပြင်ရင်း ပြောသည်။

"ဒီနေ့ ဦးမောင်မွေးနေ့ မဟုတ်လားလို့"

"ဟင် . . . သမီးက ဘယ်လိုသိလဲ"

"မေမေပဲ ပြောထားတာ၊ မေ့ပြီလား"

"ဟုတ်ပါရဲ့၊ မေမေပြောမိပါတယ်၊ သမီး အမှတ်မထင် ရှိမယ်ထင်လို့"

"သမီးက သေချာမှတ်ထားတာပဲ၊ ဒီနေ့ ဦးမောင်က သူ့မွေးနေ့မို့ တစ်ခုခုကျွေးမယ်ဆိုလို့ သမီးကလည်း စျေးဝယ်စရာရှိလို့ ခေါ်သွားတာ"

"သြော်"

"ဦးမောင်က သမီးကိုအလိုလိုက်တာ၊ ကမ္ဘာ့အံ့ဖွယ်ထဲတောင် ထည့်ဖို့ကောင်းတယ်"



ချမ်းမြေ့သူ၏ တက်ကြွရွှင်လန်းဟန်လေးကို မြတ်သက်မွန် အငေးသားကြည့်နေ၏။

"သည်နေ့ ယုဇနပလာဇာသွားတယ်၊ သမီး စျေးဝယ်တဲ့နောက်က တကောက်ကောက်လိုက်ပြီး အထုပ်တွေလည်း တပွေ့တပိုက်နဲ့၊ သမီးကို ဟိုကကြည့် သည်ကကြည့်နဲ့ ဦးမောင်ခမျာ မနေတတ်ပဲ ရှက်နေရှာတယ်၊ အလိုလိုက်တာကတော့ အရမ်းအလိုလိုက်တာ၊ ဟိုနေ့ကလည်း သမီးတို့ ရုပ်ရှင်ကြည့်ကြသေးတယ်"

"ဟုတ်လား၊ မေမေ မသိဘူး"

"မေမေ့ကို မပြောရသေးဘူး၊ အချိန်မရလို့၊ သမီးကို နေကြာစေ့လေးတွေ အခွံနွှာပြီးကျွေးတာ မေမေရေ၊ ဒီလိုလည်း ကြင်နာတတ်တယ်လေ"

မြတ်သက်မွန် မျက်ခုံးများကြုံ၍ သမီးဖြစ်သူအားကြည့်သည်။

"သမီးက ဦးမောင်ကိုတော့ ဒီလိုပိုင်တာမေမေ

ရဲ့ သမီး ဘာဆက်လုပ်ရမလဲ မေမေ''

''အင်း . . . မေမေ သမီးကိုပြောပြီးပြီပဲ၊ ဦးမောင်ကို မေမေ့ဆီမှာ သမီးကိုလာတောင်းတဲ့ အခြေအနေမျိုးထိ ရောက်အောင်လေ''

''အိုကေ''ဟု ချမ်းမြေ့ကပြောပြီး မြတ်သက်မွန်၏ ပါးနုဖွေးဖွေးလေးကို မွှေးမွှေးပေးလျက် ထွက်သွား၏။

ချမ်းမြေ့ထွက်သွားတော့ မြတ်သက်မွန် တစ်ယောက်တည်း အခန်းထဲတွင် ငေါင်ငေါင်ကြီးကျန်ခဲ့၏။

သမီးဖြစ်သူ ချမ်းမြေ့ပြောသွားသော စကားများကို မကြားချင်တော့။

အထူးသဖြင့် မောင်နှင့်သမီး ချမ်းမြေ့တို့ ရုပ်ရှင်ကြည့်တာမျိုး၊ ဈေးဝယ်ထွက်တာမျိုး အကြောင်းများကို မကြားချင်တော့။

မကြားချင်တော့ဆိုသည်ထက် နှလုံးသားက



ကြားနိုင်သည့်စွမ်းအားတို့ မရှိခြင်းသာဖြစ်သည်။

မောင့်ကို စိမ့်ပျောက်လျက် နာကျည်းနိုင်စွမ်းရှိပြီဟု အထင်ရှိခဲ့မှုများသည် ယခုအချိန်အခါတွင် မှားယွင်းလျက်ရှိကြောင်းကို သူ့ကိုယ်သူ သိလိုက်ရသည်။

ဘာပဲဖြစ်ဖြစ် တစ်ချိန်တစ်ခါဆီက ရှုံးနိမ့်မှုများအတွက်ကိုတော့ မောင့်အား ပြန်လည်ပေးဆပ်ရမည်။

သူ့ကို တန်ဖိုးမထားစွာ မောင်သည် လျစ်လျူရှုခဲ့သည်။

သို့သော် သူခံစားခဲ့ရသည့် မောင်လည်း သူ့လိုခံစားရစေမည်ဟု ရင်ထဲတွင် ဆုံးဖြတ်ထားမှုများကို မပြင်ချင်တော့။

သုဘဒ္ဒါအမုန်းမျိုး၊ သုဘဒ္ဒါနှလုံးသားမျိုးဟု အမည်တစ်ခုခု ပေးချင်လည်းပေးပါစေတော့၊ ကျွန်မရှင့်ကို အနိုင်ရအောင် ယူမယ်သိလားဟု ရင်ထဲတွင် ပြောဖြစ်ခဲ့ရသည်။

## ၂၂။

"မေမေ၊ ဒီနေ့ ကုမ္ပဏီက အင်ဂျင်နီယာ ကိုမျိုးအောင် မင်္ဂလာဆောင်ည်ခံပွဲရှိလို့ သမီးသွားရမယ်၊ ဇာပန်းရောင် ဝတ်မှာမို့ ပတ္တမြားဝမ်းဆက်ဝတ်ချင်တယ် မေမေ"

မြတ်သက်မွန်သည် စာရင်းစာအုပ်ကို ပိတ်လိုက်ပြီး မျက်မှန်ကိုချွတ်၍ အဝတ်နှင့်သုတ်သည်။

ပြီးမှ စားပွဲပေါ်တင်ထားသော ပိုက်ဆံအိတ်ထဲ

မှ သော့ကို နှိုက်ယူ၏။

"ရော့ . . . သမီး၊ ကြိုက်တာဝတ်၊ ပတ္တမြားနဲ့ စိန် တွဲလုပ်ထားတာလည်း ဝတ်လို့ရတာပဲ၊ ပစ္စည်းတွေကို သေချာပြန်သိမ်းနော်"

"ဟုတ်ကဲ့ပါ မေမေ၊ ကျေးဇူးပဲ"

"သားအမိချင်းကိုများ ကျေးဇူးတင်နေရသေး မိန်းကလေး"

မီးခံသေတ္တာသော့ကို မြှောက်ကစားရင်း ချမ်းမြေ့သူ အပေါ်ထပ်ရှိ မိခင်ဖြစ်သူအခန်းထဲ ဝင်ခဲ့သည်။

မီးခံသေတ္တာကို ဖွင့်လိုက်သည်။

"ဟင် . . . ပိုက်ဆံတွေ အများကြီးပဲ၊ မေမေ ဘဏ်ကို မပို့ရသေးဘူးနဲ့တူတယ်"

လက်ဝတ်လက်စားတွေ ထည့်သောအဆင့်မှာ ရတနာဗူးလေးတွေ အများကြီးဖြစ်၏။

မြတ်သက်မွန်က ရွှေတွေစုဆောင်းတတ်သည်။



မိဘဘိုးဘွားလက်ထက်ကတည်းက လက်ဝတ်လက်စားတွေကိုလည်း တန်ဘိုးထားစွာနှင့် ထုခွဲရောင်းချခြင်းမပြုခဲ့။ အပျိုဘဝတုန်းကလည်း မိခင်ဖြစ်သူက မြတ်သက်မွန်အား ရွှေထည်ပစ္စည်း လက်ရာကောင်းကောင်း ပုံဆန်းဆန်းလေးတွေ မကြာခဏ လုပ်ပေးခဲ့သလို ဦးဝင်းအောင်နှင့် လက်ထပ်ပြီးတော့ လည်းလက်ဝတ်လက်စားတွေ အများကြီးရခဲ့သည်။

ချမ်းမြေ့သူက ရတနာ့ပစ္စည်းဝမ်းဆက်များ ထည့်ထားသည့် သေတ္တာလေးကို ဖွင့်လိုက်၏။

ရတနာပစ္စည်း ဝမ်းဆက်တွေ ထည့်ထားတာ သူ့အဆင့်နှင့်သူ စနစ်ကျ၏။

"ပတ္တမြားဝမ်းဆက်က နှစ်မျိုးတောင်၊ နှစ်မျိုးစလုံး ဝတ်ပစ်လိုက်ဦးမှ၊ အဲ . . . စိန်နဲ့ပတ္တမြားတွဲထားတာကလည်း ရွှေနန်းတော်က နောက်ဆုံးပုံဆန်းလုပ်ထားတာ၊ အဲဒါလေး ဝတ်မယ်"

စိန်နှင့်ပတ္တမြား တွဲလုပ်ထားသည့် ဘယက်ကြိုး၊ လက်ကောက်နှင့် နားကပ်ဖမ်းဆက်ကို ထုတ်ယူ၏။

ပစ္စည်းတွေကို သူ့အတိုင်း နေသားတကျပြန်ထား၏။

ထိုစဉ် အပေါ်ဆင့်မှ ငွေစက္ကူများ အထပ်လိုက်ပြုကျလာသည်။

"ဩော် . . . ဒီပိုက်ဆံတွေကလည်း"

ပိုက်ဆံထုပ်တွေကို ပြန်တင်ပါမှ ပို၍ပြိုလဲသွား၏။

"တယ် . . ."

ပိုက်ဆံတွေ ဖရိုဖရဲဖြစ်နေသဖြင့် ပြန်စီရန် အားလုံးကို သေတ္တာထဲမှထုတ်၍ စားပွဲပေါ်ချလိုက်၏။

အထဲမှ စာအိတ်ညိုအရှည်ကြီး လျှောခနဲ ထွက်ကျလာသည်။

"ဟင် . . . စာချုပ်တွေ"



စပ်စုချင်သည့်ဥာဉ်ကြောင့် ဘာရယ်မဟုတ် စာချုပ်ပါအကြောင်းအရာတွေကို ဖတ်ကြည့်မိလိုက်၏။

ရင်ထဲမှာ တဒိန်းဒိန်းမြည်လာသည်လား ထင်ရအောင် အခုန်မြန်လာ၏။

စာချုပ်တစ်ခုဖတ်ပြီး နောက်ထပ်စာချုပ်တွေပါ ဖတ်ချင်လာ၍ ကမန်းကတန်းဖတ်ကြည့်၏။

ရင်ထဲမှာ ငိုချင်လာသလိုဖြစ်လာ၏။

တစ်ယောက်ယောက်ကို ဒေါသဖြစ်လာသလို၊ မိမိကိုယ်မိမိပဲ စိတ်တိုသလို၊ ဘာရယ်မသိတဲ့စိတ်သည် ချမ်းမြေ့သူကို နှိပ်စက်ပါလေသည်။

မီးခံသေတ္တာထဲသို့ စာချုပ်များ၊ ငွေများပြန်ထည့်ပြီး ချမ်းမြေ့သူသည် သူ့အခန်းထဲဝင်၍ ငိုနေမိတော့သည်။

သူ မထင်မှတ်သောအဖြစ်၊ မမျှော်လင့်သောအကြောင်းအရာတို့ကို ရင်ထဲမှာ ယုံကြည်ဖို့လက်မခံနိုင်။

ချမ်းမြေ့၏ဖေဖေ ဦးဝင်းအောင်က ချုပ်ပေးခဲ့သော စာချုပ်များအရဆိုလျှင် ချမ်းမြေ့သည် ဦးဝင်းအောင်နှင့် ဒေါ်မေသူတို့မှမွေးသော သမီးဖြစ်ပြီး ဒေါ်မြတ်သက်မွန်သည် ချမ်းမြေ့နှင့်ဘာမှ မသက်ဆိုင်ပါလား။

ဖြစ်မှဖြစ်ရလေတယ်။

မေမေအရင်း ဘယ်သူဘယ်ဝါဆိုတာ ချမ်းမြေ့အခုမှသိရပါလား။

## ၂၃။

ဝင်းသိန်းကို သူပြောတော့ ဝင်းသိန်းက ခါးခါးသီးသီးငြင်းဆို၏။

"ဖြစ်ပါ့မလား မောင်မောင်ရာ၊ မြတ်သက်မွန်ရဲ့ အမုန်းအတေးတွေက ရောမတံတိုင်းကြီးဖြစ်နေပြီ"

"အဲဒီတံတိုင်းကြီးကို ငါ့ရဲ့နှလုံးသားမုန့်တိုင်းနဲ့ ဖြိုဖျက်မယ်၊ ငါ့ရဲ့မေတ္တာရေနဲ့ မွန်ရဲ့အမျက်တွေကို ဆေး

ကြောပစ်မယ်''

''မဖြစ်နိုင်ဘူး မောင်မောင်၊ ဘဝဆိုတာ ကဗျာ မဟုတ်ဘူး။ မိန်းမသားတစ်ဦးရဲ့ ရင်ထဲကအမျက်တွေကို မင်း ဘာနဲ့ချိန်တွယ်မလဲ၊ ဘာနဲ့တိုင်းမလဲ၊ ဘယ်လောက် သိပ်သည်း နက်ရှိုင်းနေတယ်ဆိုတာကို မင်းမှန်းဆလို့ရပါ့ မလား''

''အဲဒါတွေ ငါ့ မတွက်စစ်ချင်တော့ဘူး။ မွန်း အပေါ်မှာထားခဲ့တဲ့ ငါ့ရဲ့မေတ္တာခွန်အားကို ငါ ယုံကြည် တယ်၊ မျက်ရည်ဖြစ်ခဲ့ရတဲ့ သက်သေတွေအဖြစ် ပြန်လည် ရှင်သန်ချင်တယ်''

ပြောပြောပြီးပြီး အစီအစဉ်တွေရေးဆွဲတော့ ဝင်း သိန်းက မလိုက်လျောချင်။

နောက်ဆုံး၌ မတတ်သာတော့သဖြင့် ...

''အေးလေ ... မင်းနဲ့ငါ ဆိုးတူကောင်းဖက် ပဲဟာ၊ အဲဒီနေ့ကျရင် ငါလိုက်ခဲ့ပါမယ်''



''အဲဒီလိုလုပ်စမ်းပါ ဝင်းသိန်းရာ''

မင်းမောင်မောင် ဝမ်းသာစွာပြောလိုက်၏။

''မလွဲသာလို့သာ မင်းအလိုလိုက်ရတာ မောင် မောင်၊ မြတ်သက်မွန်နဲ့ တော့တော့ဆိုင်ဆိုင်ကြီး တွေ့ပြီး ချမ်းမြေ့သူကို လက်ထပ်ချင်တဲ့အကြောင်းပြောရင် မြတ် သက်မွန် ဘာဖြစ်သွားမလဲ၊ မင်းကို ဘယ်လိုတုန့်ပြန်မလဲ၊ အဆင်ပြေဖို့က နှစ်ဆယ့်ငါးရာ ခိုင်နှုန်း၊ အဆင်မပြေဖို့က ခုနစ်ဆယ့်ငါးရာခိုင်နှုန်း၊ အင်း ... ရင်လေးတယ်''

ဝင်းသိန်း ပြောပြီး စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ် ၏။

မင်းမောင်မောင်က ကျေနပ်စွာဖြင့် ဝင်းသိန်း ကိုကြည့်ရင်း ပြုံးသည်။

## ၂၆။

"သမီးရေ . . . အလုပ်မသွားတာ နှစ်ရက်ရှိပြီ၊ ဘာများအဆင်မပြေလို့လဲ၊ နေမကောင်းလို့လား"

ချမ်းမြေ့သူ၏နဖူးကို စမ်းရင်း မြတ်သက်မွန် မေးသည်။

သမီးလေးအား အရိပ်တကြည့်ကြည့်ဖြင့် ကြည့်နေခဲ့သူဆိုတော့၊ သမီးလေးမျက်နှာ ညှိုးနွမ်းတာ ချက်ချင်း

သိပြီး မနေတတ်တော့။

မှတ်မှတ်ရရ ရုံးမှမင်္ဂလာညှိခံပွဲက ပြန်ပြီး နောက်တစ်နေ့ကစ၍ ချမ်းမြေ့သူ မျက်နှာမကြည်လင်။

အမေဖြစ်သူကိုပင် စကားဟဟမပြော။

ဩော် . . . ဘယ်လိုများ ဖြစ်နေတာလဲ။

''သမီး မေမေ မေးနေတယ်လေ၊ ဘာဖြစ်လို့ အလုပ်မသွားတာလဲ''

ခေါင်းခါပြပြီး ထိုင်နေရာမှထ၏။

''နေပါဦး သမီးရယ်၊ သမီး တစ်ခုခုအကြောင်း တော့ရှိရမယ်၊ ဦးဝင်းသိန်းနဲ့ အဆင်ပြေရဲ့လား၊ သမီး ကို တစ်ခုခုဆူလိုက်လို့လား''

''မဆူပါဘူး၊ ဦးဝင်းသိန်းနဲ့ အဆင်ပြေတယ်''

''ဒါဆို ဦးမောင်နဲ့လား''

''တော်ပါ၊ မေမေက မေမေ့သမီးအရင်းမဟုတ် လို့ ခုလို သူစိမ်းယောက်ျားတစ်ယောက်ကို မြှူဆွယ်တဲ့



အလုပ်မျိုး လုပ်နိုင်းတာမဟုတ်လား မေမေ''

မထင်မှတ်သော စကားများကို သမီးချမ်းမြေ့ သူထံမှ ကြားလိုက်ရသောအခါ မြတ်သက်မွန် တစ် ယောက် သူ့နားကိုပင် သူမယုံချင်။

ချမ်းမြေ့သူ၏မျက်နှာကို အံ့ဩစွာစမ်းစွာ စိုက် ကြည့်လိုက်သည်။

တစ်ခါမှ မမြင်ဖူးခဲ့သော မျက်နှာအမူအရာသည် ချမ်းမြေ့သူ၏မျက်နှာပေါ်မှာ ထင်ဟပ်နေ၏။

ကြေကွဲခြင်း၊ ဝမ်းနည်းခြင်းတွေဖြင့် ချမ်းမြေ့သူ သည် မြတ်သက်မွန်အား ကြည့်ရင်းမှ မျက်ရည်တွေစီးကျ လာသည်။

''ဘယ်သူပြောလဲ၊ သမီးဟာ မေမေ့သမီးပါ''

မြတ်သက်မွန်က မပွင့်တပွင့်လေသံဖြင့် မဝံ့မရဲ စကားတို့ကို ပြောလိုက်မိသေး၏။

''ဘယ်သူမှမပြောဘူး၊ ချမ်းမြေ့ကိုယ်တိုင်သိ

တာ၊ မေမေရဲ့မီးခံသေတ္တာ အောက်ထပ်စာချုပ်တွေထဲမှာတွေ့တာ၊ ဖေဖေရေးပေးတဲ့စာတွေကိုလည်း ဖတ်ရတယ်''

မြတ်သက်မွန် ဆောက်တည်ရာမရအောင်ယောက်ယက်ခတ်သွားသည်။

''ပြောပါ မေမေ၊ ချမ်းမြေ့ဟာ မေမေ့ရဲ့သမီးအရင်းမဟုတ်ဘူးဆိုတာ''

''မေမေ မလိမ်ညာချင်ပါဘူး၊ သမီးကို မေမေဝမ်းနဲ့လွယ်မမွေးခဲ့ရပေမယ့် သမီးအရင်းလို ချစ်ခဲ့တာပါကွယ်''

''သမီးအရင်းလိုချစ်ခဲ့လို့ပဲပေါ့ မေမေရယ်၊ ဒါကြောင့် ဦးမောင်နဲ့မေမေတို့ရဲ့ အတိတ်ကဖြစ်ရပ်အတွက် ချမ်းမြေ့ကို အသုံးချလိုက်တာပေါ့''

''အဲဒီအတွက် မေမေ တောင်းပန်ပါတယ်၊ သမီးဦးမောင်နဲ့ပတ်သက်ပြီး ဘာမှမလုပ်နဲ့တော့၊ သမီးကို



မေမေ ဒီလိုမခိုင်းရက်တော့ဘူး''

''ဩော် . . . ခုမှ''

''တကယ်ပြောတာပါ သမီး၊ မေမေ့သမီးလေးကို မေမေစိတ်ဒေါသကြောင့် ခိုင်းသာခိုင်းရတာယ်၊ မေမေ့ကိုယ့်မေမေ မကျေနပ်ပါဘူး၊ မေမေမှားတယ်၊ ဒီကိစ္စမေမေ သမီးကို အသုံးမချသင့်ဘူး''

''ခုမှ မေမေကပြောတာ၊ သမီးက စက်ရုပ်မဟုတ်ဘူး မေမေ၊ နှလုံးသားနဲ့ သံယောဇဉ်နဲ့ ခံစားမှုနဲ့၊ ဦးမောင်ကို သမီးမေ့လို့မရတော့ဘူး၊ မပတ်သက်လို့မရတော့ဘူး''

''မဟုတ်တာကွယ်''

''ဖြူစင်မှုနဲ့ ပေးဆပ်ခဲ့တဲ့ ဦးမောင်ရဲ့အပျော်ကမ္ဘာလေးကို သမီး မဖျက်ဆီးချင်ဘူး၊ မေမေပြတ်နိုင်းလည်း သမီး ဦးမောင်ကို မပြတ်နိုင်ဘူး''

''သမီးရယ်''

''ဟုတ်တယ်၊ အခု ဦးမောင်ကလည်း မေမေ့ဆီမှာ သမီးကိုလာတောင်းမလို့''

''ဘာ''

မြတ်သက်မွန်၏အသံက အခန်းတစ်ခုလုံး ဟိန်းထွက်သွား၏။

မယုံကြည်နိုင်သလို အံ့ဩသလို ပြီးတော့ နှလုံးသားမှာ ဒီအကြောင်း လုံးဝလက်မခံနိုင်သလို ဖြစ်သွား၏။

''ဟုတ်တယ်၊ ဦးမောင်က သမီးကိုလက်ထပ်ချင်တယ်တဲ့၊ အဲဒါ ဦးမောင်ကို သမီး မေမေ့ဆီမှာ လာတောင်းဖို့ပြောလိုက်ပြီ၊ မေမေ့သဘောက''

''တော်တော့ ချမ်းမြေ့၊ မေမေ့ကို ဘာမှမပြောနဲ့တော့''

''အဲဒီလိုပြောပြီးတော့ ချမ်းမြေ့မေမေ ဘာဖြစ်သွားလဲ''

ချမ်းမြေ့သူ၏သူငယ်ချင်း ကေသီက သိချင်စိတ်စောလျက် မေး၏။

''ဘာဖြစ်ရမလဲ ကေကေရယ်၊ မေမေ ချုံးပွဲချငိုပြီး အခန်းထဲဝင်သွားတော့တာ၊ ထမင်းလည်းမစား၊ အပြင်လည်းမထွက်နဲ့၊ နှစ်ရက်ရှိသွားပြီ၊ ကြီးကြီးမေက ချော့မော့ပြီး အခန်းတံခါးဖွင့်နိုင်း၊ စားစရာ သောက်စရာတွေ ပို့ပေးတယ်လေ''

"ချမ်းမြေ့မေမေ ရှက်တာလား၊ နာကြည်းတာလား"

"နှစ်ခုစလုံး ဖြစ်မယ်ထင်တာပဲ"

"နှလုံးရောဂါဖြစ်ပြီး ဘာညာဖြစ်သွားမှဖြင့်"

"အေး . . . အဲဒါကိုတော့ ကျွန်မလည်း စိုးရိမ်တယ်၊ ငယ်ငယ်ကတည်းက အမေရင်းလို ပြုစုစောင့်ရှောက်ခဲ့တာ၊ ဒီစာချုပ်သာမဖတ်မိရင် အမေအရင်းလို့ပဲထင်မှာ"

"ဒီတော့ ရှင်ဘာဆက်လုပ်မလဲ ချမ်းမြေ့"

"မေမေနဲ့ဦးမောင်တို့ နှစ်ဦးနှစ်ဖက် ပြေလည်ပြီး ပေါင်းကြလေသတည်းဖြစ်အောင် လုပ်ပေးရမှာပေါ့"

"ဦးမောင်နဲ့ ချမ်းမြေ့မေမေက လက်ခံပါ့မလား"

"လက်ခံတဲ့ အတိုင်းအတာတစ်ခုထိ ရောက်အောင်တော့ ကြိုးစားရမှာပေါ့၊ မေမေနဲ့ဦးမောင်တို့ရဲ့



သမီးနဲ့တခြားစီပဲ၊ သမီးကဖြင့် သူ့အမေအကြောင်းအကုန်သိ၊ သူ့အမေရဲ့အရိပ်အကဲကိုလည်း သိလွန်းလို့ သူ့အမေနဲ့မောင့်ကြားမှာ အောင်သွယ်လုပ် ပေးတာပေါ့"

သူပြောတာ မွန် နားမလည်။

"ရှင် ဘာပြောတာလဲ"

"မွန့်စိတ်က မောင့်ကိုမမုန်းပဲ အတင်းမုန်းဟန်ဆောင်၊ အချစ်ကြီးလို့ အမျက်ကြီးပြီး မာယာများနဲ့ ပစ်ခိုင်းခဲ့တာလေ"

တဲ့တဲ့ကြီးပြောတော့လည်း မြတ်သက်မွန် သူ့အပြစ်ကို သူ မလုံ။

ရှက်အန်းအန်းမျက်နှာဖြင့် မင်းမောင်မောင် ပြောတာကို ငြိမ်သက်စွာ နားထောင်နေသည်။

"မာယာများနဲ့ပစ်ဖို့ နေနေသာသာ၊ သူ့အမေကိုလည်းသနား၊ မောင့်ကိုလည်း ဖခင်တစ်ဦးလို လေးစားကြည်ညိုပြီး အမေနိုင်းတာလုပ်ပေးချင်ဟန် ဆောင်ခဲ့တာ၊

ပြီးမှ သူ့ကိုလာတောင်းမယ်ပြောပြီး အမေ့ကိုလာတောင်းနိုင်းတာ၊ ရုတ်တရက် သူ့အမေ အံ့ဩဝမ်းသာစေချင်လို့ပါ”

“အို . . . သမီးရယ်”

မမျှော်လင့်သော အဖြစ်အပျက်။

သမီးချမ်းမြေ့သူက သူ့အပေါ် ဒီလောက်တောင် မေတ္တာထားပြီး စေတနာမိုး ဖြိုးဖြိုးစေရှာသည်တဲ့လား ကွယ်။

မင်းမောင်မောင်က မြတ်သက်မွန်၏ပါးပြင်ပေါ်မှ မျက်ရည်များကို သူ့အိတ်ထဲမှ လက်ကိုင်ပဝါဖြင့် တို့သုတ်ပေးသည်။

“မောင်တို့ မင်္ဂလာရက်လေးရွေးရအောင်၊ ပြီးတော့ သားသား၊ မီးမီးတွေနဲ့ ဘဝသစ်ထူထောင်ရအောင်”

မောင့်စကားကြောင့် မြတ်သက်မွန် ဦးစွာတုန့်

BURMESE CLASSIC .com



ပြန်မိသည်က မောင့်ရင်ခွင်ကျယ်ကျယ်ကို လက်သီး ဆုပ်လေးနှင့် ထုနှက်ပြီး –

“သွား . . . ဘယ်သူက ချစ်တယ်ပြောလို့လဲ”

“ဟောဗျာ၊ မေ့သွားပြီလား၊ ဟိုးလွန်ခဲ့သော နှစ်ပေါင်း (၂၀)ကျော်ကလေ၊ နှင်းဆီပွင့်လေး သက်သေပြုလို့ ဟောဒီမွန်လေးရဲ့ဆံကေသာမှာ ပန်ပြီး ချစ်ကြောင်းအဖြေပေးခဲ့တာ၊ ဖေဖော်ဝါရီ နှစ်ဆယ့်တစ်ရက် ဆိုတာ မမေ့သင့်ပါဘူးဗျာ”

“သိဘူး၊ ဒီလိုလူလည်ကျတာ အရမ်းမုန်းတယ် သိလား”

“သိဘူး”

မြတ်သက်မွန်၏ မျက်နှာပြင်တို့ ရှက်ပြုံးတို့ဖြင့် ပန်းသွေးရောင်သမ်းနေသည်။

“မွန် ပြည်ကိုသွားမယ်ဆိုတာ ဘယ်လိုသိလဲ၊ ဒေါ်ဒေါ်ပြောတာလား”

"မဟုတ်ဘူး၊ ချမ်းမြေ့ပြောတာ"

"ဟင်"

"မွန်က ဒေါ်ဒေါ့်ကိုစာပေးခဲ့တော့ ဖတ်ကြည့်ပြီး ချက်ချင်းပဲ ချမ်းမြေ့ကို ဖုန်းဆက်လိုက်တယ်၊ ချမ်းမြေ့က မောင့်ကိုပြောလို့ အငှားကားမောင်းတဲ့ ဒရိုင်ဘာ ယောင်ဆောင်ပြီး ခုလို မွန်လေးကိုခိုးခဲ့တာပေါ့"

"ဪ . . . သမီးရယ်၊ ကြည့်စမ်း ဒီကောင်မလေး ဉာဏ်နီဉာဏ်နက် တော်တော်များတယ်"

"ဘာပဲဖြစ်ဖြစ် မောင့်အတွက်တော့ သမီးက အားကိုးရဟာပဲ၊ တကယ်သမီးအရင်းလေးလို မောင်ချစ်သွားပြီ"

"တော်ပါ"

ပြောရင်းမှာ မွန် ရယ်လိုက်၏။

မွန်နှင့်မောင်တို့ ရယ်မောသံများက လယ်ကွင်းပြင်အနှံ့ ပျံ့လွင့်သွားပါတော့သည်။



BURMESE CLASSIC

ခုတော့ . . .

မာယာများလေး ပစ်ခွင်းစရာ အသည်းမရှိတော့။

မာယာများလေး ကျိုးပဲ့သွားပြီ ဖြစ်လေသတည်း။

ရှင်လန်းချမ်းမြေ့ကြပါစေ

တက္ကသိုလ်ယဉ်ယဉ်လှဲ့

BURMESE CLASSIC